ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

ကျောင်းသုံးစာအုပ်

# မြန်မာစာ

## ဆဋ္ဌမတန်း

၂၀၁၉ - ၂၀၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# မြန်မာစာ

## ဆဋ္ဌမတန်း

နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည်။

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၉ -၂၀၂၀

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ – ၁၆၉၁၉၃၂
၂၀၁၉–၂၀၂၀ ပညာသင်နှစ်

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

အလုပ်အမိန့်အမှတ် – /၁၉ ဖြင့်
မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း
( )ပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

# ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် မြန်မာစာဘာသာရပ်အကြောင်းနှင့် ယင်းဘာသာရပ်ကို လက်တွေ့ဘဝတွင် အသုံးချပုံများကို ပိုမိုနားလည်နိုင်စေမည့် အသိပညာ၊ ကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာရန် ဆရာ၊ အတန်းဖော်များနှင့်အတူ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်သင်ယူမည်။ ထို့အပြင် ပြဿနာအခက်အခဲများကို ဖြေရှင်းတတ်ရန်နှင့် စဉ်းစားတွေးခေါ်ဖန်တီးတတ်ရန် လေ့လာသင်ယူမည်။ အချို့စာသင်ချိန်များတွင် အဖွဲ့လိုက်လုပ်ဆောင်ကြပြီး အချို့စာသင်ချိန်များတွင် အတန်းလိုက် သို့မဟုတ် တစ်ဦးချင်း လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤဆဋ္ဌမတန်း မြန်မာစာဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိကအကြောင်းအရာများပါဝင်သည်။

### အပိုင်း–၁
### ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

စဉ် အမျိုးအစား

၁။ ကဗျာ

၂။ စကားပြေ

(၁) သုတရသစကားပြေ

(၂) ပုံပြင်

(၃) ဝတ္ထု

(၄) ပြဇာတ်

(၅) ရသစာတမ်း

၃။ အသုံးချဘာသာစကား(ဆိုရိုးစကား၊ စကားပုံ၊ ခိုင်းနှိုင်းစကား၊ သွယ်ဝိုက်စကား)

### အပိုင်း–၂
### မြန်မာသဒ္ဒါ

စဉ် အမျိုးအစား

၁ ။ နာမ်အစု

(၁) နာမ်

(၂) နာမ်စား

(၃) ကြိယာနာမ်

၂။ ကြိယာအစု

(၁) ကြိယာ

(၂) နာမ်ပေါင်းကြိယာ

(၃) ကြိယာထောက်

၃။ ဝါကျရိုး

(၁) ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါသော ဝါကျရိုးဖွဲ့နည်း

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ရာစု ကျွမ်းကျင်မှုများအဖြစ် ဆရာက အသုံးပြုသင်ကြားပေးမည်။

- ❖ ပူးပေါင်းဆောင်ရွက်ခြင်း- သင်ခန်းစာများ သင်ယူရာတွင် ကျောင်းသားကျောင်းသူများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး အတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။
- ❖ ဆက်သွယ်ပြောဆိုခြင်း- ဘာသာစကားသင်ခန်းစာများတွင်သာမက ဘာသာရပ်အားလုံးတွင် သင်ခန်းစာများကိုရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းနှင့် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ဆက်သွယ်ပြောဆိုခြင်းစသည့် ကျွမ်းကျင်မှုများဖွံ့ဖြိုးလာမည်။
- ❖ လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း- ဖြေရှင်းရန် စိတ်ဝင်စားဖွယ်ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့် တင်ပြခြင်း၊ အမှားများကို ရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့ ပြုလုပ်ရလိမ့်မည်။
- ❖ တီထွင်ဖန်တီးခြင်း- ဘောင်ခတ်ထားသည့် အခြေအနေထဲမှထွက်၍ တွေးခေါ်ခြင်းသည် အရေးပါသော ၂၁ရာစု ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ အတွေးအခေါ်သစ်များရရှိရန်၊ နည်းလမ်းသစ်များဖြင့်ပြဿနာများဖြေရှင်းရန် ကျောင်းသားကျောင်းသူများကိုပေးလိမ့်မည်။
- ❖ နိုင်ငံသားကောင်းဖြစ်ခြင်း - နိုင်ငံသားကောင်းဖြစ်ရန် ကျောင်းလူမှုအဖွဲ့အစည်းတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှုဖြေရှင်းခြင်းစသည်တို့ကို လေ့ကျင့်သင်ယူရမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

ဆဋ္ဌမတန်း၊ မြန်မာစာဘာသာရပ် ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားကျောင်းသူများသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်မည်။

သဒ္ဒါကိုသင်ကြားခြင်းဖြင့် နာမ်အစုတွင်ပါဝင်သော နာမ်၊ နာမ်စား၊ ကြိယာနာမ်နှင့် ကြိယာအစုတွင်ပါဝင်သော ကြိယာ၊ ကြိယာထောက်၊ နာမ်ပေါင်းကြိယာတို့အား ဝါကျ၌အသုံးပြုပုံကို သိလာမည်။ ကတ္တားပုဒ်နှင့် ကြိယာပုဒ် ပါဝင်သော ဝါကျရိုးများကို တည်ဆောက်တတ်လာမည်။ မြန်မာ့လူမှုဆက်သွယ်ရေးတွင် သဒ္ဒါ၏အရေးပါပုံကို စတင်သိရှိ၍ မှန်မှန်ကန်ကန်ပြောတတ် ရေးတတ်လာမည်။

ကဗျာကိုသင်ကြားခြင်းဖြင့် ကဗျာကို အဖြတ်အတောက်မှန်စွာ ရွတ်ဆိုတတ်လာမည်။ ကဗျာမှ အသံ၏အရသာကို ခံစားနှစ်သက်တတ်လာမည်။ ကဗျာအကြောင်းအရာကိုခံစား၍ စဉ်းစားဆင်ခြင်တတ်လာမည်။ ကဗျာကိုရွတ်ကာ ကဗျာအကြောင်းအရာကို ရှင်းပြနိုင်လာမည်။ ကဗျာအကြောင်းအရာကို မိမိစကားဖြင့် စကားပြေပြန်ရေးတတ်လာမည်။

သုတစကားပြေများ (ပုသိမ်ထီး၊ မြန်မာ့ဆိုင်းဝိုင်း၊ ဆင်ဝေါဟာရအသုံးအနှုန်း) တို့ကို ဖတ်ရှုခြင်းဖြင့် မှတ်သားစရာ ဗဟုသုတများကို ရှာဖွေမှတ်ယူတတ်လာမည်။ သုတ၏တန်ဖိုးကို သိလာမည်။ လက်တွေ့ဘဝတွင် အသုံးချလာနိုင်မည်။ သုတရသစကားပြေဖြစ်သည့် အတ္ထုပ္ပတ္တိများကိုဖတ်ရှုခြင်းအားဖြင့် အတ္ထုပ္ပတ္တိရှင်များ၏ ဘဝအတွေ့အကြုံများနှင့် ကြိုးစားအားထုတ်မှုများကို ဗဟုသုတအဖြစ်သာမက အတုယူအားကျစိတ်များပါ ရရှိလာနိုင်သည်။ ရသစကားပြေများ(ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း၊ သွယ်ဝိုက်စကား၊ ခိုင်းနှိုင်းစကား)ကို ဖတ်ရှုခြင်းအားဖြင့် ခံစားမှုများကို သဘာဝကျကျ၊ မှန်မှန်ကန်ကန် ခံစားတတ်လာမည်။ ခံစားမှုများမှ တစ်ဆင့် စဉ်းစားဆင်ခြင်တတ်လာမည်။ အမှားအမှန်ကို ဆုံးဖြတ်နိုင်လာမည်။ အသိတရားများ၊ သင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချတတ်လာမည်။

ဤကျောင်းသုံးစာအုပ်တွင် ကျောင်းသားကျောင်းသူများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးမည့် အောက်ပါကဲ့သို့သော သင်္ကေတများကို တွေ့ရလိမ့်မည်။

| | |
|---|---|
| ဖတ်ပါ | အိုင်စီတီ/အင်တာနက်ချိတ်ပါ |
| ရေးပါ | သူငယ်ချင်းတွေကိုပြောပြပါ |
| နားထောင်ပါ | ဆွေးနွေးပါ |
| စဉ်းစားပါ | မိမိအမြင် ရွေးချယ်နိုင်သောသင်ခန်းစာ/လေ့ကျင့်ခန်း |
| စဉ်းစားပြီးရေးပါ | အိမ်စာ |
| ရှာဖွေပါ | နှိုင်းယှဉ်ပါ/ယှဉ်တွဲပါ |

အောက်ပါကဲ့သို့ လေးထောင့်ကွက်များကလည်း ကျောင်းသား ကျောင်းသူများ၏လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးပါမည်။

| အဓိကအချက်များ | သင်သိခဲ့သောအချက်များ | အံ့သြဖွယ်အချက်များ | အကြံပြုချက်များ |
|---|---|---|---|
| • ---- | • ---- | • ---- | • ---- |
| • ---- | • ---- | • ---- | • ---- |

## မာတိကာ

## အပိုင်း–၁

## ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား


| စဉ် | အကြောင်းအရာ | အမျိုးအစား | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပိတောက်မယ် | အချိုးတွဲ(ကဗျာ) | ၁ |
| ၂။ | ရွှဲကုန်သည်နှစ်ဦး | ဇာတက(ပုံပြင်) | ၄ |
| ၃။ | ပုသိမ်ထီး | ဆောင်းပါး(သုတစကားပြေ) | ၇ |
| ၄။ | ကာတွန်းဆရာကြီးဦးဘဂျမ်း | အတ္ထုပ္ပတ္တိ(သုတရသစကားပြေ) | ၁၀ |
| ၅။ | လှည်းယဉ် | လေးဆစ်(ကဗျာ) | ၁၅ |
| ၆။ | သရဲခြောက်သည်ဆိုသောအိမ်ကြီး | ဝတ္ထု | ၁၈ |
| ၇။ | မြန်မာ့ဆိုင်းဝိုင်း | ဆောင်းပါး(သုတစကားပြေ) | ၂၂ |
| ၈။ | ကန်ပေါင် | တြိချိုးတွဲ(ကဗျာ) | ၂၆ |
| ၉။ | ပထမလူမှုဝန်ထမ်းအမျိုးသမီး ဒေါ်ဦးဇွန်း | အတ္ထုပ္ပတ္တိ(သုတရသစကားပြေ) | ၂၈ |
| ၁၀။ | ဆင်ဝေါဟာရအသုံးအနှုန်း | စကားပုံ(အသုံးချဘာသာစကား) | ၃၂ |
| ၁၁။ | အမိတိုင်းပြည် | အချိုး(ကဗျာ) | ၃၆ |
| ၁၂။ | အသက်ရှူမဝလို့ | တစ်ခန်းရပ်ပြဇာတ်(ပြဇာတ်) | ၃၈ |
| ၁၃။ | လှတောသားစကားကြွယ် | သွယ်ဝိုက်စကား၊ ခိုင်းနှိုင်းစကား (အသုံးချဘာသာစကား) | ၄၂ |
| ၁၄။ | မြတ်ပညာ | ပျို့(ကဗျာ) | ၄၇ |
| ၁၅။ | မဟော်သဓာနွားတရားစီရင်ခန်း | တစ်ခန်းရပ်ပြဇာတ်(ပြဇာတ်) | ၅၀ |
| ၁၆။ | ဆန်မောင်းနင်းရေ | ရခိုင်တေး(ကဗျာ) | ၅၄ |
| ၁၇။ | လျှာနဲ့ဆေး | ရသစာတမ်း(ရသစကားပြေ) | ၅၆ |
| ၁၈။ | တစ်ဆယ့်နှစ်လရာသီမိုး | ဆိုရိုးစကား(အသုံးချဘာသာစကား) | ၆၁ |

## အပိုင်း– ၂

## မြန်မာသဒ္ဒါ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | နာမ်အစု | |
| | ၁၉၊ ၁။ နာမ် | ၆၅ |
| | ၁၉၊ ၂။ နာမ်စား | ၆၇ |
| | ၁၉၊ ၃။ ကြိယာနာမ် | ၆၉ |
| ၂၀။ | ကြိယာအစု | |
| | ၂၀၊ ၁။ ကြိယာ | ၇၃ |
| | ၂၀၊ ၂။ နာမ်ပေါင်းကြိယာ | ၇၆ |
| | ၂၀၊ ၃။ ကြိယာထောက် | ၇၉ |
| ၂၁။ | ဝါကျရိုး | |
| | ၂၁၊ ၁။ ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါသော ဝါကျရိုးဖွဲ့နည်း | ၈၆ |

## အပိုင်း–၁

## ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

### ၁။ အချိုးတွဲ (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။
မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



**ပိတောက်မယ်**

**မယ်** - ရွှေအိုးစည် စလွယ်သိုင်းနှင့်
ဘယ်ကိုင်းလို့ ညာယိုင်
ဗောင်းစက မြိုင်။
သိကြားကိုပြိုင်၊
မော်နိုင်မဲ့ မောင်ထွေး။
လက်သီးကို တင်ရုံနှင့်
ကိုရင့်ဗုံ အိုးစည်ကြီးရယ်
ဟည်းလှတယ်လေး။

**မောင်** - ဟည်းမှာပေါ့ ပျိုလေးဆွေ။
ပိတောက်ဝါ ပျို့နဖူးမှာ
ထူးတဲ့လို့ဝေ။
ချိုပလေ၊
အို မေရဲ့ မျက်နှာပေး။
မြစိမ်း ဆင်ထဘီနှင့်
သီကရီ ရွာဝင်ဝမှာ
မင်းလှလို့လေး။

(၂၀ ရာစု) ဇော်ဂျီ

**ခက်ဆစ်အဖွင့်**

၁။ ကိုရင် = လူရွယ်ကို သာမန်ရည်ညွှန်းခေါ်ဆိုသည့် နာမ်စား။
၂။ စလွယ်သိုင်း = ကြိုး စသည်ကို ပခုံးတွင် စလွယ်သဖွယ် တပ်ဆင်သည်။
၃။ ဖောင်းစ = ခေါင်းပေါင်းစ။
၄။ ဗုံ = အခေါင်းထွင်းထားသော သစ်သားလုံး၏ ထိပ်နှစ်ဖက်တွင် သားရေပါး ကြက်ထားသော တီးစရာတူရိယာ။
၅။ သီကရီ = အလျင်စလို၊ မနိုင်မနင်း။
၆။ ဟည်း = အသံဟိန်း၍မြည်သည်။
၇။ အိုးစည် = ပခုံးတွင်သိုင်းလွယ်၍ တီးရသည့်တစ်ဖက်ပိတ်စည်။

**အဓိကအချက်များ**

- ပျော်ပွဲရွှင်ပွဲများတွင် သီဆိုသည့်အခါ ပိတောက်မယ်ကဗျာသည်လည်း အပါအဝင်ဖြစ်သည်။
- သင်္ကြန်အခါတွင် အိုးစည်ဒိုးပတ်များဖြင့် သီဆိုလေ့ရှိကြသည်။
- မောင်နှင့်မယ် အပြန်အလှန်သီဆိုကြရသည်။
- ဤသို့ဖြင့် မမောမပန်းဘဲ ပျော်ပျော်ရွှင်ရွှင် သီဆိုကခုန်နိုင်ကြသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်အသီးသီးတွင် "စည်" နှင့် "စီ" စကားလုံးများကို မှန်အောင် ဖြည့်ပါ။

တန်း------၍သွားနေသည့် လူတန်းကြီး၏ထိပ်တွင်အိုး-----ဝိုင်းရှိသည်။ ရွှေအိုး-----ကို မြူးမြူးကြွကြွတီးခတ်နေသူမှာ-----ခနဲဆို ထိပ်ဆုံးကပါတတ်သည့် ဖိုး-----ဖြစ်သည်။ ပွဲမှန်လျှင် သူပါမှလည်း ------ကားသည်။ ထို့ကြောင့်လည်း သူက ဖိုး-----ကြောင့် ပွဲ----တာဟု ခပ်ကြွားကြွားပြောလေ့ရှိတတ်သည်။

၂။ "ချို" ဟူသောစကားလုံးကို အောက်ပါစကားလုံးများနှင့်တွဲစပ်ကြည့်ပါ။ ပြီးလျှင် ဝါကျဖွဲ့ပြပါ။

ဟင်း၊ နှုတ်၊ မျက်နှာထား၊ စကား၊ အပြော၊ မုန့်။

**သာဓက-**

ဟင်း + ချို = ဟင်းချို

ဒီနေ့ ငါးကြော်နဲ့ ဘူးသီးဟင်းချို ချက်တယ်။

Option ၃။ ပိတောက်မယ်ကဗျာမှ မောင်၏အသွင်အပြင်နှင့် မယ်၏အဆင်အပြင်ကို သင့်စကားဖြင့် ပြန်ရေးပြပါ။

၄။ ပိတောက်မယ်ကဗျာကို သီဆိုရသည့်အခါ သို့မဟုတ် နားထောင်ရသည့်အခါ မည်သို့ခံစားရသနည်း။ အကျဉ်းမျှ ရှင်းပြပါ။

၅။ အောက်ပါစာပိုဒ်မှ"အိုင်"ကာရန်များကို ဝိုင်း၍ "အိုင်း"ကာရန်များကို မျဉ်းသားပေးပါ။

ရွှေအိုးစည် စလွယ်သိုင်းနှင့်
ဘယ်ကိုင်းလို့ ညာယိုင်
ဖောင်းစကမြိုင်။
သိကြားကိုပြိုင်၊
မော်နိုင်မဲ့မောင်ထွေး။

## ၂။ ဇာတက (ပုံပြင်)

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။
ဆရာဖတ်ပြသည်ကို သေချာစွာ နားထောင်ပါ။



### ရွဲကုန်သည်နှစ်ဦး

လွန်လေပြီးသောအခါ စိတ်ထားကောင်းသောရွဲကုန်သည်နှင့် စိတ်ထားမကောင်း သောရွဲကုန်သည်တို့သည် မြစ်တစ်ခုကို အတူတကွကူး၍ မြို့တစ်မြို့၌ ရွဲရောင်းကြရာ စိတ်ထားမကောင်းသောရွဲကုန်သည်က ရှေ့ကသွား၍ ရောင်းနှင့်၏။

ထိုမြို့၌ ဆင်းရဲသွားသော သူဌေးအမျိုးအနွယ် မြေးအဘွားနှစ်ယောက်တို့သည် ချို့တဲ့စွာ စားသောက်နေထိုင်ကြရ၏။ သူဌေးကြီးလက်ထက်က ရွှေခွက်ကြီးတစ်ခုသည် အိုးကြိုအိုးကြားထား၍ အသုံးအစွဲမရှိကြာမြင့်သည်နှင့် အညှိအကြေးတက်လျက်ရှိ၏။ ထို့ကြောင့် မြေးအဘွားနှစ်ယောက်သည် ရွှေခွက်ဖြစ်ကြောင်း မသိကြလေ။

အဆိုပါစိတ်ထားမကောင်းသောရွဲကုန်သည်သည် ထိုအိမ်ရှေ့သို့ရောက်လာ၍ "ရွဲဝယ်ကြကုန်" ဟု ဟစ်လျှင် သူငယ်မသည်ရွဲအလိုရှိသည်ဖြစ်၍ အဘွားအားပူဆာလေသော် အဘွားသည် ရွဲကုန်သည်ကို ခေါ်၍ "အမောင် ဤခွက်သည် အဖိုးများစွာ ထိုက်တန်မည်မဟုတ်။ သို့ရာတွင် ဤခွက်ကိုယူ၍ မောင့်နှမအား အသင်ပေးလိုသမျှ ရွဲတစ်စုံတစ်ရာကိုပေးပါလော့" ဟုဆိုလေ၏။

စိတ်ထားမကောင်းသောရွဲကုန်သည်လည်း ခွက်ကိုပွတ်တိုက်ကုတ်ခြစ်ကြည့်သော် ရွှေခွက်ဖြစ်ကြောင်းသိလေလျှင် ဤရွှေခွက်ကို အဖိုးတစ်စုံတစ်ရာမပေးဘဲ ရအောင်ယူမည်ဟု သဘောယုတ်ဖြင့် ကြံလျက် "အသင်တို့၏ခွက်သည် တစ်စုံတစ်ရာ အဖိုးမထိုက်၊ ငါအလိုမရှိ" ဟုဆို၍ မြေ၌ပစ်ချပြီးလျှင် ထ၍သွားလေ၏။

မကြာမီပင် စိတ်ထားကောင်းသောရွှဲကုန်သည်ရောက်လာပြန်၍ အထက်နည်းအတိုင်းပြသော် ရွှေခွက်ဖြစ်ကြောင်းသိသည်နှင့် "အမိ၊ ဤခွက်သည် ရွှေခွက်တည်း။ အဖိုးတစ်သိန်းထိုက်၏။ အဖိုး တစ်သိန်းထိုက်သောဥစ္စာ ငါ့လက်၌မရှိ" ဟု ရိုးသားဖြောင့်မတ်စွာ ပြောကြားလေ၏။

အဘွားလည်း "အမောင် ရှေးဦးစွာလာသော ရွှဲကုန်သည်သည် ဤရွှေခွက်ကို ပဲဝက်မျှ အဖိုးမထိုက်ဆို၍ မြေတွင်ပစ်ချခဲ့ပါသည်။ ယခုသင့်စကားကြောင့် ရွှေခွက်မှန်းသိရပြီ။ အဖိုးတစ်သိန်း ထိုက်တန်သည်ဖြစ်စေ သင်ကဲ့သို့ ရိုးသားဖြောင့်မှန်သူအား ရွှေခွက်ကို ပေးပါအံ့။ ငါ့မြေးငယ်ဝတ်ဆင် ရန် ရွှဲတစ်စုံတစ်ရာပေးခဲ့ပါတော့" ဟု ဆိုလေသည်။

စိတ်ထားကောင်းသောရွှဲကုန်သည်သည် ရွှေခွက်ကိုယူ၍ ယခင်ကရောင်းရပြီးသော အသပြာ ငါးရာကိုလည်းကောင်း၊ အသပြာငါးရာတန်သော ရွှဲတို့ကိုလည်းကောင်းပေးပြီးမှ "ငါ့အား ဤချိန်ခွင်၊ အိတ်နှင့် လမ်းစရိတ် ရှစ်အသပြာကိုသာပေးပါတော့" ဟု တောင်းယူသွားလေ၏။ မြစ်ကိုရောက်သော် ကူးတို့ခ ရှစ်အသပြာပေး၍ လှေဖြင့်ကူးလေ၏။

စိတ်ထားမကောင်းသောရွှဲကုန်သည်လည်း မြေးအဘွားအိမ်သို့ တစ်ဖန်ပြန်လာခဲ့၍ "သင်တို့ ခွက်ကိုယူခဲ့လော့။ ငါတစ်စုံတစ်ရာပေးအံ့" ဟုဆို၏။

သူငယ်မလည်း ထိုသူအား "သင်သည် ငါတို့၏ တစ်သိန်းထိုက်တန်သောရွှေခွက်ကို ပဲဝက်မျှ မတန်ဟု အရှက်အကြောက်မရှိ ဆိုဘိ၏။ ယခုပင်လျှင် စိတ်ထားကောင်းသောရွှဲကုန်သည် လာရောက်ပြီး အဖိုးတစ်ထောင်ပေး၍ ယူသွားလေပြီ။ သင်ယခု ငါ၏အိမ်မှ ထွက်သွားလေ"ဟု မောင်းနှင်၍ လွှတ် လိုက်လေ၏။

စိတ်ထားမကောင်းသောရွှဲကုန်သည်လည်း အဖိုးတစ်သိန်းထိုက်တန်သောရွှေခွက်ကို ဆုံးရှုံး လေပြီဟု ကြီးစွာသော တုန်လှုပ်ချောက်ချားခြင်းဖြင့် မိမိကိုယ်ကို ဆောက်တည်ခြင်းငှာ မတတ်နိုင်ရကား မိမိတွင်ရှိသော အသပြာ၊ ကုန်၊ အဝတ်အစားတို့ကို အိမ်ဝ၌ ကြဲဖြန့် စွန့်ပစ်ပြီးလျှင် ချိန်ခွင်ရိုးကိုင်ကာ စိတ်ထားကောင်းသောရွှဲကုန်သည်ကို သတ်ရန်လိုက်လေ၏။

ကမ်းနားသို့ရောက်သော် စိတ်ထားကောင်းသောရွှဲကုန်သည်မှာ မြစ်လယ်သို့ ရောက်နှင့်နေ လေပြီ။ စိတ်ထားမကောင်းသော ရွှဲကုန်သည်သည် ကူးတို့ကို အော်ဟစ်ခေါ်သော်လည်း ပြန်လှည့် မလာသည်နှင့် ရွှေခွက်ရသွားသောရွှဲကုန်သည်ကို ကြည့်ရှုလျက် ကြီးစွာသောစိုးရိမ်ခြင်းဖြစ်၍ နှလုံးပူ ခြင်း၊ သွေးအန်ခြင်းတို့ဖြစ်ကာ နောက်ဆုံး၌ နှလုံးကွဲ၍ ထိုမြစ်ကမ်း၌ပင် သေရလေတော့သည်။

စိတ်ထားကောင်းသောရွှဲကုန်သည်မှာ ရိုးသားခြင်း၏ရလဒ်အဖြစ် ရွှေခွက်ကိုရရှိခဲ့သည်။ မြေးအဘွားနှစ်ယောက်တို့လည်း ဆင်းဆင်းရဲရဲဘဝမှ ငွေကြေးပြည့်စုံသောဘဝသို့ ပြန်လည်ရောက်ရှိခဲ့ လေသတည်း။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကူးတို့ | = ရေလမ်းတွင် တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်သောလှေ၊ သင်္ဘော။ |
| ၂။ ချို့တဲ့ | = မပြည့်စုံ။ |
| ၃။ ချောက်ချား | = စိတ်တုန်လှုပ်သည်။ |
| ၄။ ချိန်ခွင်ရိုး | = ချိန်ခွင်လက်၏ အလယ်၌တည်ရှိသော လက်ကိုင်ရာအပိုင်း။ |

၅။ ပူဆာ = နားပူသည်။ ထပ်တလဲလဲတောင်းဆိုသည်။

၆။ ပဲဝက် = ရှေးရှေးကသုံးသောငွေကြေး။ တစ်ပဲ၏တစ်ဝက်။

၇။ ရွှဲ = တန်ဖိုးရှိသော ရတနာ။

၈။ ရှေးဦးစွာ = အဦးအစ။ အလျင်။

၉။ သဘောယုတ် = မရိုးဖြောင့်သောစိတ်။

**အဓိကအချက်များ**

- စိတ်ထားမကောင်းသော ရွှဲကုန်သည်သည် လောဘကြောင့် အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ဆုံးရှုံးရသည့်အပြင် အသက်ပါဆုံးရှုံးရသည်။
- စိတ်ထားကောင်းသောရွှဲကုန်သည်သည် ရိုးသားဖြောင့်မတ်သောကြောင့် အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို ပိုင်ဆိုင်ရသည်။
- မြေးအဘွားနှစ်ယောက်သည် သူတော်ကောင်းနှင့် ဆုံတွေ့ရသဖြင့် မျှော်လင့်မထားသော အကျိုးအမြတ်ကို ရရှိခဲ့ရသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့ကို တစ်လုံးလျှင် ၂ မျိုးစီရအောင်သုံးပြပါ။

စိတ်ထား၊ နှလုံး၊ ခွက်၊ သဘော၊ ကူး

**သာဓက-** စိတ်ထား → စိတ်ထားကောင်း

စိတ်ထား → စိတ်ထားဖြူ

၂။ အောက်ပါစကားလုံးတို့ကိုဝါကျဖွဲ့ပါ။

ပူဆာ၊ လိမ္မာ၊ ဖြောင့်မတ်၊ ချိန်ခွင်၊ အသပြာ။

Option ၃။ အဘွားအိုသည် အသပြာတစ်သိန်းထိုက်တန်သောရွှေခွက်မှန်း သိသွားသော်လည်း စိတ်ထားကောင်းသောရွှဲကုန်သည်အား ရွှေခွက်ကိုပေးခဲ့သည်။ အဘယ်ကြောင့် ထိုသို့ပေးသည်ဟု ထင်ပါသနည်း။

၄။ စိတ်ထားမကောင်းသော ရွှဲကုန်သည်သည် ရွှေခွက်ကိုအဘယ်ကြောင့် ဆုံးရှုံးရသနည်း။ သင်၏အမြင်ကို ဆွေးနွေးပါ။

၅။ ရွှဲကုန်သည်နှစ်ဦး၏ အပြုအမူတို့အနက် မည်သူ၏ အပြုအမူကို သင်နှစ်သက်သနည်း။ အဘယ်ကြောင့်နည်း။ စာ ၁၀ ကြောင်းခန့် ရေးသားဖြေဆိုပါ။

## ၃။ ဆောင်းပါး (သုတစကားပြေ)

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။
ဆရာဖတ်ပြသည်ကို သေချာစွာ နားထောင်ပါ။



### ပုသိမ်ထီး

ပုသိမ်ထီးလုပ်ငန်းသည် မြန်မာ့လက်မှုပညာတစ်ရပ်ဖြစ်သည်။ ထိုပုသိမ်ထီးကို အောက်မြန်မာပြည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ပုသိမ်မြို့တွင် စတင်လုပ်ကိုင်ခဲ့သောကြောင့် ပုသိမ်ထီးဟု အမည်တွင်ခဲ့သည်။

ပုသိမ်မြို့အနီးတစ်ဝိုက်တွင် သရကူခေါ် ဝါးတစ်မျိုး အများအပြားထွက်သည်။ ထိုဝါးသည် ထီးလုပ်ရန် အကောင်းဆုံးဝါးဖြစ်သည်။ ပုသိမ်ထီးတစ်လက်လုပ်မည်ဆိုသော် ထီးရိုး၊ ထီးခရိုင်၊ ထီးရွက်တို့ ရှိရသည်။ ထို့အပြင် ထီးရွက်ကပ်ရန် ထီးလက်တံခေါ် ဝါးစိတ်ငယ်များလည်းရှိရသည်။ ထီးရိုး၊ ထီးခရိုင်တို့ကို ဝါးဖြင့်ပြုလုပ်၍ ထီးရွက်ကိုပိတ်ဖြင့် ပြုလုပ်သည်။ ဝါးကိုခွဲ၍ ထီးခရိုင်၊ ထီးလက်တံတို့လုပ်ရန် ဓားဖြင့်ချောမွတ်အောင် အချောသပ်ရသည်။ ထို့နောက် ထီးခရိုင်များနှင့် ထီးလက်တံဝါးစိတ်ငယ်များကို ထီးရိုးနှင့်တွဲမိအောင် စနစ်တကျ တပ်ဆင်ရသည်။ ထိုအခါ ထီးပုံအကြမ်းထည် ရလာသည်။ နောက်မှ ပုံကျအောင်ညှပ်ထားသောပိတ်ကွက်ဖြင့် ထီးလက်တံများအပေါ်မှ အုပ်၍တင်းတင်းဆွဲကပ်ရသည်။ ထိုထီးပိတ်သားကို လှပအောင်ဆေးရောင်တို့ဖြင့် ပန်းပွင့်ပန်းနွယ်များ ရေးခြယ်ကြသည်။ ခရိုင်တံများကိုလည်း ဆေးရောင်စုံချည်မျှင်များဖြင့် ထိုးရက်၍ လှပအောင်ပြင်ဆင်ကြသည်။ ရှေးအခါက ခရိုင်ပန်းထိုးရာ၌ သိုးမွေးချည်ဖြင့် ထိုးရက်သည်။ ယခုအခါတွင်မူ တိုင်းရင်းဖြစ် ဆေးရောင်စုံ ဝါဂွမ်းချည်ကိုသာ အသုံးပြုကြသည်။

ပုသိမ်ထီးသည် ဆောင်းရာ၌ ပေါ့ပါးသည်။ ကြည့်၍လည်း လှသည်။ ကျက်သရေလည်း ရှိသည်။ သို့ရာတွင် ပုသိမ်ထီးကို နွေနှင့်ဆောင်းရာသီ၌သာ ဆောင်းနိုင်၍ မိုးရာသီ၌ မဆောင်းနိုင်ချေ။ သို့ဖြစ်၍ ပုသိမ်ထီးကို အသုံးနည်းလာပြီးနောက် ပုသိမ်ထီးအစား ဥတုသုံးပါးစလုံး ဆောင်းနိုင်သော ထီးအမျိုးမျိုးကို အသုံးများလာကြသည်။


ယခုအခါ ပုသိမ်ထီးဆောင်းသူ နည်းပါးသွားပြီဖြစ်သော်လည်း ဟိုတယ်များ၊ အခမ်းအနားများတွင် အလှဆင်ပစ္စည်းအဖြစ် အသုံးပြုလာကြသည်။ ယခင်က ပုသိမ်ထီးကို ဝါး၊ ပိတ်သားတို့ဖြင့်သာ လုပ်ခဲ့သော်လည်း ယခုအခါ ခေတ်နှင့်အညီ လှပခိုင်ခံ့၍ အဆင့်အတန်းမြင့်လာအောင် အမျိုးမျိုးတီထွင်လုပ်ဆောင်နေပေပြီ။ ပုသိမ်ထီးပုံစံကိုလည်း လေးထောင့်ပုံ တီထွင်ဆန်းသစ်လာရုံမက ပန်းပွင့်ပန်းနွယ်များ၊ ကနုတ်ပန်းများကို ရေးဆွဲလာကြသည်။ ပုသိမ်ထီးများကို လူတိုင်းသုံးချင့်စဖွယ်ဖြစ်အောင် တီထွင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုလက်မှုလုပ်ငန်းတစ်ရပ်ကို မပျောက်ကွယ်အောင် ထိန်းသိမ်းအားပေးသင့်သည်။


**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ | ကနုတ်ပန်း | = ခြူးပန်းခြူးနွယ်၊ ယိုးဒယားပန်း၊ သပြေရွက်ပုံ၊ သဇင်ခွေပုံ အထပ်ထပ်ပန်း။ |
| ၂။ | ကျက်သရေ | = ကောင်းမြတ်ထူးခြားသောဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ တင့်တယ်ခြင်း၊ မင်္ဂလာရှိခြင်း။ |
| ၃။ | ခရိုင်ပန်း | = ထီး၏ခရိုင်တွင် အလှဆင်သောပန်း။ |
| ၄။ | ထီးခရိုင် | = ထီးတွင် ထီးကိုင်းကို ထောက်ကန်ထားသော ထီးလက်များ စုဝေးရာနေရာ။ ထီးလက်အစု။ |
| ၅။ | ထီးရိုး | = ထီးရွက်တွင် တပ်ဆင်ထားသော လက်ကိုင်အရိုး။ |
| ၆။ | ထီးလက်တံ | = ထီးရိုးမှဘေးသို့ဖြာထွက်နေသော ကိုင်းလက်တံများ။ |
| ၇။ | ယဉ်ကျေးမှု | = အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း။ |
| ၈။ | လက်မှုပညာ | = လက်ဖြင့်ပြုလုပ်သောအတတ်ပညာ။ |
| ၉။ | သရက္ကူဝါး | = (တလက္ကူဝါး) အမြင့်ပေ ၆၀၊ ၇၀ အထိရှိသော အသားထူ၍ အဆစ်အလွန်ကျဲသော ဝါးတစ်မျိုး။ |

**အဓိကအချက်များ**

- ပုသိမ်ထီးကို သရက္ကူဝါးဖြင့် ပြုလုပ်သည်။
- ပုသိမ်မြို့မှထွက်သဖြင့် ပုသိမ်ထီးဟု ခေါ်သည်။
- ပုသိမ်ထီးတစ်လက်တွင် ထီးရိုး၊ ထီးခရိုင်၊ ထီးလက်တံ၊ ထီးရွက်တို့ပါဝင်သည်။
- ထီးရွက်ပိတ်သားတွင် ပန်းပွင့်ပန်းနွယ်များကို ဆေးရောင်စုံခြယ်သသည်။
- ခရိုင်တံများကို ရောင်စုံချည်ဖြင့် ထိုးရက်သည်။
- ပုသိမ်ထီးလုပ်ငန်းသည် မြန်မာ့ယဉ်ကျေးမှု လက်မှုပညာတစ်ရပ်ဖြစ်သည်။




**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါ ကွက်လပ်အသီးသီးတွင် “စိတ်”၊ “ဆိတ်”နှင့် “စိပ်” ကို မှန်အောင်ဖြည့်ပါ။

ဘိုးလေးမွေးထားသည့် -------ကလေးသည် ခြံထဲမှ ပန်းပင်များကိုလည်း စားတတ်သဖြင့် ဘွားလေးသည် ----------- ပုတီးကိုပင် -------- ဖြောင့်ဖြောင့်ထား၍ မ------နိုင်။ ထို့ကြောင့် မြေးလေးကို ဝါးခြမ်း-------လေးများဖြင့် ပန်းပင်များကို ကာခိုင်းလေတော့သည်။

၂။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

အကြမ်းထည်၊ ဆေးရောင်၊ အသုံးနည်း၊ အလှဆင်၊ ယဉ်ကျေးမှု။

၃။ ပုသိမ်ထီးတစ်လက်တွင် ပါဝင်သော အစိတ်အပိုင်းများနှင့် သင်ယခုဆောင်းနေသော ထီးအစိတ်အပိုင်းများကို နှိုင်းယှဉ်ကြည့်ပါ။

Option ၄။ မြန်မာနိုင်ငံ၌ ပုသိမ်ထီးကဲ့သို့ ထီးအလှတစ်မျိုး ထုတ်လုပ်နိုင်သည်ကို ဂုဏ်ယူပါသလား။ အဘယ်ကြောင့်နည်း။

၅။ ဝါးဖြင့်ပြုလုပ်သော လက်မှုပညာရပ် တစ်ခုအကြောင်းကို စာ ၅ ကြောင်းခန့် ရေးသားတင်ပြပါ။

## ၄။ အတ္ထုပ္ပတ္တိ (သုတရသစကားပြေ)

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။

ဆရာဖတ်ပြသည်ကို သေချာစွာ နားထောင်ပါ။



**ကာတွန်းဆရာကြီးဦးဘဂျမ်း**

ဦးဘဂျမ်းသည် ညောင်တုန်းမြို့ အထည်ကုန်သည်ဦးပန်၊ ဒေါ်မြစ်တို့၏ သားဖြစ်သည်။ ၁၉၀၂ ခုနှစ်တွင် ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်အနက် အထွေးဆုံးဖြစ်သည်။

ညောင်တုန်းမြို့ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာသင် အစိုးရအလယ်တန်းကျောင်း၊ စတုတ္ထတန်းတွင် ပညာဆည်းပူးစဉ်အခါက ပုံဆွဲဆရာ ဦးချွန်ဆိုင်မှာ သူ၏ဆရာရင်းဖြစ်သည်။ မောင်ဘဂျမ်းကလေး၏ ပန်းချီအစွမ်းအစကို အကဲခတ်မိသဖြင့် ဦးချွန်ဆိုင်သည် သူ့ကိုအမြဲချီးကျူး အားပေးလေ့ရှိသည်။ ငယ်စဉ်ကပင် ပန်းချီပညာကို ထူးထူးခြားခြားဝါသနာပါ၍ မိမိမုန့်ဖိုးဖြင့် မြေဖြူဝယ်ကာ ကျောက်သင်ပုန်းများ၊ အိမ်ထရံများတွင် စစ်တိုက်ပုံ၊ ကျားပစ်ပုံ၊ အဝေးမှပျံလာသောငှက်ပုံ စသည်တို့ကို ဆွဲလေ့ရှိသည်။ ထိုသို့ဆွဲရမှ ထိုနေ့အဖို့ အသက်ရှူဖြောင့်သည်ဟု ပြောသည်။

ဦးဘဂျမ်း ကောလိပ်ကျောင်းသို့ရောက်သောအခါ စာသင်ခန်းတွင် မိမိရှေ့ထိုင်သော ကျောင်းသူများ၏ ဆံထုံးပုံအမျိုးမျိုး၊ ဝတ်စားဆင်ယင်ပုံအမျိုးမျိုး၊ ကိုယ်နေကိုယ်ဟန်အမျိုးမျိုးတို့ကို လေ့လာရေးဆွဲလေ့ရှိသည်။ မိဘများက ဦးဘဂျမ်းအား အစိုးရရာထူးကြီးများကို ရည်မှန်း၍ ကောလိပ်ပညာကို သင်ယူစေသော်လည်း ဦးဘဂျမ်းကမူ ပုံဆွဲခြင်း၊ သီချင်းဆိုခြင်း၊ တယောထိုးခြင်း၊ အင်္ဂလိပ်စာနှင့် မြန်မာစာပေလေ့လာခြင်းတို့တွင် ပို၍စိတ်ဝင်စားသဖြင့် ဒုတိယနှစ် ဥပစာတန်းအထိသာ ပညာသင်ယူပြီး ၁၉၂၈ ခုနှစ်တွင် တက္ကသိုလ်မှ ထွက်လိုက်သည်။

၁၉၂၉ ခုနှစ်ခန့်တွင် အတွင်းဝန်များရုံး၌ စာရေးအဖြစ် လုပ်ကိုင်ခဲ့သည်။ သို့သော် သူသည် အနုပညာသမားပီပီ တီထွင်ကြံစည်မှု၊ လွတ်လပ်မှုတို့ကို မြတ်နိုးသူဖြစ်ရကား ရုံးအလုပ်တွင်

စိတ်မဝင်စားဘဲ ငြီးငွေ့လာသည်။ ထို့ကြောင့်မကြာမီပင် လခစားအလုပ်ကိုကျောခိုင်း၍ ပန်းချီလောက အတွင်းသို့ ခြေစုံပစ်ဝင်ကာ ကာတွန်းများကို ရေးဆွဲလေသည်။

အစတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ သို့သော်လည်း သူမဖြုံ။ အရာရှိကြီးများဖြစ်သော သူ့အစ်ကိုများ၏ဘဝကိုလည်း သူမမက်။ သူဝါသနာပါရာ မြတ်နိုးရာ ပန်းချီအလုပ်ကို လုပ်နေရလျှင် အလွန်ကျေနပ်သည်။ ကြိုးစားမှု၊ လေ့လာမှု၊ စိတ်ဝင်စားမှုတို့ကြောင့် သူ၏ကာတွန်းလက်ရာများမှာ ထူးခြားပြောင်မြောက်လာကာ ထွန်းသစ်စကာတွန်းဆရာတစ်ယောက်အဖြစ်ဖြင့် တစ်စတစ်စ အသိအမှတ်ပြုခြင်းကို ခံရလေသည်။

ဦးဘဂျမ်း၏ ကာတွန်းများသည် ၁၉၃၀ ပြည့်နှစ်မှစ၍ ရန်ကုန်ဂေဇက်အင်္ဂလိပ်သတင်းစာ၊ ဒီးဒုတ်ဂျာနယ်၊ ရယ်ရွှင်ဖွယ်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ သူရိယသတင်းစာ စသည်တို့တွင် ပါဝင်လာသည်။ သူ၏ ဇာတ်ဆောင်များမှာ ဦးဖျောက်ဆိတ်၊ ချာရာဏသိမ့ မောင်မြေဇာ၊ ကိုပြူး၊ မပြုံး၊ ကြွက်ဖြူကလေးတို့ဖြစ်သည်။ သူ၏ကာတွန်းများမှာ စာနှင့်ယှဉ်တွဲ၍ သရုပ်ဖော်သော ကာတွန်းမျိုးဖြစ်သည်။ ကာတွန်းဆွဲရာတွင် ရယ်ရွှင်ဖွယ်သက်သက်အတွက် ရေးဆွဲသောကာတွန်းများအပြင် ကလေးပုံပြင်သရုပ်ဖော်ကာတွန်းများ၊ ပြပြင်ရေးဘက်သို့ ဦးတည်သော ကာတွန်းများ၊ လူထုခံစားချက်များနှင့် လွတ်လွတ်လပ်လပ်တင်ပြသော ကာတွန်းများပါဝင်သည်။

ကာတွန်းရေးဆွဲရာ၌အမှုမဲ့၊ အမှတ်မဲ့ သာမန်ကာလျှံကာ မရေးဆွဲ။ ဇာတ်ဆောင်များ အသက်ဝင်နေအောင် ရေးဆွဲသည့်အပြင် ဇာတ်ဆောင်တစ်ဦးစီ၏ စိတ်ဓာတ်များ သီးခြားပေါ်လွင်စေရန်ကိုလည်း အထူးဂရုပြုသည်။ သူ့ဇာတ်ဆောင်များ၏ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း အစရှိသော စိတ်လှုပ်ရှားမှုတို့ပေါ်လွင်အောင် ရေးဆွဲနိုင်သဖြင့် သူ့ကာတွန်းများသည် ဂုဏ်မြောက်သည်ဟုဆိုနိုင်သည်။

ပုံဝတ္ထုဇာတ်လမ်းများကို ရုပ်ပုံနှင့်သရုပ်ဖော်စရာရှိလျှင် ရုပ်ပုံများကိုမရေးဆွဲမီ ထိုဇာတ်လမ်းကို စူးစူးစိုက်စိုက်ဖတ်ပြီးမှ ရေးဆွဲလေ့ရှိသည်။ ထို့ကြောင့် သူရေးဆွဲသည့် ဇာတ်လမ်းဖော်ရုပ်ပုံများသည် ဇာတ်လမ်းနှင့် အလွန်ဟပ်မိသည်။ ခေါင်းစီးစာများသည် ကာတွန်းနှင့်အံကိုက်သည်။ ခေါင်းစီးများရေးရာတွင် ထိမိလှသည့် စကားလုံးများကို ရွေးချယ်သုံးစွဲတတ်သည်။ ခေတ်အဆက်ဆက် ပြောင်းသွားသော်လည်း သူ၏ကာတွန်းများသည် ခေတ်မီလျက်ပင်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ၏အတွေးအခေါ်မှာ သဘာဝကျခြင်းကြောင့်ဖြစ်သည်။

၁၉၃၄ ခုနှစ်တွင် သာမန်ကာတွန်းမှတစ်ဆင့်တက်၍ ကြက်တောင်ကွပဟူသော ကာတွန်းရုပ်ရှင်ကို ပဲရော့ကုမ္ပဏီအတွက် ဦးဟိန်စွန်းနှင့်အတူ ရေးဆွဲရိုက်ကူးသည်။ ထိုနှစ်တွင်ပင် အသူရာကာတွန်းရုပ်ရှင်ကိုလည်း ရေးဆွဲရိုက်ကူးသေးသည်။ ကာတွန်းရုပ်ရှင် ရေးဆွဲရိုက်ကူးနည်းကို ဦးဘဂျမ်းတို့သည် မြင်လည်းမမြင်ဖူး။ သင်ကြားပေးမည့်သူလည်းမရှိသဖြင့် မိမိတို့ဘာသာ တီထွင်လုပ်ကိုင်ကြရလေသည်။ ထိုခေတ်ထိုအခါက စံချိန်နှင့်ကြည့်သော် သူတို့ဖန်တီးသော ကာတွန်းရုပ်ရှင်ကားများ၏အဆင့်အတန်းမှာ မနိမ့်ကျဟုသိရသည်။

ကာတွန်းပန်းချီပညာ၌ ဦးဘဂျမ်း ဤသို့ပြောင်မြောက်ခြင်းမှာ ပင်ကိုစွမ်းရည် သက်သက်ကြောင့်သာမက ဦးဘဇော်၊ ဦးဘညာဏ်၊ ဦးငွေကိုင်၊ ဦးအုန်းလွင်စသော ပန်းချီကျော်တို့ထံမှ နည်းနာနိဿယတို့ကို လေ့လာဆည်းပူးမှု၊ ပန်းချီအသင်းက ကြီးမှူးကျင်းပသော သင်တန်းများတွင် လုံ့လရှိရှိဖြင့်အစဉ်တစိုက် တက်ရောက်သင်ကြားမှုတို့ကြောင့်လည်း ဖြစ်သည်။

ဦးဘဂျမ်းသည် ပန်းချီအနုပညာ တိုးတက်ရေးအတွက် ထိုပန်းချီအသင်းတွင် သာမန်အမှုဆောင်အဖြစ်ဖြင့်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်ဖြင့်လည်းကောင်း နှစ်အတော်ကြာ ဆောင်ရွက်သည်။ ထိုမျှမကသေး ပန်းချီပညာဆည်းပူးလိုသူများကိုလည်း မြေတောင်မြှောက်ပေးသည့်အနေဖြင့် ဂရုတစိုက်သင်ကြားပြသသည်။ ထို့ကြောင့်ပန်းချီလောကတွင် သူ့အားကြည်ညိုချစ်ခင်သူပေါ်များသည်။

ဦးဘဂျမ်းသည် ၁၉၅၃ ခုနှစ် အသက်ငါးဆယ့်တစ်နှစ်အရွယ်တွင် ကွယ်လွန်သည်။ သူ၏စွမ်းရည်ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အစိုးရက ၁၉၅၄ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ကို ပေးအပ်ချီးမြှင့်သည်။ သူနေထိုင်သွားသော ရန်ကုန်မြို့ ၁၃ လမ်းကို ဦးဘဂျမ်းလမ်းဟု ခေါ်တွင်စေသည်။ ထို့အပြင် လမ်းသူလမ်းသားများနှင့် ကာတွန်းဆရာများက ဦးဘဂျမ်းကို အမှတ်ရသောအားဖြင့် နှစ်စဉ်တန်ဆောင်မုန်းလ မီးထွန်းပွဲကျင်းပရာ၌ ထိုလမ်းတစ်လျှောက်လုံးတွင် ကာတွန်းရုပ်ပုံကားချပ်များ ရေးခြယ်ချိတ်ဆွဲကာ မီးထွန်းကြလေသည်။

## ဦးဘဂျမ်း၏ ကာတွန်းလက်ရာများ



ကြွက်ဖြူကလေး မုန်တိုင်း မြေဇာ ကြက်တောင် ခင်ခင်ပြူး ဦးဖျောက်ဆိတ် ဝွက်ထော်



**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ | ကိုယ်နေကိုယ်ဟန် | = ကိုယ်ခန္ဓာ၏ အနေအထား၊ ဟန်ပန်။ |
| ၂။ | ကျော့ခိုင်း | = ဂရုမစိုက်၊ လျစ်လျူရှုသည်။ |
| ၃။ | ခြေစုံပစ်ဝင် | = ကိုယ်ရောစိတ်ပါ လုံးလုံးလျားလျားဝင်သည်။ |
| ၄။ | ဂုဏ်မြောက် | = ကောင်းမွန်သည့်အချက်များ ထင်ရှားစွာပေါ်လွင်သည်။ |
| ၅။ | ငြီးငွေ့ | = နှစ်သက်ခြင်းလျော့နည်းသွားသည်။ |
| ၆။ | ဆည်းပူး | = လေ့လာမှတ်သားသည်။ |
| ၇။ | ထွန်းသစ်စ | = အသစ်အဖြစ် ပေါ်ထွန်းခါစ။ |
| ၈။ | နည်းနာနိဿယ | = လိုက်နာဖွယ်နည်းစနစ်။ |
| ၉။ | မွေးချင်း | = ညီအစ်ကိုမောင်နှမအရင်းအချာ။ |
| ၁၀။ | ဝါသနာ | = စွဲမြဲနေသောအလေ့အကျင့်။ |
| ၁၁။ | သရုပ်ဖော် | = စရိုက်၊ လက္ခဏာ သဘာဝတို့ကို ပေါ်လွင်အောင်ပြသည်။ |
| ၁၂။ | သာမန်ကာလျှံကာ | = အပေါ်ယံမျှ။ |
| ၁၃။ | အမှုမဲ့ အမှတ်မဲ့ | = အာရုံမစိုက်ဘဲ၊ သတိမမူမိဘဲ။ |
| ၁၄။ | အလင်္ကာကျော်စွာဘွဲ့ | = စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများကို ချီးမြှင့်သောဘွဲ့။ |
| ၁၅။ | အသက်ရှူဖြောင့်သည် | = စိတ်ကျေနပ်သွားသည်။ |

**အဓိကအချက်များ**

- မိမိမြတ်နိုးသော ပန်းချီပညာ၊ ကာတွန်းပညာကို ဖွဲ့ရှိရှိနှင့် စိတ်ဝင်တစား ကြိုးစားလေ့လာခဲ့သဖြင့် ကာတွန်းပညာရှင်အဖြစ် ထင်ရှားခဲ့သည်။
- သူ၏ကာတွန်းဇာတ်ဆောင်များမှာ ဦးဖျောက်ဆိတ်၊ ချာရာဏသီမှ မောင်မြေဇာ၊ ကိုပြူး၊ မပြုံးနှင့် ကြွက်ဖြူကလေးတို့ဖြစ်ကြသည်။
- ကာတွန်းရေးဆွဲရာတွင် ဇာတ်ဆောင်၏ စိတ်ဓာတ်၊ စိတ်လှုပ်ရှားမှုများကို ပီပြင်အောင် သရုပ်ဖော်ရေးဆွဲနိုင်သဖြင့် လူကြိုက်များသော ကာတွန်းများဖြစ်ခဲ့ကြသည်။
- ၁၉၃၄ ခုနှစ်တွင် ပထမဆုံးကာတွန်းရုပ်ရှင် ကြက်တောင်ကွကို ဦးဟိန်စွန်းနှင့် အတူရေးဆွဲ ရိုက်ကူးခဲ့ကြသည်။
- ဦးဘဂျမ်း၏ အတွေးအခေါ်မှာ သဘာဝကျခြင်းကြောင့် သူ၏ကာတွန်းများမှာ အမြဲခေတ်မီလျက်ရှိသည်။
- နိုင်ငံတော်အစိုးရက ၁၉၅၄ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (ကွယ်လွန်ပြီး ချီးမြှင့်ခံရခြင်းဖြစ်သည်။)

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် “စွဲ” နှင့် “ဆွဲ” ဟူသည့်စကားလုံးများကို မှန်အောင် ဖြည့်ပါ။

မောင်လေးသည် ပန်းချီ-----ရသည်ကို အလွန်ဝါသနာပါသည်။ ဦးဘဂျမ်း၏ ကာတွန်းလက်ရာများကို -----လမ်းသူဖြစ်ရကား သူ----- သည့် ပုံကလေးများမှာ ဦးဘဂျမ်း၏လက်ရာများနှင့် တူနေတတ်သည်။

၂။ အောက်ပါ ဇယားကွက်တစ်ခုစီတွင် ပထမ စကားလုံးနှင့် အနက်တူစကားလုံးကို မျဉ်းသားပါ။

| | | | | |
|---|---|---|---|---|
| **သာဓက-**<br>ချီးကျူး<br>ကဲ့ရဲ့<br>ချီးမွမ်း | ကျေနပ်<br>မနှစ်သက်<br>နှစ်သက် | အသက်ရှူဖြောင့်<br>ဘဝင်မကျ<br>စိတ်ဖြောင့် | ကျောခိုင်း<br>လျစ်လျူရှု<br>ဂရုစိုက် | ကွယ်လွန်<br>မွေးဖွား<br>သေဆုံး |

၃။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

ဝါသနာ၊ ငြီးငွေ့၊ ဆည်းပူး၊ အသက်ရှူဖြောင့်၊ မွေးချင်း။


၄။ ကာတွန်းဆရာကောင်းတစ်ယောက်ဖြစ်ရန် မည်သည့်အရည်အချင်းများနှင့် ပြည့်စုံရန် လိုအပ်ကြောင်းကို ကာတွန်းဆရာကြီးဦးဘဂျမ်း၏ အတ္ထုပ္ပတ္တိကို လေ့လာ၍ဖြေပါ။

၅။ ကာတွန်းဆရာကြီးဦးဘဂျမ်း အတ္ထုပ္ပတ္တိကို ဖတ်ပြီးနောက် သင်မည်သည့်စိတ်ကူးများ ဖြစ်ပေါ်လာသနည်း။ စိတ်ကူးရသမျှကို ရေးကြည့်ပါ။

## ၅။ လေးဆစ် (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။

မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### လှည်းယဉ်

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်။
ပျိုတို့လူ ယာမလုပ်တယ်
ဝါးခုတ်တဲ့တောင်။
နွားညီနောင်
စည်အောင်ပ့ါ ဖေကျောင်း။
မယ်နှင့်မောင် အတူနေရမှ
ဆူဝေအောင် ချူတွေဆွဲလို့ရယ်
လှည်းယဉ်နဲ့မောင်း။

(၁၉ ရာစု)　　အမည်မသိရှေးစာဆို

**ခက်ဆစ်အဖွင့်**

၁။ ခလောက် = အသံမြည်စေရန် အခေါင်းတွင် အဆန်တပ်ထားသောပစ္စည်း။ (အများအားဖြင့် သစ်သား၊ ဝါးတို့ဖြင့်ပြုလုပ်သည်။ သံပြား၊ ကြေးပြားကို ပုံသွင်း၍လည်းပြုလုပ်သည်။)

၂။ ချူ = အတွင်းတွင် အဆန်လွတ်ထည့်ထားသော သတ္တုခလောက်လုံး။

၃။ စည်အောင် = ဝဖြိုးစေရန်။

၄။ ဆူဝေ = ခလောက်သံ ဆူညံသည်။

၅။ နွားညီနောင် = အသွေးတူ၊ အမွေးတူ၊ အရွယ်တူ နွားနှစ်ကောင်။

၆။ ယာ = ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် သီးနှံစိုက်ပျိုးသောမြေကွက်။

၇။ လှည်းယဉ် = အမြန်၊ အလှမောင်းနှင်နိုင်ရန် ပြုလုပ်ထားသော ကြော့မော့ပေါ့ပါးသည့်လှည်း။

**အဓိကအချက်များ**

- ပျိုတို့လူသည် ယာမလုပ်ဘဲ ဝါးခုတ်ကာ အသက်မွေးပါသည်။
- နွားများကို သားသမီးပမာ ချစ်ခင်မြတ်နိုးသည်။
- မယ်နှင့်အတူနေရချိန်ရောက်လျှင် လှည်းယဉ်ကြော့ကြော့တွင် နွားများကိုအလှဆင်ပြီး စီးကာ ကြွားပြလိုက်မည်ဟု စိတ်ကူးယဉ်နေပါသည်။
- မြန်မာ့ကျေးလက်တောရွာနေ လူများသည် အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်စားသောက် နေထိုင်ကြပုံကို ကြည်နူးချမ်းမြေ့ဖွယ် ခံစားရသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါဇယားတွင် ဆီလျော်သည့် စကားလုံးများကို ယှဉ်တွဲပြပါ။

**သာဓက-**

| | |
|---|---|
| | ယဉ် |
| | မိုက် |
| လှည်း | ငို |
| | ကြမ်း |
| | လှ |

| | |
|---|---|
| ငှက် | |
| စာအုပ် | |
| နွား | ညီနောင် |
| ထီး | |
| ကျွန်း | |

| | |
|---|---|
| | တချွင်ချွင် |
| | တဒူဒူ |
| ခလောက်သံ | တခွပ်ခွပ် |
| | နောင်နောင် |
| | ဒိုးဒိုးဒေါင် |

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

နွားညီနောင်၊ ယာ၊ ခလောက်၊ ချူ၊ လှည်းယဉ်။

၃။ လှည်းယဉ်ကဗျာကိုရွတ်ဆိုရသည့်အခါ သို့မဟုတ် နားထောင်ရသည့်အခါ သင်မည်သို့ခံစားရသနည်း။

၄။ လှည်းယဉ်ကဗျာမှ မောင်နှင့် မယ်အကြောင်းကို သိရသောအခါ သင်မည်သို့ခံစားရသနည်း။

၅။ ယခုအခါတွင် သင်တို့အရပ်ဒေသ၌ လှည်းယဉ်များရှိပါသေးသလား။ မရှိလျှင် အဘယ်ကြောင့်နည်း။ ရှိလျှင် မည်သည့်ကိစ္စများ၌ အသုံးပြုကြသနည်း။

## ၆။ ဝတ္ထု

အောက်ပါဝတ္ထုကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာနားထောင်ပါ။



**သရဲခြောက်သည်ဆိုသောအိမ်ကြီး**

သရဲခြောက်သည်ဆိုသောအိမ်ကြီးသည် မန္တလေးမြို့မှ ပြင်ဦးလွင်သို့သွားရာ မော်တော်ကားလမ်းဘေးတွင်တည်ရှိသည်။ ဆေးရုံအတွင်းတွင် ဝင်းကြီးခြံကြီးဖြင့် တသီးတခြားတည်ရှိသည်။ အဆောက်အအုံမှာ နှစ်ထပ်တိုက်ကြီးဖြစ်သည်။ ထိုတိုက်ကြီးတွင် မည်သူမျှမနေရဲကြ။ ဆေးရုံအမှုထမ်းနှစ်ဦးသာ ညစောင့်အဖြစ် အိပ်ခဲ့ဖူးသည်။ အိပ်ခဲ့ဖူးသည်ဆိုသော်လည်း တစ်ညမျှသာ အိပ်ခဲ့ခြင်းဖြစ်သည်။

သူတို့သွား၍အိပ်သောညက ညဦးပိုင်းတွင် မည်သို့မျှမထူးခြား။ ညဥ့်နက်သောအခါ တစ်ဦးတစ်ယောက်သောသူက ခြင်ထောင်ကိုလာဆွဲသဖြင့် လန့်၍နိုးကြတော့သည်။ နိုးလာသောအခါ အသက်ထွက်လုဆဲဆဲလူနာ၏ ညည်းသံကဲ့သို့သော ညည်းသံကို သေချာစွာကြားရသည်။ ထို့နောက် အသက်ပြင်းပြင်းရှူသံကိုလည်း ကြားရသည်။ နှစ်ဦးသား ထူးဆန်းသော အသံများကိုကြားရ၍ အိပ်မရတော့ချေ။ အိမ်ကြီးတစ်ခုလုံးကို အကဲခတ်၍သာနေကြတော့သည်။ ထိုသို့ ဂရုစိုက်နေစဉ် အခန်းထောင့် တစ်နေရာက နီရဲသောမျက်လုံးအစုံတစ်ခု သူတို့အား စိုက်ကြည့်နေသည်ကို မြင်ကြရသည်။ ထိုမျက်လုံးအစုံသည် မကြာမီပျောက်သွားသည်။ ခဏမျှကြာသောအခါ လှေကားက တက်လာသောခြေသံကို ပီပီသသကြားရပြန်သည်။ "ဟေ့ဘယ်သူလဲ"ဟု လှမ်းမေးလိုက်သောအခါ အသံတိတ်သွားတော့သည်။ ထို့နောက် ခေါင်မိုးပေါ်က ကျွတ်ကျွတ် ကျွတ်ကျွတ်နှင့် လမ်းလျှောက်သံလိုလို ကြားရပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် လက်တွဲလျက် သတိနှင့်နေကြစဉ် လူတစ်ယောက် ခေါင်မိုးပေါ်က လိမ့်ကျသည့်အသံအတိုင်း ဝုန်းဒိုင်းဟူသော အသံကြီးကိုကြားရသည်။ နှစ်ယောက်သားအိမ်အောက်သို့ဆင်းပြေးပြီးလျှင် ခေါင်မိုးပေါ်သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြသည်။ ဘာဆို

ဘာမျှမတွေ့။ သူတို့လည်း အိမ်ပေါ်သို့ ပြန်မတက်ရဲကြတော့ချေ။

ထိုအချိန်မှစ၍ သရဲခြောက်သည်ဆိုသောသတင်းမှာ ပို၍ပျံ့သွားတော့သည်။ ထိုအိမ်တွင် အိပ်ရန်မဆိုထားဘိ အိမ်အနီးသို့ပင် မည်သူမျှမကပ်ဝံ့တော့ချေ။

ထိုသတင်းကို ဆရာဝန်တင်ရွှေ ကြားလေသည်။ သူသည် စုန်း၊ တစ္ဆေ၊ သရဲတို့၏ အကြောင်းကို လေ့လာဆန်းစစ်နေသူဖြစ်သည်။ တစ်ဆင့်စကားကြားရုံဖြင့် ယုံကြည်သူမဟုတ်ဘဲ အကြောင်းရင်းကို ကိုယ်တိုင်ကိုယ်ကျ ရှာဖွေနေသူဖြစ်သည်။

တစ်ညသ၌ ကိုးနာရီအချိန်ခန့်တွင် ဆရာဝန်တင်ရွှေသည် ဝါသနာချင်းတူသောအခြား ဆရာဝန်တစ်ယောက်နှင့်အတူ ထိုအိမ်ကြီးပေါ်သို့တက်သွားသည်။ အိပ်ရာလိပ် တစ်ယောက်တစ်လိပ်စီ ကိုယ်တိုင်သယ်ယူသွားကြ၏။ အိမ်ကြီးတွင် လျှပ်စစ်မီးပျက်နေသဖြင့် ဖယောင်းတိုင်များထွန်း၍ အိမ်၏ အခြေအနေကို သုံးသပ်ကြ၏။ အခန်းကြီးများမှာ အတော်ကျယ်ဝန်းသော အခန်းကြီးများဖြစ်ကြောင်း တွေ့ကြသည်။ မျက်နှာကြက်တွင် သွပ်ဖြင့်ပြုလုပ်ထားသော ဖောင်းကြွသောပန်းရုပ်လုံးများသည် ဖယောင်းတိုင်မီးရောင်တွင် စိတ်မသိုးမသန့်ဖွယ် ဖြစ်နေသည်ကို မြင်ကြရသည်။

ဆရာဝန်နှစ်ယောက်လည်း မီးမှုတ်ပြီးလျှင် သတိနှင့်အိပ်ရာဝင်ကြသည်။ ညဦးပိုင်းတွင် မည်သို့မျှ မထူးခြား။ အိပ်၍မှေးခနဲပျော်သွားသောအခါ ဆရာဝန်တင်ရွှေသည် ခြင်ထောင်ကို လူတစ်ယောက် လာ၍ဆွဲသကဲ့သို့ ခံစားလိုက်ရပြီးလျှင် လန့်၍နိုး၏။ သူ့အဖော်လည်း တစ်ပြိုင်နက်ပင် နိုး၏။ နှစ်ယောက်သား ပြိုင်တူထ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ကြ၏။

သူ၏ခြင်ထောင်ကို လာ၍ဆွဲသူကား သရဲမဟုတ်ပါ။ လင်းဝက်ကြီးများသည် မှောင်ထဲတွင် ခြင်ထောင်ကို အစာမှတ်၍ လာဆွဲကြခြင်းဖြစ်သည်။ အလင်းရောင် ထိုးလိုက်သောအခါ လင်းဝက်ကြီးများသည် မျက်နှာကြက်အတွင်းသို့ ပန်းရုပ်လုံးများကြားမှ ဝင်သွားကြသည်။ ဆရာဝန်တင်ရွှေနှင့် သူ့အဖော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်ကြသည်။

သူတို့နှစ်ယောက်သား ဖယောင်းတိုင်များထွန်း၍ အခန်းပတ်လည်ကို အကဲခတ်ကြသည်။ အခန်းထောင့်တစ်နေရာမှ နီနီရဲရဲစူးစူးစိုက်စိုက်ကြည့်နေသော မျက်လုံးအစုံတစ်ခုကို မြင်ကြရပြန်သည်။ နှစ်ယောက်သားသည် မျက်လုံးအစုံရှိရာဆီသို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ တစ်ရှိန်တည်း ပြေးသွားကြသည်။ ထိုမျက်လုံးအစုံရှိရာ အနားသို့ရောက်သည်နှင့် တစ်ပြိုင်နက် မှောင်ထဲက ဝုန်းခနဲ ထခုန်ပြေးလွှားသွားသော တောကြောင်တစ်ကောင်ကို တွေ့လိုက်ရလေသည်။ နှစ်ယောက်သား ဟင်းခနဲ သက်ပြင်းချကြ၏။ တောကြောင်ကား မှောင်ထဲတွင် ပျောက်ကွယ်သွားလေသည်။ စင်စစ်မှာ အိမ်အို၊ အိမ်ဟောင်းကြီးများတွင် ကျက်စားကြသော သတ္တဝါများကို စားသောက်ရန် တောကြောင်သည် မှောင်ထဲက ချောင်းနေခြင်းဖြစ်သည်။

သူတို့သတင်းကြားခဲ့သော နီနီရဲရဲမျက်လုံးကား သရဲ၏မျက်လုံးများမဟုတ်။ တောကြောင်၏ မျက်လုံးများသာဖြစ်ကြောင်း လက်တွေ့သိရှိလိုက်ကြရသည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးကြပြန်သည်။

ထိုအခိုက် လူမမာ၏ညည်းသံကြီးကဲ့သို့ ညည်းသံကြီးကို သဲသဲကွဲကွဲ ကြားကြရသည်။ အသက်ပြင်းပြင်းမှုတ်ထုတ်လိုက်သော အသံကိုလည်းကြားရသည်။ နှစ်ယောက်သား အသံကြားရာဆီသို့ လက်နှိပ်ဓာတ်မီး ကိုယ်စီထိုး၍ ထပြေးသွားကြသည်။ အသံကြားရာအခန်း၏ ထောင့်တစ်ထောင့်တွင် လူမမာကို လည်းမတွေ့။ သရဲကိုလည်းမတွေ့။ ခိုသားအမိ ညည်းနေသည်ကိုတွေ့ရလေသည်။ ခိုများကား လန့်ဖျပ်ပြီးလျှင် တဖျပ်ဖျပ် ထပျံကြတော့သည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍

ပြုံးကြရပြန်သည်။ ကြောက်မက်ဖွယ်ရာ သရဲကြီးကိုတွေ့ရမည့်အစား ရန်တုံ့မမူဝံ့ရှာသော ခိုသားအမိကိုသာ တွေ့ကြရသည်။

ထိုအခန်း၏ထောင့်တွင် နှစ်ယောက်သားရှိနေစဉ် လှေကားကတက်လာသော ခြေသံကို ကြားကြရပြန်သည်။ နှစ်ဦးသား လျှင်မြန်ဖျတ်လတ်စွာ လက်နှိပ်ဓာတ်မီးကို ပိတ်၍ ဖယောင်းတိုင်မီးများ မှုတ်လိုက်၏။ လှေကားထိပ်ရှိ တံခါးသို့ ခြေသံမကြားအောင် ခြေဖျားထောက်၍သွားကြ၏။ တံခါးရွက်ကို နားဖြင့်ကပ်၍ အသံကိုနားစွင့်ကြ၏။ ခြေသံများကား တစ်လှမ်းချင်း တစ်လှမ်းချင်းနင်း၍ တက်လာ၏။ တံခါးဝသို့ရောက်သည်နှင့် တစ်ပြိုင်နက် နှစ်ဦးသား လက်နှိပ်ဓာတ်မီးများကို တင်းကျပ်စွာ ကိုင်ပြီးလျှင် တံခါးကိုပြုန်းခနဲ ဖွင့်လိုက်၏။

သူတို့တွေ့ရသောအရာကား သရဲမဟုတ်။ အိမ်ပေါ်ထပ်သို့တက်လာသော ခွေးညိုနောင်တို့တည်း။ သရဲကိုရိုက်မည်ဟု အားခဲထားသော နှစ်ယောက်သားမှာ ငိုအားထက် ရယ်အားသန်ကြရလေသည်။

ထိုသို့ရယ်မောနေစဉ် အိမ်ခေါင်မိုးပေါ်က လူလမ်းလျှောက်သံလိုလို ကြားကြရပြန်သည်။ ဒုန်းဒုန်း ဒိုင်းဒိုင်းအသံများကို ကြားကြရသည်။ နှစ်ဦးသားသည် ခေါင်မိုးပေါ်သို့ တက်ရန် လမ်းကိုရှာကြသည်။ သူတို့အိပ်သောအခန်းနှင့်ကပ်လျက် နံရံနှစ်ခုကြားတွင် မျက်နှာကြက်သို့တက်သော လှေကားငယ်ကို တွေ့ကြရသည်။ လှေကားအတိုင်း တက်သွားသောအခါ မျက်နှာကြက်ပေါ်သို့ ရောက်သွားကြသည်။ ထိုအခါ ခေါင်မိုးမှ သံချက်များ ကြိုးကြိုးကွကွ မြည်နေသည်ကို ကြားကြရသည်။ သွပ်များသည် သံချက်များမှ ရုန်းကန်နေသည်။ စင်စစ်မှာ နေ့ခင်းက နေအပူရှိန်သည် သွပ်များကိုပြင်းစွာ ပူစေခဲ့သည်။ သွပ်များသည် အပူရှိန်ကြောင့် ပြန့်ကွ၍နေခဲ့သည်။ ညတွင် အအေးဓာတ်ကြောင့် သွပ်များသည် ကွနေရာမှ ကျုံ့လာပြန်သည်။ ထို့ကြောင့် သံချက်များမှ တကျွတ်ကျွတ်မြည်နေခြင်းဖြစ်သည်။

သူတို့နှစ်ယောက်သား သရဲခြောက်သည်ဆိုသော အိမ်ကြီး၏ အဖြစ်မှန်ကို လက်တွေ့ သိကြရသည်။ သူတို့နှစ်ယောက် ဒုက္ခခံ၍ လေ့လာစုံစမ်းတွေ့ရှိမှုကြောင့် နောင်တွင် ထိုအိမ်ကြီး၌ သရဲခြောက်သည်ဟု မည်သူကမျှ မပြောတော့ချေ။

**(၂၀ ရာစု နှောင်းပိုင်း)** **ဆရာဝန်တင်ရွှေ**

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ | ကျုံ့ | = အလျားအနံ ကျဉ်းသွားသည်။ |
| ၂။ | ဂရုစိုက် | = အရေးတယူပြုသည်။ |
| ၃။ | ဆန်းစစ် | = စိစစ်သည်။ စူးစမ်းသည်။ |
| ၄။ | မျက်နှာကြက် | = အမိုးအောက် ကပ်ခံထားသောအပြင်။ |
| ၅။ | ရုန်းကန် | = ခြေလက်စသည်ဖြင့် တွန်းထိုးကန်ကျောက်လူးလှိမ့်သည်။ လွတ်မြောက်အောင် အားထုတ်သည်။ |
| ၆။ | လေ့လာ | = အထပ်ထပ်အပြန်ပြန်ကြည့်ရှုမှတ်သားသည်။ |
| ၇။ | လင်းဝက် | = သစ်ခေါင်းများတွင်နေလေ့ရှိပြီး ညဉ့်အခါတွင် ကျက်စားတတ်သော ငှက်ကြီးတစ်မျိုး။ |
| ၈။ | အကဲခတ် | = စိတ်နေသဘောထား၊ အခြေအနေ စသည်ကိုသိအောင် တိတ်တဆိတ် လေ့လာသည်။ |

**အဓိကအချက်များ**

- သရဲခြောက်သည်ဆိုခြင်းကို လူအများက ယုံကြည်တတ်ကြသည်။
- ကိုယ်တိုင်မတွေ့ကြုံရဘဲ တစ်ဆင့်စကားနှင့် ကြောက်တတ်ကြသည်။
- တစ်ဆင့်စကားကို ယုံကြည်ခြင်းထက် ကိုယ်တိုင်စူးစမ်းလေ့လာခြင်းက အမှန်တရားကို အသေအချာ တွေ့နိုင်သည်။
- စူးစမ်းလေ့လာရာတွင် စနစ်တကျဖြစ်ရန် လိုအပ်သည်။

**လေ့ကျင့်ခန်း**

အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။ အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။

၁။ "ဆိုးဆိုးရွားရွား" ဟူသော စကားလုံးသည် "ဆိုးရွား"ဟူသည့် မူလစကားလုံးကို နှစ်ကြိမ်ထပ် ရေးသားထားခြင်းဖြစ်သည်။ အောက်ပါနှစ်ကြိမ်ထပ်စကားလုံးများ၏ မူလစကားလုံးကို ဖော်ပြပေးပါ။

(က) နီနီရဲရဲ (ခ) စူးစူးစိုက်စိုက် (ဂ) ဒုန်းဒုန်းဒိုင်းဒိုင်း (ဃ) သဲသဲကွဲကွဲ (င) ပီပီသသ

၂။ အောက်ပါတို့ကို ဝါကျဖွဲ့ပါ။

အကဲခတ်၊ မျက်နှာကြက်၊ ညစောင့်၊ ဂရုစိုက်၊ လေ့လာ။

၃။ ဆရာဝန်တင်ရွှေတို့ စူးစမ်းခဲ့သည့် ပြဿနာများ၏အဖြေကို သင်တွေ့ပါသလား။ ဖြေပေးပါ။

| စဉ် | ထင်မြင်ချက် | ဖြစ်ရပ်မှန် |
|---|---|---|
| ၁။ | သရဲကခြင်ထောင်ကို လာဆွဲခြင်း | |
| ၂။ | အသက်ထွက်လုဆဲဆဲ လူနာညည်းသံ | |
| ၃။ | အခန်းထောင့်ရှိ နီရဲသောမျက်လုံးအစုံ | |
| ၄။ | လှေကားက တက်လာသောခြေသံ | |
| ၅။ | ခေါင်မိုးပေါ်က ဒုန်းဒုန်းဒိုင်းဒိုင်းအသံ | |


၄။ သရဲခြောက်သည်ဆိုသော အိမ်ကြီးဝတ္ထုတိုကိုသင်နှစ်သက်ပါသလား။ အဘယ်ကြောင့်နည်း။

၅။ သရဲခြောက်သည်ဆိုသော အိမ်ကြီးဝတ္ထုတိုတွင် ပါဝင်သောဇာတ်ဆောင်များနှင့် ကာလဒေသ နောက်ခံကို သူငယ်ချင်းများနှင့် ဆွေးနွေးအဖြေရှာကြည့်ပါ။

## ၇။ ဆောင်းပါး (သုတစကားပြေ)

အောက်ပါဆောင်းပါးကို ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာနားထောင်ပါ။



**မြန်မာ့ဆိုင်းဝိုင်း**

ကမ္ဘာပေါ်ရှိလူမျိုးအသီးသီးတွင် ကိုယ်ပိုင်အနုပညာရှိသည်။ အနုပညာသည် ကမ္ဘာ့လူမျိုးအသီးသီးနှင့် ဆက်သွယ်ရာ၌ မိတ္တဗလမဏ္ဍိုင်အဖြစ် အလွန်အရေးပါသည်။ လူမျိုးတစ်မျိုး၏ အနုပညာကို လေ့လာကြည့်လျှင် ထိုလူမျိုး၏ ယဉ်ကျေးမှု အဆင့်အတန်းကို ခန့်မှန်းနိုင်သည်။

မြန်မာ့အနုပညာသည် အခြေအမြစ်နှင့် စနစ်တကျ တိုးတက်လာသောပညာဖြစ်သည်။ သဘင် အဆို၊ အပြော၊ အကတို့ကို စည်းစနစ်ကျနစွာ လေ့လာသင်ကြားရသကဲ့သို့ ဂီတသီချင်း၊ အတီးအမှုတ် ပညာကိုလည်း အခြေခံမှစကာ စနစ်တကျသင်ယူမှ တတ်မြောက်နိုင်သည်။ မြန်မာတို့၏ ကိုယ်ပိုင်အတီး တူရိယာမှာ ဆိုင်းဖြစ်သည်။

ဆိုင်းတူရိယာသည် မြန်မာတို့အဖို့ ဂုဏ်ယူဖွယ်ရာ ကိုယ်ပိုင်တူရိယာဖြစ်သည်။ ဆိုင်းဝိုင်းကို အခမ်းအနားများတွင်သုံးသည်။ လမ်းလျှောက်ရင်း တီးမှုတ်နိုင်သော ဒိုးပတ်ဝိုင်းနှင့် အိုးစည်ဝိုင်းတို့သည် မြန်မာ့ဆိုင်းဝိုင်းကြီး၏ အခက်အလက်များဖြစ်သည်။

ဆိုင်းဝိုင်းဟုခေါ်ခြင်းအကြောင်းမှာ ပန်းပြားကြီးရှစ်ခုကိုဝိုင်း၍ ပတ်လုံးများ၌ပါရှိသော ကြိုးဖြင့် ချည်နှောင်ကာ ဆိုင်းထားရသောကြောင့်ဖြစ်သည်။ ဆိုင်းဝိုင်းကို ပတ်ဝိုင်းဟုလည်းခေါ်သည်။ ပတ်ဝိုင်း၏ အဓိပ္ပာယ်မှာ ပတ်လုံးများကို ဝိုင်းဖွဲ့ထားခြင်းပင်ဖြစ်သည်။ ဤသို့ပတ်ဝိုင်းနှင့် ဆိုင်းဝိုင်းတို့သည် သဘောချင်း တူညီသော်လည်း ယခုအခါတွင် ဆိုင်းဝိုင်းဟုဆိုလိုက်လျှင် ပတ်ဝိုင်းကြီး အပါအဝင် ၎င်းနှင့်အတူ တွဲဖက် တီးမှုတ်ရသော တူရိယာများပါဝင်သည့် အတီး၊ အမှုတ်အဖွဲ့တစ်ခုလုံးကို ဆိုလိုကြောင်း နားလည်ကြသည်။

ဆိုင်းဝိုင်းဖွဲ့စည်းထားပုံမှာ မှန်စီရွှေချထားသော ပန်းပြားကြီးရှစ်ခုကို ဆက်စပ်ဝိုင်းဖွဲ့ကာ ဗုံများကို ချိတ်ဆွဲထားသည်။ ပန်းပြားကြီးတစ်ခုလျှင် အကျယ်နှစ်ပေခန့်ရှိသည်။ ပန်းပြားကြီး ရှစ်ခုအနက် တစ်ခုတွင် ဆိုင်းဆရာဝင်ရန်ထွက်ရန် အပေါက်တစ်ပေါက်ရှိသည်။ ထိုအပေါက်ကို မင်းပေါက်ဟု ခေါ်သည်။

ဆိုင်းဝိုင်း၏အဝန်းမှာ တစ်ဆယ့်ငါးပေနှင့် ဆယ်လက်မခွဲရှိသည်။ ဆိုင်းဝိုင်း၏ အမြင့်မှာ ခြေထောက်အပါအဝင် နှစ်ပေရှစ်လက်မခန့်ရှိသည်။ ပတ်လုံးများကိုဆွဲချိတ်ရာ၌ ပတ်လုံးနှင့် ပန်းပြားတို့ မထိကပ်ရလေအောင် ပန်းပြားအတွင်း၌ ကြိမ်နှင့်သံကို ယှက်၍ခံထားသည်။ ၎င်းကိုပတ်ခံဟူ၍လည်းကောင်း၊ ပတ်ခေါင်းအုံးဟူ၍လည်းကောင်းခေါ်သည်။ ပတ်ဝိုင်း၏ ပန်းပြားထိပ်များတွင် ဖန်ပဒိုင်းခေါ် ဖန်အိုးရောင်စုံများကို တပ်ဆင်လေ့ရှိသည်။

ဆိုင်းဝိုင်းအဖွဲ့တစ်ဖွဲ့၌ တီးမှုတ်သူ ခုနစ်ယောက်မှ ဆယ်ယောက်ကျော်အထိ ပါဝင်ပါသည်။ ၎င်းတို့မှာ ဆိုင်းဆရာ၊ ကြေးတီး၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက်ပတ်မတီး၊ စည်းတီး၊ ဝါးတီးတို့ဖြစ်သည်။ ဆိုင်းဝိုင်းကြီးများတွင်မူ ထိုခုနစ်ဦးအပြင် နှဲငယ်နှစ်လက်၊ မောင်းနှင့် ဝါးတီးများကို တိုးချဲ့ထည့်သွင်းထားသည်။ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့တွင် ပတ်ဝိုင်းတီးသူကို ဆိုင်းဆရာ၊ ဆိုင်းဝိုင်းဆရာ ပတ်တီးခေါင်းဆောင်ဟုခေါ်သည်။ ရှေးအခါက ရွာစားရသည့် ဆိုင်းဆရာကိုသာ ရွာစားဟု ခေါ်သော်လည်း နောက်ပိုင်းခေတ်များတွင်မူ ဆိုင်းဆရာအားလုံးကို ရွာမစားရသော်လည်း ရွာစားဟုသာ ခေါ်တော့သည်။

ဆိုင်းဝိုင်းစီစဉ်ထားပုံမှာ ရှေ့တန်းတွင် ဆိုင်းဆရာ၊ ကြေးတီးနှင့် ပတ်မတီးတို့ ထိုင်ကြသည်။ နောက်တန်းတွင် ကျန်အဖွဲ့သားများထိုင်ကြရသည်။ တီးဝိုင်းသားများအပြင် နောက်ထများလည်း နှစ်ယောက်မှ သုံးယောက်အထိ ပါဝင်သည်။ နောက်ထများအနက် အဆိုကောင်းတစ်ယောက်၊ အပြောကောင်းတစ်ယောက်၊ အသောကောင်းတစ်ယောက် ပါတတ်မြဲဖြစ်သည်။ ရှေးအခါက ပတ်ဝိုင်းတွင်းရှိ ဆိုင်းဆရာသည် ပရိသတ်ကို စကားပြောဆိုခြင်းမရှိပေ။ နောင်အခါမှ ဆိုင်းဆရာက ပရိသတ်ကို အဆိုအပြောဖြင့် ဖျော်ဖြေမှုရှိလာသည်။

မြန်မာတိုင်းရင်းသားတို့သည် မွေးဖွားသည့်အချိန်မှစ၍ ကွယ်လွန်သည့်အချိန်တိုင်အောင် သာရေးနာရေးအစရှိသည့် လူမှုကိစ္စအဝဝတွင် ဆိုင်းမပါလျှင်ပွဲမဖြစ်ဟု ဆိုရလောက်အောင်ပင် ဆိုင်းကို နှစ်သက်စွာအသုံးပြုကြသည်။ တီးမှုတ်နည်းတို့မှာ သာရေးနာရေးအကြောင်းကိစ္စကိုလိုက်၍ အမျိုးမျိုးရှိပြန်သည်။

မြန်မာ့တူရိယာများသည် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့ လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်လောက်ကစ၍ ရောက်ပေါက်ခဲ့သည်။ မြန်မာ့တူရိယာတို့အနက် ဆိုင်းဝိုင်းကို တိုင်းတစ်ပါးသားတို့ အထူးစိတ်ဝင်စားကာ နှစ်သက်ချီးကျူးကြသည်။ မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် အိန္ဒိယပြည် ရတနာဂီရိသို့ နေမျိုးဗလကျော်သူဘွဲ့ရ စိန်ဗေဒါ (ဦးမောင်ကလေး)သည်လည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၂၈၅ ခုနှစ်က အင်္ဂလန်ပြည် ဝင်ဘလီအခမ်းအနားသို့ ဆရာညို၏အဖွဲ့သည်လည်းကောင်း၊ အိန္ဒိယပြည် နယူးဒေလီမြို့တွင်ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ဝဏ္ဏကျော်ထင် ဦးဖိုးစိန်၏အဖွဲ့သည်လည်းကောင်း၊ ယိုးဒယားနှင့် ဆိုဗီယက်နိုင်ငံများသို့ အလင်္ကာကျော်စွာဦးဟံပ၊ စိန်ကုလားစသူတို့၏ တူရိယာအဖွဲ့များသည်လည်းကောင်း သွားရောက်တီးမှုတ်ခဲ့ကြသည်။

ထို့အပြင် ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ် တက္ကသိုလ်မှ ဒေါက်တာဝဒ်ကီးယားဦးဆောင်သော နိုင်ငံခြားသားပညာရှင်အဖွဲ့သည် မန္တလေးသို့လာရောက်ပြီး မြန်မာ့ဆိုင်းဝိုင်းကြီးအကြောင်း လေ့လာမှတ်တမ်းတင်ခဲ့သည်။

မြန်မာ့တူရိယာတို့၏ တူရိယာဂီတရေးမူများသည် နည်းစနစ်ကျနသည့် အခြေခံနှင့်ပြည့်စုံသော မူများဖြစ်၍ မပျောက်မပျက် တည်မြဲနိုင်ခဲ့ခြင်းဖြစ်ပေသည်။

**ခက်ဆစ်အဖွင့်**

၁။ ဂီတ = သီဆိုတီးမှုတ်ခြင်း။

၂။ စည်း = သီဆိုတီးမှုတ်ရာတွင် အဖြတ်အရပ် ကန့်သတ်ပေးသော အသံလွင်ကိရိယာ။

၃။ တူရိယာ = စည်၊ စောင်း၊ မောင်း၊ နှဲ စသည့်တီးမှုတ်ရသောပစ္စည်း။

၄။ ဒိုးပတ် = လည်တွင်လွယ်၍ တီးရသောဗုံတို။

၅။ နောက်ထ = ဆိုင်းဝိုင်း၏နောက်မှ မတ်တတ်ရပ်ကာ ပြောဆိုခြင်း၊ ဆိုင်းဆင့်ခြင်း၊ ပြက်လုံးထုတ်ခြင်းပြုရသူ။

၆။ နှဲ = သစ်ထွင်းလေမှုတ်တူရိယာ။

၇။ ပလွေ = လက်နှိပ်ပေါက်များပါသည့် ဝါးဖြင့်ပြုလုပ်ထားသော လေမှုတ်တူရိယာတစ်မျိုး။

၈။ ပတ်မကြီး = ဆိုင်းဝိုင်းတွင်အကြီးဆုံးဗုံ။

၉။ ပတ်လုံး = ပတ်ဝိုင်းတွင်ချိတ်ဆွဲ၍ တီးသည့်ဗုံများ။

၁၀။ ပတ်ဝိုင်း = ပတ်လုံးများကို ကြီးစဉ်ငယ်လိုက် ချိတ်ဆွဲထားသော တူရိယာ။

၁၁။ မောင်း = ကြေးစသည်ဖြင့် သွန်းလုပ်ထားသော အသံမြည်ဟည်းအောင် ထုနှက်တီးရသောပစ္စည်း။

၁၂။ မဏ္ဍိုင် = အလယ်ဗဟို၊ အချက်အချာ။

၁၃။ မိတ္တဗလ = မိတ်ဆွေခင်ပွန်းများ ပေါင်းသင်းဆက်ဆံမှုစွမ်းရည်။

၁၄။ မြန်မာသက္ကရာဇ် = မြန်မာတို့ မှတ်သားသုံးစွဲလာခဲ့သော နှစ်အရေအတွက်။

၁၅။ ရွာစား = မြန်မာမင်းလက်ထက်ကကျေးရွာအပိုင်စားပေးခြင်းခံရသောသူ၊ ဆိုင်းဆရာ။

၁၆။ ဝါး = တီးမှုတ်ရာတွင် အချိန်ပိုင်းကန့်ပေးရန် တီးခေါက်ရသော တုံး သို့မဟုတ် ဝါးပစ္စည်း။ (စည်းနှင့်ဝါး တွဲဖက်တီးရသည်။)

**အဓိကအချက်များ**

- မြန်မာတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုအနုပညာရှိပြီး ကိုယ်ပိုင်အတီးတူရိယာမှာ ဆိုင်းဝိုင်းဖြစ်သည်။
- အခမ်းအနား၊ ပွဲလမ်းသဘင်များတွင်သုံးသည်။
- ဒိုးပတ်ဝိုင်းနှင့် အိုးစည်ဝိုင်းတို့သည် ဆိုင်းဝိုင်း၏ အခက်အလက်များ ဖြစ်ကြသည်။
- မြန်မာ့တူရိယာတို့အနက် ဆိုင်းဝိုင်းကို တိုင်းတစ်ပါးသားတို့ အထူးစိတ်ဝင်စားသည်။ တိုင်းတစ်ပါးသို့ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က စတင်ရောက်ခဲ့သည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ စာလုံးပေါင်းအမှန်ကို မျဉ်းသားပါ။

(စိုင်းဝိုင်း၊ ဆိုင်းဝိုင်း)အဖွဲ့(တစ်ဖွဲ့၊ တဖွဲ့)၌တီးမှုတ်သူ(ခုနစ်၊ခုနှစ်)ယောက်မှ ဆယ်ယောက်ကျော်အထိပါဝင်ပါသည်။ ၎င်းတို့မှာ ဆိုင်းဆရာ၊ (ကြေးတီး၊ ကြည်းတီး)၊ ပတ်မတီး၊ နှဲဆရာ၊ လက်ထောက်ပတ်မတီး၊ (စည်းတီး၊ စီးတီး)၊ ဝါးတီးတို့ ဖြစ်ကြသည်။

၂။ အနက်အဓိပ္ပာယ်တူနှစ်ခုကိုယှဉ်တွဲပါ။

| | |
|---|---|
| (၁) ဆိုင်းဆရာ | (က) ပတ်ခေါင်းအုံး |
| (၂) ဖန်ပဒိုင်း | (ခ) ရွာစား |
| (၃) ဆိုင်းဝိုင်း | (ဂ) ပတ်တီးခေါင်းဆောင် |
| (၄) ပတ်ခံ | (ဃ) ပတ်ဝိုင်း |
| (၅) ပတ်ဝိုင်းတီးသူ | (င) ဖန်အိုးရောင်စုံ |

၃။ အောက်ပါစကားလုံးတို့ကိုဝါကျဖွဲ့ပါ။

ယဉ်ကျေးမှု၊ ဆိုင်းဝိုင်း၊ ဒိုးပတ်၊ နှဲ၊ မောင်း၊ စည်း၊ ဝါး။


၄။ မြန်မာ့ဆိုင်းဝိုင်းကြီးတွင်ပါသောတူရိယာများကိုဖော်ပြပါ။

၅။ သင်တို့ဒေသရှိ ဂီတတူရိယာများကိုဖော်ပြပါ။ ထိုတူရိယာများကို မည်သည့်ပွဲလမ်းသဘင် အခမ်းအနားများတွင် အသုံးပြုလေ့ရှိကြသနည်း။ မိမိတို့၏ ကိုယ်ပိုင်အနုပညာကို ထိန်းသိမ်းသင့်သည်ဟု ထင်ပါသလား။ သင်၏အမြင်ကို ဆွေးနွေးပါ။

## ၈။ တြိချိုးတွဲ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။

မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### ကန်ပေါင်

ကန်ပေါင်ကို အလည်သွားစို့
လိုက်မလား အထွေးရေ
မြူးကြမယ်လေ။
ရန့်ငယ်ဝေ
လေပြည်က အေး။
ပဒုမ္မာ ကြာနီမင်းက
သင်းပျံ့ပျံ့ မွှေး။

ကန်လယ်မှာ ဖော်မမှီးတဲ့
ကြာငုံကြီး တစ်ကိုယ်တော်
မိုးဝသို့မျှော်။

ပြုံးလို့သာ မော်
ပျော်ရှာထင့်လေး။
ရေနန်းသူ သူ့အဆင်းမှာ
ဝင်းပပအေး။

ကန်ရေပြင် ငြိမ်ငြိမ်သက်မှာ
ပိန်းကြာရွက် လှေငယ်လို
စီးမယ်လို့ဆို။
ရီးလေးသံချိုချို
သီဆိုလို့ မြူး။
လေပြည် သုန်သုန်ဝှေ့လို့
လှိုင်းရွှေ့ရွှေ့ လူး။

(၂၀ ရာစု နှောင်းပိုင်း) နုယဉ်

**ခက်ဆစ်အဖွင့်**

၁။ ကန်ပေါင် = ရေကန်ပတ်လည်တွင် ဖို့လုပ်ထားသောမြေရိုး။

၂။ တစ်ကိုယ်တော် = တစ်ယောက်ထီးတည်း။

၃။ ပဒုမ္မာကြာ = ရိုးတံမာ၍ဆူးရှိသော၊ အများအားဖြင့် ပန်းရောင်အပွင့်ကြီးပွင့်သော ကြာမျိုးငါးပါးဝင် ကြာတစ်မျိုး။

၄။ မြူး = ပျော်ရွှင်ဝမ်းသာ၍ လှုပ်ရှားသည်။ ကြွရွလှုပ်ရှားသည်။

၅။ ရနံ့ = ကောင်းသောအနံ့။

၆။ ရေနန်းသူ = ရေတွင်ပေါက်သော ကြာပန်း။

၇။ လေပြည် = ညင်သာစွာတိုက်သောလေ။

၈။ အဆင်း = ရုပ်သွင်ပြင်နှင့် အရောင်အသွေး။

**အဓိကအချက်များ**

- ရေကန်မှာ ကြာရှိမှ တင့်တယ်သည်။ ပဒုမ္မာကြာပွင့်ကြီးများက လှပသလို ကြာဖူးကြာငုံများကလည်း လှပသည်။ ကြာပန်းရနံ့ သင်းပျံ့မွှေးကြိုင်နေသည့် ကြာကန်များရှိသော ကျေးလက်ရှုခင်းများသည် ကြည်နူးဖွယ် ကောင်းလှသည်။
- မိုးပြာပြာအောက်ရှိ ကန်ရေပြင်ငြိမ်ငြိမ်ပေါ်တွင် ပိန်းကြာရွက်ကို လှေလုပ်၍စီးရလျှင် ပျော်စရာကောင်းသည်ဟုယူဆလျက် ပျော်မြူးနေသည့် ကလေးငယ်တို့၏ အသွင်ကို မြင်ယောင်လာမိသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် "လည်" နှင့် "လယ်" ဟူသည့်စကားလုံးများကို မှန်အောင်ဖြည့်ပါ။

ထွေးညိုတစ်ယောက် မနက်ဝေလီဝေလင်းကတည်းက -------ထဲ၌ ပျိုးနုတ်နေသည်မှာ နေ့-----ရောက်သည့်တိုင် မပြီးသေး။ အိမ် --------လာသည့် ဧည့်သည်များကို ရွာ--------က ဘဘုန်းကြီးဆီ ပို့ရန်ရှိသေးသဖြင့် ပျိုးပင်များကို ခပ်မြန်မြန်နုတ်နေလေသည်။

၂။ အောက်ပါ စကားလုံးများကို ဝါကျဖွဲ့ပါ။

ကန်ပေါင်၊ ကြာငုံ၊ ကန်ရေပြင်၊ တစ်ကိုယ်တော်၊ သင်းပျံ့။

၃။ "ကန်လယ်မှာ ဖော်မမှီးတဲ့၊ ကြာငုံကြီးတစ်ကိုယ်တော်၊ မိုးဝသို့မျှော်" ဟူသည့် ကဗျာစာသားကို သင့်စကားဖြင့် ပြန်ရေးပါ။

၄။ ကဗျာမှ "အေး" ကာရန်ပါသောစကားလုံးများကို ရွေးထုတ်ပေးပါ။

Option ၅။ ကန်ပေါင်ကဗျာမှ မြင်ရသော ကြည်နူးဖွယ်မြင်ကွင်းကို သရုပ်ဖော်ရေးသားပါ။

## ၉။ အတ္ထုပ္ပတ္တိ (သုတရသစကားပြေ)

အောက်ပါအတ္ထုပ္ပတ္တိကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာနားထောင်ပါ။



### ပထမလူမှုဝန်ထမ်းအမျိုးသမီးဒေါ်ဦးဇွန်း

မင်းကွန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သော ဒေါ်ဦးဇွန်းကို ၁၂၃၀ပြည့်နှစ် ဝါခေါင် လပြည့်ကျော် ၅ရက် သောကြာနေ့တွင် ရတနာပုံနေပြည်တော်(မန္တလေးမြို့)၌ ဖွားမြင်သည်။ ဖခင်မှာ ဦးအိဖြစ်၍ မိခင်မှာ ဒေါ်မျှင်ဖြစ်လေသည်။ ဦးအိသည် အမရပူရမြို့ ရက်ကန်းစင်များမှ ပိုးထည်၊ ချည်ထည်တို့ကို အရောင်းအဝယ်ပြုသော ပိုးကုန်သည်ကြီးဖြစ်ရာ ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာသည်။ ရတနာပုံနေပြည်တော်တွင် အိမ်ကြီးရခိုင်ဖြင့် နေထိုင်နိုင်သည်။

ဒေါ်ဦးဇွန်းသည် တစ်ဦးတည်းသော သမီးကလေးဖြစ်သည်။ ရုပ်ရည်ရူပကာ လှပတင့်တယ်သည်နှင့်အမျှ စိတ်နေသဘောထားလည်း ထူးခြားမွန်မြတ်သူဖြစ်သည်။ ငယ်စဉ်ကပင် မိဘလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးခဲ့သည်။ အသက် ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ မိဘလုပ်ငန်းကို ဦးစီးဦးဆောင်ပြု၍ လုပ်ကိုင်ခဲ့ပေသည်။ ထို့ကြောင့် ပိုးထည်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အမြို့မြို့သို့ရောက်ခဲ့၏။ လူအမျိုးမျိုးနှင့် ပေါင်းသင်းဆက်ဆံခဲ့၏။ သို့ရာတွင် အိမ်ထောင်သားမွေးကားမပြုခဲ့။ အပျိုကြီးဘဝဖြင့် အရိုးထုတ်ခဲ့လေသည်။ ဒေါ်ဦးဇွန်းသည် အသက် ၃၀ အရွယ်တွင် အုတ်ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်၍ မန္တလေးမြို့ ပတ္တမြားဆရာတော်ဘုရားကြီးအား လှူဒါန်းခဲ့သည်။ ထိုမှစ၍ ပတ္တမြားအုတ်ကျောင်းအမ ဒေါ်ဦးဇွန်းဟူ၍ ထင်ရှားခဲ့သည်။

မိဘနှစ်ပါးကွယ်လွန်သောအခါ အမွေအနှစ်အားလုံးကို ဒေါ်ဦးဇွန်း ရလိုက်သည်။ မိဘနှစ်ပါးရှိစဉ်ကပင် ပိုးကုန်သည်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့သည်ဖြစ်ရာ၊ မိဘနှစ်ပါး မရှိသော်လည်း လုပ်ငန်းကို အခက်အခဲမရှိအောင်မြင်စွာ ဆက်လက်လုပ်ကိုင်နိုင်ခဲ့သည်။ ထို့ကြောင့် စီးပွားဥစ္စာတို့မှာ ဆုတ်ယုတ်

မသွား၊ တိုးတက်၍ပင်လာခဲ့ပေသည်။ သို့ရာတွင် သူသည် စည်းစိမ်ဥစ္စာများ၌မပျော်ပိုက်၊ စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိလှ။ ကွယ်လွန်သူ မိဘနှစ်ပါးကိုသာ သတိတရရဖြစ်နေသည်။ သို့ဖြင့် စိတ်ပြေလက်ပျောက်ဖြစ်စေရန် ရန်ကုန်သို့အလည်အပတ်ဆင်းလာသည်။ ဘရင်ဂျီဂိုဏ်းထောက်ဘုန်းတော်ကြီး ဘီဂင်ဒက် တည်ထောင်သော လူအိုရုံသို့ သွားရောက်လည်ပတ်ကြည့်ရှုသည်။ ခိုကိုးရာမဲ့ဖြစ်နေသော ဘိုးဘွားများအား ခရစ်ယာန်သီလရှင်များက ကောင်းစွာကျွေးမွေး စောင့်ရှောက်ပြုစုထားသည်ကို တွေ့ရသည်။ ထိုအခါ ထိုလုပ်ငန်း ကို ဒေါ်ဦးဇွန်း များစွာနှစ်သက်သဘောကျသွားသည်။ ခိုကိုးရာမဲ့ဖြစ်နေသော ဘိုးဘွားများကို ကျွေးမွေးစောင့်ရှောက်ခြင်းသည် မြတ်သောအမှု၊ မြတ်သောဒါနဖြစ်သည်ဟူ၍ တွေးမိသည်။ ယင်းသို့တွေးမိ၊ အကြံဖြစ်မိရာမှ ထိုလုပ်ငန်းကို မိမိကပင်စတင် ဦးဆောင်လုပ်တော့မည်။ ကွယ်လွန်သူမိဘနှစ်ပါးအားရည်မှတ်၍ ခိုကိုးရာမဲ့ဘိုးဘွားများကို ပြုစုစောင့်ရှောက်ခြင်းဖြင့် စိတ်ချမ်းသာမှုကို ရှာတော့မည်ဟူ၍ သန္နိဋ္ဌာန်ချလိုက်လေသည်။

သို့ဖြင့် မန္တလေးမြို့သို့ ပြန်ရောက်သောအခါ ဒေါ်ဦးဇွန်းသည် ထိုလုပ်ငန်းကိုစတင်အကောင်အထည် ဖော်လေသည်။ ရှေးဦးစွာ မင်းကွန်းရွာရှိမင်းကွန်းစေတီနှင့်မင်းကွန်းခေါင်းလောင်းအနီး အေးချမ်းသာယာလှသော မြေနေရာတွင် ကမ္ဘဋ္ဌာန်းကျောင်း ၃ ကျောင်း ဆောက်သည်။ ထို့နောက် အဘိုးအိုတစ်ဦးနှင့် အဘွားအိုနှစ်ဦး၊ ပေါင်း ၃ ဦးကိုထားရှိသည်။ သူတို့သုံးဦးကို ဒေါ်ဦးဇွန်းကိုယ်တိုင် အဖော်မိန်းကလေးတစ်ဦး၏ အကူအညီဖြင့် ကျွေးမွေးစောင့်ရှောက်ပြုစုသည်။ ၁၂၇၈ ခုနှစ်မှ စတင် လုပ်ဆောင်ရာ ၁၂၈၀ ပြည့်နှစ်တွင် ဘိုးဘွား၂၀ အထိ တိုးချဲ့လက်ခံထားရှိနိုင်ခဲ့သည်။ ထို ၂ နှစ် အတွင်း ကုန်ကျစရိတ်အဝဝကို ဒေါ်ဦးဇွန်းတစ်ဦးတည်းကပင် ကျခံပေသည်။

ထို့နောက် ဒေါ်ဦးဇွန်း၏လုပ်ငန်းကို အားပေးကူညီမည့် ပုဂ္ဂိုလ်နှစ်ဦးပေါ်လာသည်။ ဦးဘချမ်းနှင့် ဦးမောင်ကြီး(ဘီအိုင်အေ)တို့ဖြစ်သည်။ သူတို့ သုံးဦးပူးပေါင်းလျက် လူအိုရုံအသင်း တည်ထောင်ကာ ရန်ပုံငွေဖွင့်သည်။ အသင်းတည်ထောင်စ၌ အားပေးမည့်သူ နည်းပါးလှသဖြင့် ရှစ်နှစ်အတွင်း ရန်ပုံငွေ ရှစ်ထောင်သာရသည်။ သို့ရာတွင် မွန်မြတ်သောလုပ်ငန်းကို တိုင်းပြည်က တစ်စတစ်စ သဘောပေါက်နားလည်လာကြသဖြင့် မကြာမြင့်မီပင် ရန်ပုံငွေရှစ်ထောင်မှ လေးသိန်းအထိ တိုးတက်ရရှိလာသည်။ ထိုအခါ မင်းကွန်းလူအိုရုံကို ဘိုးဘွား ၂၅၀ အထိ တိုးချဲ့လက်ခံနိုင်သော အခြေသို့ရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ခေတ်မီရေလှောင်ကန်၊ မီးဖို၊ ဓမ္မာရုံစသည်တို့ထားရှိ၍လည်း လူအိုရုံလုပ်ငန်းကို ခေတ်မီစနစ်တကျ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ လူအိုရုံပိုင် မော်တော်ကားတစ်စီးပင် ထားနိုင်ကာ မန္တလေးဆိပ်ကမ်းမှ မင်းကွန်းလူအိုရုံသို့ သွားလိုသူများကို အခမဲ့နိဗ္ဗာန်ကူးတို့ပင် ပို့နိုင်ခဲ့လေသည်။

ယင်းသို့ မင်းကွန်းလူအိုရုံ တိုးတက်အောင်မြင်လာသောအခါ ဒေါ်ဦးဇွန်းသည် အခြားမြို့များတွင် လူအိုရုံများ တည်ထောင်နိုင်ရန် ကြိုးပမ်းပြန်သည်။ ၁၂၈၄ ခုနှစ်တွင် သထုံ မြသပိတ်တောင်ခြေ၌လည်းကောင်း၊ ၁၂၉၀ ပြည့်နှစ်တွင် ပေါင်းတည်၌လည်းကောင်း၊ ၁၂၉၄ ခုနှစ်တွင် ရန်ကုန်မြို့ နှင်းဆီကုန်း၌လည်းကောင်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူ၌လည်းကောင်း လူအိုရုံများတည်ထောင်ခဲ့သည်။

ဒေါ်ဦးဇွန်းသည် အသက် ၆၃ နှစ်အရွယ်တွင် ပေါင်းတည်မြို့လူအိုရုံ၌ သီလရှင်ဘဝသို့ ကူးပြောင်းလိုက်သည်။ သူကွယ်လွန်သည့်နေ့သည် မေလ ၁၁ ရက် ၁၉၄၄ ခုနှစ် စစ်အတွင်းကာလဖြစ်သည်။ ကွယ်လွန်ချိန်၌ အသက် ၇၆ နှစ် အရွယ်ဖြစ်သည်။ သူမြတ်နိုးခင်တွယ်လှသည့် မင်းကွန်း လူအိုရုံမှာပင် ကွယ်လွန်ရှာလေသည်။

ဒေါ်ဦးဇွန်း ကွယ်လွန်သော်လည်း သူ၏လုပ်ငန်းကားမကွယ်ခဲ့။ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကျယ်ပြန့်၍ပင် လာခဲ့ပေသည်။ ယနေ့မြန်မာနိုင်ငံတွင် ဒေါ်ဦးဇွန်း အုတ်မြစ်ချပေးခဲ့မှုကြောင့် လူအိုရုံခေါ် ဘိုးဘွားရိပ်သာများသည် တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေပြီ။ ဒေါ်ဦးဇွန်း အုတ်မြစ်ချခဲ့သောလုပ်ငန်းကို ပုဂ္ဂိုလ်ကြီးများ၊ အသင်းအဖွဲ့များသာမက နိုင်ငံတော်အစိုးရကပါ အလေးအမြတ်ထား၍ ဆောင်ရွက်နေလေပြီ။

**(၂၀ ရာစု နှောင်းပိုင်း)** **မင်းယုဝေ**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကမ္မဋ္ဌာန်းကျောင်း | = တရားကျင့်ရာ အဆောက်အအုံငယ်။ |
| ၂။ ခိုကိုးရာမဲ့ | = မှီခိုအားကိုးရမည့်သူကင်းမဲ့သည်။ |
| ၃။ နိဗ္ဗာန်ကူးတို့ | = ကုသိုလ်ဖြင့် အခမဲ့ ပို့ဆောင်ပေးသောယာဉ်။ နိဗ္ဗာန်ရောက်ကြောင်းတရား။ |
| ၄။ ရန်ပုံငွေ | = အသင်းအဖွဲ့စသည်တို့၌ လိုအပ်သည့်အခါသုံးရန် စုဆောင်းထားသောငွေ။ |
| ၅။ လူအိုရုံ | = ဘိုးဘွားရိပ်သာ။ |
| ၆။ သန္နိဋ္ဌာန်ချ | = ဆုံးဖြတ်ချက်ချသည်။ |
| ၇။ အရိုးထုတ် | = လက်ရှိလုပ်ငန်း၊ လက်ရှိဘဝတွင် အသက်ထက်ဆုံး စွဲမြဲစွာနေသည်။ |
| ၈။ အုတ်မြစ်ချ | = အခြေတည်သည်၊ အစပျိုးသည်။ |
| ၉။ အိမ်ကြီးရခိုင် | = ကြီးမားခိုင်ခံ့ထည်ဝါသောအိမ်။ |

**အဓိကအချက်များ**

- ဒေါ်ဦးဇွန်းသည် မြန်မာ့ပထမဦးဆုံး လူအိုရုံ (ဘိုးဘွားရိပ်သာ)ကို တည်ထောင်ခဲ့သူ လူမှုဝန်ထမ်း စံပြမြန်မာအမျိုးသမီးဖြစ်သည်။
- ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့်မိဘများမှ မွေးဖွားလာသည့် တစ်ဦးတည်းသောသမီးဖြစ်သည်။ ကွယ်လွန်သူမိဘနှစ်ပါးအား ရည်မှတ်၍ ခိုကိုးရာမဲ့ဘိုးဘွားများကိုပြုစုစောင့်ရှောက်လိုသော မွန်မြတ်သည့်စိတ်ထားဖြင့် လူအိုရုံများတည်ထောင်ခဲ့သည်။
- အခက်အခဲများ ကြုံတွေ့ရသော်လည်း လူမှုဝန်ထမ်းလုပ်ငန်းကို ဇွဲရှိရှိဖြင့် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။
- ပထမဦးဆုံးလူအိုရုံမှာ မင်းကွန်းအရပ်ရှိ လူအိုရုံဖြစ်ပြီး သထုံ၊ ပေါင်းတည်၊ ရန်ကုန်၊ ပခုက္ကူ မြို့များ၌လည်း လူအိုရုံများ တိုးချဲ့တည်ထောင်ခဲ့သည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါ လေးထောင့်ကွက်တစ်ခုစီတွင် ပထမ စကားလုံးနှင့် အနက်ဆန့်ကျင်သည့် စကားလုံးကို မျဉ်းသားပါ။

| | | | | |
|---|---|---|---|---|
| **သာဓက-** | | | | |
| ဖွားမြင် | လူအိုရုံ | ဦးစီး | ကြွယ်ဝ | အုတ်မြစ်ချ |
| မွေးဖွား | လူငယ်ရိပ်သာ | နောက်လိုက် | ချမ်းသာ | အစပျိုး |
| သေဆုံး | ဘိုးဘွားရိပ်သာ | ဦးဆောင် | ဆင်းရဲ | အဆုံးသတ် |

၂။ အောက်ပါစာပိုဒ်ရှိမျဉ်းသားထားသောစကားလုံးများကို အနက်တူသည့်စကားလုံးများနှင့် အစားထိုးပေးပါ။

မိဘနှစ်ပါးကွယ်လွန်သောအခါ အမွေအနှစ်အားလုံးကို ဒေါ်ဦးဇွန်း ရလိုက်သည်။ မိဘနှစ်ပါး ရှိစဉ်ကပင် ပိုးကုန်သည်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့သည်ဖြစ်ရာ၊ မိဘနှစ်ပါး မရှိသော်လည်း လုပ်ငန်းကို အခက်အခဲမရှိ ဆက်လက်လုပ်ကိုင်နိုင်ခဲ့သည်။ ထိုကြောင့် စီးပွားဥစ္စာတို့မှာ ဆုတ်ယုတ် မသွား၊ တိုးတက်၍ပင်လာခဲ့ပေသည်။ သို့ရာတွင် သူသည် စည်းစိမ်ဥစ္စာများ၌ မပျော်ပိုက်၊ စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိလှ။ ကွယ်လွန်သူ မိဘနှစ်ပါးကိုသာ သတိရနေသည်။

၃။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။
အိမ်ကြီးရခိုင်၊ အရိုးထုတ်၊ ခေတ်မီ၊ အုတ်မြစ်ချ၊ လူအိုရုံ။


၄။ ဒေါ်ဦးဇွန်းအတ္ထုပ္ပတ္တိကို ဖတ်ပြီးနောက် သင်ကြီးလာလျှင် ဒေါ်ဦးဇွန်းလို လုပ်နိုင်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၅။ သင်သိသော၊ သင်တွေ့ဖူးသော လူမှုဝန်ထမ်းစိတ်ရှိသူ တစ်ဦးအကြောင်းကို ရေးပါ။

## ၁၀။ စကားပုံ (အသုံးချဘာသာစကား)

အောက်ပါစာပိုဒ်များကို ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာ နားထောင်ပါ။



**ဆင်ဝေါဟာရအသုံးအနှုန်း**

မြန်မာလူမျိုးတို့သည် စကားပြောရာတွင်ဖြစ်စေ၊ စာရေးရာတွင်ဖြစ်စေ၊ မိမိပြောလို ရေးလိုသော အကြောင်းတစ်ခုကို ပိုမိုထင်ရှားပေါ်လွင်စေလိုလျှင် ခိုင်းနှိုင်း၍လည်းကောင်း၊ စကားပုံနှင့် ယှဉ်တွဲ၍ လည်းကောင်း ပြောဆိုရေးသားလေ့ရှိသည်။


ထိုသို့ ခိုင်းနှိုင်းရာတွင်လည်းကောင်း၊ စကားပုံနှင့် ယှဉ်တွဲရာတွင်လည်းကောင်း နှိုင်းစရာ၊ ယှဉ်တွဲစရာ အမျိုးမျိုးရှိသည့်အနက် လူတို့နှင့်နီးစပ်ရင်းနှီးပြီး အသုံးဝင်သော တိရစ္ဆာန်များကိုအသုံးပြု တတ်သည်။

ထိုတိရစ္ဆာန်များအထဲမှ ဆင်သည် မြန်မာများအဖို့ ခေတ်အဆက်ဆက် နီးစပ်ရင်းနှီး အသုံး ဝင်သော အဖိုးတန်သည့် တိရစ္ဆာန်ဖြစ်သည်။ ဆင်ကိုအခြေခံအကြောင်းပြု၍ ခိုင်းနှိုင်းသော စကားများ၊ စကားပုံများအဖြစ်နှင့် သုံးသောအသုံးအနှုန်းများ အများအပြားရှိသည်။

အမိအဖတို့သည် သားသမီးများအား ကောင်းစားကြီးပွားသည်ကို ကြည့်လိုမြင်လိုသည်ဟု ပြောလိုသည့်အခါတွင်**ဆင်စီးပြီးမြင်းရံ**တာကြည့်လိုသည်ဟု ပြောဆိုကြသည်။

သားသမီးများ ပျက်စီးဆင်းရဲဒုက္ခရောက်သည်ကို မကြည့်လိုဟု ပြောချင်သည့်အခါမှာမူ **ဆင်နင်းပြီး၊ မြင်းကန်**တာကို မကြည့်လိုဟု ပြောဆိုကြသည်။

တစ်စုံတစ်ခုသော အလုပ်ကိုလုပ်သည့်အခါ အလုပ်ပြီးလုနီးမှ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ လျှင်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် အခက်အခဲ၊ အနှောင့်အယှက်တွေ့နေလျှင် လည်းကောင်း **ဆင်ပြောင်ကြီး၊ အမြီးကျမှတစ်** ဟုညည်းညူကြလေသည်။




တစ်ယောက်နှင့်တစ်ယောက်ယှဉ်စရာ၊ ပြိုင်စရာကိစ္စပေါ်လာသည့်အခါတွင် တစ်ယောက်ယောက်က မိမိနှင့် ယှဉ်မည့်ပြိုင်မည့်သူသည် အဘက်ဘက်က အလွန်ကွာခြားနေကြောင်းပြလိုပြောလိုသည့်အခါတွင် **ဆင်နှင့် ဆိတ်လောက်ကွာ** ပါတယ်ဟု ကြွားဝါကြသည်။

လူတစ်ယောက်သည် ကိစ္စတစ်ခုခုကို ရဲရဲဝံ့ဝံ့ရင်ဆိုင်မဖြေရှင်းဘဲ ရှောင်ဖယ်ဖယ်လုပ်နေလျှင် **ဆင်ဝှေ့ ရန်ရှောင်** လုပ်မနေနဲ့ဟု ပြောတတ်ကြသည်။

အစဉ်းစားအဆင်ခြင်ဉာဏ်မရှိဘဲ၊ ဇွတ်တရွတ်ရှေ့တိုးလုပ်သည့်အခါ **ဆင်ကန်း တောတိုး** မလုပ်နဲ့ဟု သတိပေးကြသည်။ ပစ္စည်းများပေးဝေရာတွင် မမျှမတ အဆမတန် နည်းပါးနေသောအခါလည်း **ဆင့်ပါးစပ် နှမ်းပက်သလို** ပါပဲကွာ ဟု ပြောဆိုတတ်ကြသည်။

ကျီစယ်ကစားကြရာတွင် တစ်ယောက်နှင့်တစ်ယောက် အရွယ်သည်လည်းကောင်း၊ အင်အားသည်လည်းကောင်း မမျှမတကွာခြားနေသည့်အခါ အရွယ်အင်အားကြီးသူကို **ဆင်ကျီစားရာ၊ ဆိတ်မခံသာ**ဟု တားမြစ်တတ်ကြသည်။



တစ်စုံတစ်ခုကို ဝယ်ယူသည့်အခါတွင် ပင်မပစ္စည်းတန်ဖိုးထက် အပိုကိရိယာ တန်ဆာပလာ၏ တန်ဖိုးကကြီးမြင့်နေပါက **ဆင်ဖိုးထက် ချွန်းဖိုးကြီး**ဟု ပြောဆိုတတ်ပါသည်။ လုပ်ငန်းခွင်တွင် မိမိ၏ရာထူးဂုဏ်မှာ နိမ့်ပါးသော်လည်း မိမိထက်ရာထူးဂုဏ်အရှိန်အဝါရှိသူကိုမှီ၍ အခွင့်အရေးအရယူတတ်သူတို့ကို **ဆင်ဖြူတော်မှီ ကြံစုပ်**တယ် ဟုပြောတတ်ကြပါသည်။

အဖိုးထိုက်တန်သော၊ အရည်အသွေးမြင့်သောအရာတစ်ခု၊ လူတစ်ယောက်ကို မည်သို့မျှဖျက်ဆီး၍မရနိုင်ကြောင်း၊ ခိုင်မာစစ်မှန်လျှင် မည်သို့မျှဖျက်ဆီးမရနိုင်ကြောင်းကို **ဆင်စွယ်မှန် ပိုးမစား** ဟု ပြောဆိုကြပါသည်။

အလုပ်တာဝန်ပေးအပ်မည်ဆိုလျှင် မိမိတာဝန်ပေးအပ်မည့်သူနှင့်မိမိပေးမည့်တာဝန် မျှတနေရမည်ဖြစ်သည်။ မနိုင်သည့်ဝန်ကို ထမ်းခိုင်းလျှင် လုပ်ငန်းချောမွေ့အောင်မြင်ခြင်း မရှိနိုင်ပေ။ ဝန်နှင့်အားမမျှတသဖြင့် အလုပ်တာဝန်မပြီးရခြင်းဖြစ်ကြောင်းကို **ဆင်ချည်တဲ့ကြိုး ကြက်ချည်၊ ကြက်ချည်တဲ့ကြိုး ဆင်ချည်** သလိုလုပ်နေလို့ပါဟု ညည်းတွားတတ်ကြပါသည်။

ကြွယ်ဝချမ်းသာသူတို့သည် စီးပွားရေးကျဆင်းသွားသော်လည်း သာမန်သူတို့ထက်မူ စီးပွားဥစ္စာတို့မှာ ကျန်နေသေးသည်။ ထိုသို့သောအခြေအနေကိုဖော်ပြလိုသည့်အခါ **ဆင်ပိန် ကျွဲလောက်၊ ဆင်ကြုံ ကျွဲလောက်**ဟု ခိုင်းနှိုင်းပြောဆိုတတ်ကြပါသည်။

မိန်းမတစ်ယောက်သည် နွဲ့နောင်းယဉ်ကျေးစွာလမ်းလျှောက်သည့်အခါ **ဆင်မယဉ်သာ** ဟန်မျိုးနဲ့ဟု ချီးကျူးပြောဆိုကြသည်။

အပြစ်ကြီးတစ်ခုကို လုပ်မိ၍ ထိုအပြစ်ကို အခြားသူများ မသိမမြင်စေလိုသဖြင့် ဖုံးကွယ်ဖျောက်ဖျက်၏။ သို့ရာတွင်အပြစ်သည် မလုံခြုံမပျောက်ပျက်ဘဲ ပေါ်ပေါက်လျှင် **ဆင်သေကို ဆိတ်သားရေနှင့်ဖုံး** သလိုဟု မလုံမလဲရှိကြောင်း ခိုင်းနှိုင်းပြောတတ်ကြသည်။

မနိုင်မနင်းသောအလုပ်ကို လုပ်နိုင်လိမ့်မည်ထင်ပြီးလုပ်၏။ သို့ရာတွင် အောင်မြင်ထမြောက်ခြင်း မရှိလျှင်**ဆင့်ခေါင်း ခွေးမချီနိုင်**ဟု အပြစ်တင်ပြောကြ၏။

ဆင်ကိုအခြေခံ၍ တင်စားပြောဆိုသော အကြောင်းအရာတို့သည် များစွာရှိသေးသည်။

အလားတူပင် ကျားကိုလည်းကောင်း၊ ငါးကိုလည်းကောင်း၊ ခွေးကိုလည်းကောင်း၊ ကြောင်ကိုလည်းကောင်း လေ့လာ၍ ဘဝနှင့်ဟပ်မိအောင် ထိထိရောက်ရောက်ပြောသော စကားအသုံးအနှုန်းတို့သည် များစွာရှိသေးသည်။ နားစွင့်၍ထောင်ပါက နေ့စဉ်ကြားရလိမ့်မည်။

**ခက်ဆစ်အဖွင့်**

၁။ ကိစ္စ = ပြုသင့်ပြုအပ်သောအမှု။

၂။ ကြွားဝါ = သူတစ်ပါးအထင်ကြီးအောင် ပြောဆိုပြုမူသည်။

၃။ ချွန်း = ဆင်ကို လိုရာခိုင်းစေရာ၌ အသုံးပြုသည့် အဖျားတွင်သံဆူးကောက်တပ်ထားသည့် ကိရိယာ။

၄။ စကားပုံ = လူအများဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုပုံခိုင်းပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကား။

၅။ ညည်းညူ = ကိုယ်၊ စိတ် ဆင်းရဲပင်ပန်းကြောင်း ပြောသည်။

၆။ နွဲ့နောင်း = (ကိုယ်ဟန်) ပျော့ပျောင်းသော။

၇။ အပြစ်တင် = သူတစ်ပါးကို အပြစ်မကင်းကြောင်း၊ မှားကြောင်းပြောသည်။

**အဓိကအချက်များ**

- မြန်မာတို့သည် စကားပြောရာတွင်လည်းကောင်း၊ စာရေးသားရာတွင်လည်းကောင်း စကားပုံများနှင့် ယှဉ်တွဲ၍ ပြောဆိုရေးသားလေ့ရှိသည်။
- ထိုသို့ခိုင်းနှိုင်းရာတွင် မိမိတို့နှင့် နီးစပ်ရင်းနှီးပြီး အသုံးဝင်သောတိရစ္ဆာန်များကို အသုံးပြုတတ်သည်။
- ဆင်နှင့်ပတ်သက်သည့် စကားပုံများစွာရှိသည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် "စင်"၊ "စဉ်"နှင့် "ဆင်" ဟူသည့်စကားလုံးများကို မှန်အောင် ဖြည့်ပါ။

စာအုပ်------ပေါ်မှ စာအုပ်များအနက် --------အကြောင်းရေးထားသည့် စာအုပ်နှင့် -----ရော် ငှက်အကြောင်း ရေးထားသည့်စာအုပ်သည် အ-----သဖြင့် အငှားထွက်နေတတ်သည်။

၂။ အောက်ပါစကားပုံတို့ဖြင့် ဝါကျဖွဲ့ပါ။

ဆင်ပြောင်ကြီးအမြီးကျမှတစ်၊ ဆင်ကျီစားရာဆိတ်မခံသာ၊ ဆင့်ပါးစပ်နှမ်းပက်၊ ဆင်ဖြူတော်မှီ ကြံစုပ်၊ ဆင်ဖိုးထက် ချွန်းဖိုးကြီး။

၃။ စကားပုံဟူသည်အဘယ်နည်း။ အဘယ်ကြောင့် စကားပုံများကို အသုံးပြုကြသနည်း။

၄။ အောက်ပါစကားပုံများကို အနက်အဓိပ္ပာယ်တူသည့် စကားပုံများနှင့် ယှဉ်တွဲပေးပါ။

| | |
|---|---|
| (၁) မိုးရွာတုန်း ရေခံ | (က) ထွက်ပြီးသားဆင်စွယ် ပြန်ဝင်ရိုးမရှိ |
| (၂) ကြက်ဥပြုတ် သံတုတ်နှင့်ချ | (ခ) ယုန်ကမတိုး ပိုက်ကတိုး |
| (၃) ထွေးပြီးသားတံတွေး ပြန်မျိုရိုးမရှိ | (ဂ) နေပူတုန်း စပါးလှန်း |
| (၄) သေချင်သည့်ကျား တောပြောင်း | (ဃ) နှံပြီစုတ် အမြောက်နှင့်ချိန် |
| (၅) တုတ်ကမမှန် ကြက်ကမှန် | (င) ထိုင်နေအကောင်းသား ထသွားမှကျိုး |

၅။ အောက်ပါစကားပုံများမှ ဆန့်ကျင်ဘက်အနက်ရှိသည့် စကားပုံများနှင့် ယှဉ်တွဲပေးပါ။

| | |
|---|---|
| (၁) ဆင်စီး မြင်းရံ | (က) သေချင်သည့်ကျား တောပြောင်း |
| (၂) တစ်ရွာမပြောင်း သူကောင်းမဖြစ် | (ခ) ကြောက်တတ် ဝန်ကင်း |
| (၃) စစ်မရောက်ခင် မြားချွန် | (ဂ) ဆင်နင်း မြင်းကန် |
| (၄) ကြောက်ရင် လွဲ ရဲ မင်းဖြစ် | (ဃ) ဆရာများ သားသေ |
| (၅) ဆရာ မပြ နည်းမကျ | (င) မိုးလွန်မှ ထွန်ချ |

## ၁၁။ အချိုး (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။
မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။

### အမိတိုင်းပြည်

ထန်းပင်ကြီးတွေ ဝိုင်းလို့နေ
မောင်လေး မွေးရပ်မြေ။
အညာလှေနှင့် အောက်ပြည်သွား
ထန်းလျက် သနပ်ခါး။
စပါးပင်တွေ မှိုင်းလို့နေ
မလေး မွေးရပ်မြေ။
စပါးလှေနှင့် အညာသွား
ဆန်နှင့် ငါးပိ ဆား။
အညာအကြေ စုန်ဆန်နေ
လွန်းပြန်သွားတဲ့ လှေ။
မြစ်ဧရာ အပြာသား
ရွှေလက် ဆက်လို့ထား။



**(၂၀ ရာစုနှောင်းပိုင်း)　　တင်မိုး**

**ခက်ဆစ်အဖွင့်**

၁။ ထန်းလျက် = ထန်းရည်ချိုကိုချက်၍ ခဲထားသော စားဖွယ်။
၂။ မြစ်ဧရာ = ဧရာဝတီမြစ်။
၃။ လက်ဆက် = အဆက်အသွယ်ပြုသည်။ ဆက်ဆံသည်။
၄။ လွန်းပြန် = (ခရီးကို)ခေါက်တုံ့ ခေါက်ပြန်။
၅။ သနပ်ခါး = အသား၊ အခေါက်၊ အမြစ်တို့ကိုသွေး၍လိမ်းကျံရသော နံ့သာပင်တစ်မျိုး။
၆။ အကြေ = မြန်မာပြည်အောက်ပိုင်းဒေသ။
၇။ အညာ = မြန်မာပြည်အထက်ပိုင်းဒေသ။

**အဓိကအချက်များ**

- အထက်အညာဒေသမှ ထန်းလျက်နှင့် သနပ်ခါးကို အောက်ပြည်သို့ လှေနှင့်ပို့သည်။
- အောက်ပြည်မှ ဆန်၊ ငါးပိနှင့် ဆားတို့ကို အထက်အညာဒေသသို့ လှေနှင့်ပို့သည်။
- ဧရာဝတီမြစ်သည် အထက်အညာနှင့် အောက်ပြည်အောက်ရွာကို ဆက်သွယ်ပေးသော အရေးပါသည့် မြစ်ဖြစ်သည်။
- ဧရာဝတီမြစ်သည် အမိမြန်မာနိုင်ငံတော်၏ အဖိုးတန်ရတနာတစ်ပါးဖြစ်သည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားပြီးဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့ကို တစ်လုံးလျှင် စကားလုံး သုံးမျိုးစီရအောင် ပြုလုပ်ပေးပါ။
သနပ်ခါး၊ လှေ၊ မြေ၊ ထန်းလျက်၊ ငါးပိ၊ ဆား။

**သာဓက** - သနပ်ခါး → သနပ်ခါးခဲ
→ သနပ်ခါးတုံး
→ သနပ်ခါးကျောက်ပျဉ်

၂။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။
မွေးရပ်၊ သနပ်ခါး၊ စုန်ဆန်၊ အညာလှေ၊ ထန်းပင်။

၃။ အမိတိုင်းပြည် ကဗျာကိုဖတ်ပြီး မည်သို့ခံစားရသနည်း။

Option ၄။ အမိတိုင်းပြည်ကဗျာအရ ဧရာဝတီမြစ်ကြီးသည် အမိတိုင်းပြည်အတွက် မည်သို့ကျေးဇူးပြု နေသည်ဟု ထင်သနည်း။ သင်နားလည်သလိုဖြေဆိုပါ။

Option ၅။ မိမိတို့၏မွေးရပ်မြေသည် အမိတိုင်းပြည်၏ မည်သည့်အရပ်ဒေသတွင် တည်ရှိပါသနည်း။ မိမိတို့ အရပ်ဒေသ၏ သာယာမှုများကို စာ ၁၀ ကြောင်းခန့်ရေးပါ။

## ၁၂။ တစ်ခန်းရပ်ပြဇာတ် (ပြဇာတ်)

အောက်ပါပြဇာတ်ကို ဆရာစီစဉ်ထားသည့်အတိုင်း ဖတ်ပါ။ သရုပ်ဆောင်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။



**အသက်ရှူမဝလို့**

**<u>သရုပ်ဆောင်များ</u>**

| | |
|---|---|
| ၁။ ဆရာကြီး | ၆။ မလှလှ |
| ၂။ မောင်လှဝင်း | ၇။ မစံပယ် |
| ၃။ မောင်ဝင်းသန်း | ၈။ မဖူးငုံ |
| ၄။ မောင်ငြိမ်းချမ်း | ၉။ မလှဖြူ |
| ၅။ မမြမြ | |

**<u>ဇာတ်ခုံအပြင်အဆင်</u>**

စာသင်ခုံ၊ နောက်ခံကားအဖြစ် သင်ပုန်း၊ စားပွဲပေါ်၌ ဇလုံကြီးတစ်လုံး၊ ဖန်ခွက်တစ်ခွက်၊ ဖယောင်းတိုင်နှင့် မီးခြစ်တစ်လုံးရှိမည်။

**(ကားလိပ်ဖွင့်)**

(စားပွဲဘေး၌ ဆရာကြီးနှင့် တပည့်များ ဝိုင်းကြစေ။)

**ဆရာကြီး** – ဟေ့ မောင်လှဝင်း . . ရေတစ်ဖလားယူခိုင်းတာ ရပြီလားကွဲ့။

**မောင်လှဝင်း** – ရောက်နေပါပြီဆရာကြီး။ (ဝင်လာရင်းပြောစေ။)

**ဆရာကြီး** – ကဲ တပည့်တို့ ဒီစားပွဲနားလာပြီး ဝိုင်းကြည့်ကြ။ သေသေချာချာ ကြည့်ထားကြနော်။

**တပည့်များ** – ဟုတ်ကဲ့ပါဆရာကြီး။

**ဆရာကြီး** – ဟောကြည့်ကြ။ ဒီဇလုံထဲ ဒီဖယောင်းတိုင်ကို ဟောဒီလို ဟောဒီလို ခိုင်ခိုင်စိုက်ထားပြီး ရေလောင်းထည့်လိုက်ပြီ။ လက်နှစ်လုံးစာလောက် ရေရှိသွားပြီနော်။

**မမြမြ** – လက်နှစ်လုံးဆိုတာ ဘာပါလဲဆရာကြီးရှင့်။

**ဆရာကြီး** – အေး. . အေး. . ဟုတ်တယ်။ မေးသင့်တယ်။ သိလဲသိထားသင့်တယ်ကွဲ့။

(ဆရာကြီးက လက်ဝါးဖြန့်ပြပြီးမှ လက်ချောင်းနှစ်ချောင်းကိုစေ့စေ့ကပ်လျက် ခဲတံချောင်းနှင့် ကန့်လန့်ယှဉ်ပြစေ။)

ဟောဒီ လက်နှစ်ချောင်းရဲ့ ကန့်လန့်ပမာဏကို လက်နှစ်လုံးလို့ခေါ်တယ်။ လက်နှစ်သစ်လို့လဲ ခေါ်တယ်။ နားလည်တယ်နော်။

**တပည့်များ** – နားလည်ပါပြီဆရာကြီး။

**ဆရာကြီး** – ခု ရေငြိမ်သွားပြီ။ ဖယောင်းတိုင်ကို ဟောသည်လိုမီးညှိပြီးရင် ဒီဖန်ခွက်အကြည်နဲ့ အုပ်ထားလိုက်တယ်။

**မောင်ဝင်းသန်း** – ဆရာကြီး ရေကိုမီးရှို့ပစ်တာလား။

**တပည့်များ** – ဟား . . ဟား . . ဟား . . (ဝိုင်းရယ်ကြစေ။)

**ဆရာကြီး** – မီးရှို့တာလား။ မီးသတ်တာလား။ လက်တွေ့လုပ်ပြတာလေ။

**မလှလှ** – လက်တွေ့ဆိုတာကရော ဘာပါလဲ ဆရာကြီးရှင့်။

**မောင်ငြိမ်းချမ်း** – အို ဒါလောက်မှ မသိဘူးလား။ လက်နဲ့လုပ်။ မျက်စိနဲ့တွေ့မြင်အောင် ပြတာပေါ့ဟ။ ဒါများမေးစရာလား . . ။

**တပည့်များ** – အေးဟုတ်တယ်။ ဟုတ်တယ်။ (ဝိုင်းပြီးထောက်ခံကြစေ။)

**မောင်ဝင်းသန်း** – မီးတောက်ကလေးက ငြိမ်ငြိမ်လေးနဲ့လောင်နေပြီ။ ရေနဲ့မီး သတ်ကြတော့မှာပဲပေါ့။

**မောင်လှဝင်း** – ရေနဲ့မီးသတ်ကြရင် ရေကနိုင်မှာပေါ့။ မီးလောင်ရင် ရေနဲ့သတ်ရတာပဲလေ။

**မစံပယ်** – ရေများရေနိုင်၊ မီးများမီးနိုင်လို့လဲ ကြားဖူးတာပဲဟယ် . . ။

**ဆရာကြီး** – ကြည့်ထားကြ၊ သေချာကြည့်နေကြ။ ဟော. . ဟော . . မီးတောက်လေးက သေး . . သေးလာပြီ။

**မဖူးငုံ** – ရေနဲ့ထိဖို့ နီးလာပြီ။ နီးလာပြီ။ ဘာဖြစ်ကြမလဲဟ။

(ကျောင်းသားများ စိတ်ဝင်တစား ငေးကြည့်နေကြစေ။)

**တပည့်များ** – ဟာ . . မီးတောက်ကလေး သေသွားပြီ။ ရေနဲ့မထိဘဲ သေသွားရတယ်နော်။

**မဖူးငုံ** – သေသွားတယ် မပြောရပါဘူးနော်။ ငြိမ်းသွားတယ်ပြောရမှာပါ။

**ဆရာကြီး** – အေးအေး. . ငြိမ်းသွားတယ်လို့လဲပြောနိုင်တယ်။ သေသွားတယ်လို့လဲ ပြောနိုင်တယ်။

**မောင်လှဝင်း** – ဖန်ခွက်အုပ်ထားတာဆိုတော့ အသက်ရှူမဝလို့ဖြစ်မှာပဲ။

**တပည့်များ** – ဟား . . ဟား . . ဟား

**ဆရာကြီး** – ဟုတ်တယ်။ မောင်လှဝင်း ပြောတာမှန်တယ်။ အသက်ရှူမဝလို့ သေသွားတာပဲ။ ဖန်ခွက်နဲ့ အုပ်ထားပေမဲ့ ပထမတော့ ရေပေါ်က လေကိုလောင်နေတာ။ လေထဲမှာ ရှိတဲ့ အောက်ဆီဂျင်ဓာတ်ကိုလောင်ရင်း လင်းနေသေးတာ။ အောက်ဆီဂျင် ကုန်သွားတော့ မီးတောက်ကလေး သေသွားရတာပေါ့။

**မလှဖြူ** – အောက်ဆီဂျင်ဆိုတာကရော. . ဘာပါလဲဆရာကြီး။

**ဆရာကြီး** – ဟေ. . ဒီလောက်တော့သိပြီးဖြစ်သင့်တယ်။ ကဲ ထပ်ပြောပါအုံးမယ်။ သက်ရှိသတ္တဝါတွေအသက်ရှင်နိုင်အောင် ရှူနေရတဲ့ဓာတ်တစ်မျိုးပေါ့ကွဲ့. . ဒီဓာတ်ကို သစ်ပင်တွေက ထုတ်ပေးကြတာကွဲ့။ ဒါကြောင့် သစ်တောသစ်ပင်တွေ တိုးပွားအောင် ပြုစုပျိုးထောင်ကြရမယ်။ တပည့်တို့ကိုယ်တိုင်လဲ ပါဝင်စိုက်ကြရမယ်။

**တပည့်များ** – ဟုတ်ကဲ့ဆရာကြီး။ စိုက်ကြပါ့မယ်ရှင့်။

**မောင်လှဝင်း** – ကျွန်တော့်အိမ်မှာလဲ စိုက်ထားပါပြီ။

**မလှဖြူ** – ဘာပင်စိုက်တာလဲ ကိုလှဝင်း။

**မောင်လှဝင်း** – မြက်ပင်။

**မစံပယ်** – ဟယ်. . လှဝင်း၊ ဆရာကြီးရှေ့ မနောက်ရဘူးနော်။

**ဆရာကြီး** – အေးအေး . . မြက်ပင်ကလဲ အသုံးကျတာပဲ။ ဆေးဖက်လဲဝင်တယ်။ ဥယျာဉ်တွေထဲမှာ စိုက်ထားတဲ့မြက်ခင်းတွေဆိုလဲ အင်မတန် တန်ဖိုးကြီးတယ်ကွဲ့။

**တပည့်များ** – ဟုတ်ကဲ့ပါဆရာကြီး။

**(ကားလိပ်ချ)**

**(၂၀ ရာစု နှောင်းပိုင်း)** **ဇာတ်ဆရာ ကိုမြန်စာ**

**ခက်ဆစ်အဖွင့်**

၁။ တိုးပွား = ပွားများလာသည်။

၂။ ထောက်ခံ = မှန်ကန်ကြောင်း၊ သဘောတူကြောင်းဖော်ပြသည်။

၃။ ပျိုးထောင် = ပျိုးပင်များကြီးထွားလာစေရန် ဂရုတစိုက်ထူထောင်ပေးသည်။

၄။ သတ္တဝါ = အသက်ရှိ လူ၊ တိရစ္ဆာန်၊ ပိုးမွှားအားလုံး။

၅။ အောက်ဆီဂျင် = သတ္တဝါနှင့် သစ်ပင်တို့ အသက်ရှင်နိုင်ရန် မရှိမဖြစ်သော၊ အရောင်အဆင်း၊ အနံ့အရသာကင်းမဲ့သည့် ဓာတ်ငွေ့တစ်မျိုး။

၆။ အင်မတန် = အလွန်၊ ထူးထူးကဲကဲ။

**အဓိကအချက်များ**

- အောက်ဆီဂျင်သည် လူ၊ သတ္တဝါတို့ အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဓာတ်ငွေ့ ဖြစ်သည်။ အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည်မှာ သစ်ပင်များဖြစ်သဖြင့် သစ်ပင်များကို စိုက်ပျိုးပြုစုပျိုးထောင်ပေးရမည်။
- အောက်ဆီဂျင်ဓာတ်ငွေ့သည် မီးလောင်မှုကို အားပေးသည်။
- စာတွေ့ထက် လက်တွေ့ကို ကလေးများပို၍ စိတ်ဝင်စားကြသည်။
- ကျောင်းသားများကိုယ်တိုင် ပါဝင်လုပ်ဆောင်ရလျှင် စိတ်ဝင်စားပြီး ရေရှည်မှတ်မိသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါဇယားကွက်တစ်ခုစီတွင် ပထမစကားလုံးနှင့် အနက်တူစကားလုံးကို မျဉ်းသားပါ။

| | | | | |
|---|---|---|---|---|
| **သာဓက-** | | | | |
| <u>မီးငြိမ်း</u> | <u>မြင်</u> | <u>ပြုစု</u> | <u>နောက်ပြောင်</u> | <u>မီးသတ်</u> |
| မီးလောင် | တွေ့ | ပျိုးထောင် | တည်ငြိမ် | မီးပျိုး |
| <u>မီးသေ</u> | ကြား | လျစ်လျူရှု | ကျီစယ် | မီးငြိမ်း |

၂။ အောက်ပါစကားလုံးများကို အသုံးမှန်အောင်ယှဉ်တွဲပေးပါ။

(က) ရေ (၁) နှစ်သစ်
(ခ) သစ်ပင် (၂) သုံးချောင်း
(ဂ) ဖယောင်း (၃) တစ်ဖလား
(ဃ) ခဲတံ (၄) တစ်ပင်
(င) လက် (၅) နှစ်တိုင်

၃။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

ထောက်ခံ၊ ပျိုးထောင်၊ အောက်ဆီဂျင်၊ စိုက်ပျိုး၊ သတ္တဝါ။

Option ၄။ တစ်ခန်းရပ်ပြဇာတ်တွင် ဆရာကြီးသည် တပည့်များကို မည်သို့သင်ကြားပေးပါသနည်း။ ကျောင်းသားများ စိတ်ဝင်စားကြသည်ဟု ထင်ပါသလား။ ထိုသို့သင်ကြားခြင်းကို သင်ရော စိတ်ဝင်စားပါသလား။ အဘယ်ကြောင့်နည်း။

၅။ ပြဇာတ်သင်ယူရခြင်းနှင့် သရုပ်ဆောင်ရခြင်းကို နှစ်သက်ပါသလား။ သင်၏သဘောထားကို စာ ၁၀ ကြောင်းခန့်စီကုံးရေးသားပါ။

## ၁၃။ သွယ်ဝိုက်စကား၊ ခိုင်းနှိုင်းစကား (အသုံးချဘာသာစကား)

အောက်ပါစာပိုဒ်များကို ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာနားထောင်ပါ။



### လှတောသားစကားကြွယ်

မြန်မာတို့သည် ပျော်ပျော်နေ၍ ခွင့်လွှတ်တတ်ကြသည်။ ပျော်ပျော်နေတတ်ကြသကဲ့သို့ပင် မြန်မာတို့သည် ဟာသဉာဏ်လည်း ရွှင်တတ်ကြသည်။ ကျေးလက် တောရွာတိုင်းလိုလိုမှာပင် ဟာသဉာဏ်ရွှင်သောသူတို့ ရှိတတ်ကြသည်။ လှတောရွာ၌မူ ဟာသဉာဏ်ရွှင်သောသူ ထူးထူးခြားခြား ပိုများသည်ဟု ပြောကြသည်။

လှတောရွာသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင်ရှိသည်။ ရွှေဘိုမြို့၏ တောင်ဘက် ဆယ့်လေးမိုင်အကွာ၊ ဝက်လက်မြို့၏ အနောက်ဘက် ခုနစ်မိုင်အကွာ ရွှေဘိုစစ်ကိုင်းကားလမ်းပေါ်တွင် တည်ရှိသည်။ ရွာကြီးတစ်ရွာလည်းဖြစ်သည်။

လှတောသားအချို့ ပြောသောစကားတို့သည် ထူးခြားတတ်သည်။ ကဲကဲလွှန်လွှန်လည်း ဖြစ်တတ်သည်။ နှိုင်းခိုင်းပြောဆိုသော စကားတို့သည်လည်း ပေါ်လွင်ထင်ရှားလှသည်။ ထို့ကြောင့် သူတို့၏ စကားများသည် ရယ်စရာဖြစ်နေသည်။ ရယ်လည်းရယ်ရသည့်အပြင် မှတ်သားစရာလည်း ပါသည်။ မြန်မာ့ကျေးလက်ဓလေ့စရိုက်တို့လည်း ထင်ဟပ်နေသည်။ ထို့ကြောင့်လည်း ဓမ္မကထိက အကျော်များက လှတောသားစကားများကို တရားပွဲတို့၌ ထည့်သွင်းဟောတတ်ကြသည်။ စာရေးဆရာတို့ကလည်း ထိုစကားများကို စုဆောင်းရေးသားကြသည်။ ထိုတရားပွဲ၊ ထိုစာအုပ်စာတမ်းတို့ကြောင့်လည်း လှတောသားတို့၏ အမည်သည် ပိုမိုထင်ပေါ်လာသည်။ လှတောသားစကားနမူနာအချို့ကို ဤသို့တွေ့နိုင်ပါသည်။

## စပါးပုံ

လှတောရွာသားနှင့် ပင်ဇင်းရွာသားတို့သည် ဝက်လက်သွားကားလမ်းပေါ်တွင် စကားစမြည်ပြောရင်း စပါးနှံအကြောင်းကို စကားစရောက်သွားသည်။ ပင်ဇင်းရွာသားက ဂုဏ်ယူသည့်သဘောနှင့် "ကျုပ်တို့ရွာက ဦးဘိုးလန်းရဲ့ စပါးပုံကြီး ကြီးလိုက်ပုံကတော့ ခေါင်းပေါင်းကျွတ်ကျအောင် မော့ကြည့်ရတယ်"ဟု ပြောလေသည်။ ထိုအခါ လှတောရွာသားက "ဒါဆိုရင် ခင်ဗျားတို့ရွာက စပါးပုံဟာ ကြီးတယ်လို့ မဆိုနိုင်သေးပါဘူး။ ကျုပ်တို့ရွာ အဝယ်ဒိုင်က စပါးပုံနဲ့စာရင် ငယ်ငယ်လေးပဲရှိပါသေးတယ်။ ကျုပ်တို့ရွာ အဝယ်ဒိုင်က စပါးပုံကြီးကတော့ ကြီး မကြီး မပြောနဲ့။ ညညဆိုရင် ဖိုးလမင်းထဲက အဘိုးကြီးက ဒီစပါးပုံထဲက ခပ်ခပ်ထောင်းနေတော့တာပဲ" ဟူ၍ဖြစ်သည်။

## လောင်သောမီး၊ ကြီးသောစကား

ဝက်လက်မြို့ကို မီးလောင်စဉ်က ဖြစ်သည်။ မီးကလည်း အတော်ကြီးသည်။ မီးလောင်ပြီးနောက်နေ့၌ လှတောကားဆိပ်သို့ ခရီးသည်များ ခေတ္တရပ်နားခိုက် ထိုမီးအကြောင်းကို စကားစမိကြသည်။ ခရီးသည်တို့က "ဝက်လက်မီးက တော်တော်ကြီးလို့လားဗျ" ဟု မေးလေရာ လှတောသားက ဤသို့ဖြေလိုက်သည်ဟု ဆိုပါသည်။

"ဟလိုလေးလေး မီးကတော့ သိပ်ကြီးတာပေါ့ဗျာ။ မီးလောင်တဲ့ ပေါက်ကွဲသံတွေကြောင့် ကျုပ်တို့ လှတောရွာကလူတွေ လန့်နိုးကုန်ပါလေရောလား။ မီးရောင်ကြောင့် မိုးလင်းတယ်ထင်ပြီး အိမ်က ကြက်တွေလဲ အိပ်တန်းကဆင်း၊ အစာယက် ရှာနေကြလေရဲ့" တဲ့။ **(လှတောနှင့် ဝက်လက် ခုနစ်မိုင် ဝေးပါသည်။)**

စစ်ကိုင်းကိုလောင်သောမီးနှင့် ပတ်သက်၍လည်း လှတောသားတစ်ဦးက ပြောလိုက်သည်မှာ "စစ်ကိုင်းလောင်တဲ့ မီးတောက်ကြီးတွေ မြင့်လိုက်ပုံကတော့ လကို ကျပ်ခိုးမှိုင်းစွဲသွားတော့တာပဲ"ဟူ၍ ဖြစ်သည်။

## အိုးပစ်မကွဲ

ရွှေဘိုဘက်၌ ရှေးခေတ်အဆက်ဆက်မှ စပါးပင်များစည်ကားဖြစ်ထွန်းပုံကို "အိုးပစ်မကွဲ" ဟူသောစကားဖြင့် သရုပ်ဖော်လေ့ရှိကြပါသည်။ စပါးပင်များတကယ်ကောင်း၍ တကယ်ဖွံ့ဖြိုးစည်ကားလာသောအခါမျိုး၌ အခက်အလက်ချင်း ယှက်နွယ်ပိတ်ဆို့ထားသောကြောင့် မြေအိုးတစ်အိုးကို ပစ်တင်လိုက်လင့်ကစား မြေသို့ကျခွင့်မရ၊ ရုံထိုးနေသော ကောက်ပင်ထက်၌တင်နေသဖြင့် အိုးသည်အက်ကွဲခြင်းမရှိတော့ပေ။ ယခုလည်း စပါးပင်များ သန်လှသည့်အကြောင်းနှင့် ပတ်သက်ပြီး လေ့လာသူက မေးမြန်းကြည့်ရာ

"စပါးပင်သန်တာကိုလဲ မပြောကြနဲ့လေ။ မြေဆီထည့်တာက ဗွက်ထဲသဲခင်းသလို အိတ်လိုက်ပစ်ထည့်နေကြတာကိုးဗျ"။

"မြေဆီထည့်နိုင်တိုင်းရော စပါးက ကောင်းမတဲ့လားကွ"။

"ကောင်းတာပေါ့ဗျာ၊ သိပ်ကောင်းတာပေါ့။ စပါးပင်ကိုမပြောနဲ့ မြေဆီကြဲဖို့ အိတ်ထဲ လက်နှိုက်ဖန်များလို့ လက်ဖမိုးကအမွေးကို ချှောင်ထုံး ထုံးရတော့မယ်"။

ဟု ပြန်ပြောလေတော့သည်။

## ပပ်ကြားအက်ကြီး

လေ့လာသူသည် အကြောင်းအရာကိုလည်း သိချင်၊ လှတောသား ပြောသောစကားကိုလည်း ကြားချင်သဖြင့် စပ်မိစပ်ရာ ဆက်၍ပြောနေဖြစ်သည်။ စောစောက မိုးဦးတစ်ကြိမ်ကျသွားပြီးဖြစ်သည်။ ထိုမိုးရေဖြင့် ထွန်ယက်ပြီးလောက်ပြီ၊ ပျိုးကြဲပြီးလောက်ပြီဟုလည်း ထင်သည်။ ထင်သည့်အတိုင်းပင် "ယခင် တစ်မိုးကျပြီးပြီဆိုတော့ ထွန်ယက်ပြီးလောက်ပြီပေါ့။ စိုက်တန်သလောက်လည်း စိုက်ပြီးရော ပေါ့နော်" ဟု ခန့်မှန်းပြောပြမိလေသည်။ ဤတွင် လှတောသားလယ်သမားသည် စိတ်မရှည်နိုင်တော့ဟန်ဖြင့် ဤသို့ပြောလိုက်သည်။

"ဟလိုလေး ဆရာသမားရယ်၊ မိုးဦးရွာတယ်ဆိုတာက ဖားရဲ့သေးကို ဆန်ခါနဲ့ချယူရသလောက် တောင်မရှိပါဘူး။ ထွန်ယက်ဖို့နေနေသာသာ လယ်တွေမှာဖြင့် ပပ်ကြားကိုအက်လို့၊ ပပ်ကြားအက်ထဲ ငုံ့ကြည့်လိုက်မယ်ဆိုရင် အဝီစိကျနေတဲ့ဒေဝဒတ်ကို ငုတ်တုတ်လေး မြင်နေရတော့တာပါပဲဗျာ" တဲ့။

## မောင်းထောင်းနေသလား

တစ်ခါက ရဲသားတစ်ဦးသည် ဝက်လက်ကားလမ်းအတိုင်း မော်တော်ဆိုင်ကယ်စီးပြီး လှတောဘက်သို့ လာလေသည်။ ပင်ဇင်းရွာနှင့် လှတောရွာအကြား လေသာကွေ့အရောက်၌မော်တော်ဆိုင်ကယ် ပျက်လေတော့သည်။

လှတောရွာက နွားကျောင်းသားကလေးများသည် ရဲသားကြီးဆိုင်ကယ်ပြင်ရာအနားသို့ လာရောက် ကြည့်ရှုနေကြသည်။ ရဲသားကြီးသည် ဆိုင်ကယ်ကို နှိုက်လိုက်၊ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက် ပြီးလျှင် ခြေနင်းကိုနင်း၍ နှိုးလိုက် လုပ်နေသည်။ နှိုးမရပြန်လျှင် နှိုက်လိုက်၊ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက်၊ နင်းလိုက်၊ နှိုးလိုက် လုပ်ပြန်သည်။ သို့သော် စက်ကားမနိုး။ အကြိမ်ကြိမ် ဆောင့်ဆောင့်နင်းနေရသဖြင့် ရဲသားကြီးမှာ ချွေးများဒီးဒီးကျနေတော့သည်။ ထိုအခြေအနေကို မြင်နေရသော နွားကျောင်းသားလေးတစ်ဦး ပြောလိုက်သည်ကား

"ဟလိုလေး လေး ဦးလေးကြီးရယ်၊ မောင်းများထောင်းစားမယ်ဆိုရင် ဦးလေးကြီး တိုက်တောင်တည်နိုင်လောက်ပါပြီဗျာ" ဟူ၍ ဖြစ်သတည်း။

## ကြက်မနှစ်ယက်စာ

လွန်ခဲ့သည့်လေးငါးနှစ်ခန့်ကဖြစ်သည်။ ရန်ကုန်မှစာရေးဆရာတစ်စုသည်စာပေဟောပြောရန် သွားကြရာ ခရီးကြုံသဖြင့် လှတောရွာလမ်းဆုံတွင် ခေတ္တရပ်နားကြသည်။ လှတောစကား ကြားရလို ကြားရငြား စပ်စုကြသည်။ လှတောသားများနှင့် စကားစမြည်ပြောကြည့်ရာ-

"ခင်ဗျားတို့ရွာက စပါးစိုက်တယ်ဆိုတော့ ရေကောလုံလောက်အောင် ရကြပါရဲ့လားဗျ။"

"ရပါတယ်ဆရာ။"

"ဘယ်လိုရကြတာလဲ။"

"အို . . ဆရာရယ် . .။ လယ်ကွက်ထဲ ကြက်မနှစ်ချက်လောက် ယက်လိုက်ရင် ရေက ပန်းထွက်လာတာ ခင်ဗျ။"

"ဟာ . . တယ်ဟုတ်ပါလား။ အဲဒီရေက ကြည်ရော ကြည်ရဲ့လား။ ချိုရော ချိုရဲ့လားဗျ။"

"အဲဒါတွေတော့ မဖြေပါရစေနဲ့။ ထမင်းပွဲပြင်ပြီးရင် တို့စရာအသီးအရွက်ကိုသာ လိုက်ရှာပါ။ ငါးပိရေကတော့ အသင့်ပါပဲခင်ဗျာ" တဲ့။

လှတောသားတို့၏ နမူနာပြစကားအချို့ကို ကြားရပြီးဖြစ်သောကြောင့် ထိုစကားတို့၏ သဘောသဘာဝကို နားလည်ကြပြီး ဖြစ်ပါလိမ့်မည်။ ထိုစကားများကိုသုံးသပ်ကြည့်ပါလျှင် လွန်လွန်ကြူးကြူးချဲ့ကားထားသည်ကိုလည်းကောင်း၊ မျက်စိတွင် မြင်ယောင်လာအောင် သဘာဝကျကျ ခိုင်းနှိုင်းထားသည်ကိုလည်းကောင်း၊ အများသိထားပြီးဖြစ်သည့် ကျမ်းဂန်လာများ၊ အစဉ်အလာများကို ကိုးကားထားသည်ကိုလည်းကောင်း တွေ့နိုင်ပါသည်။ ထိုစကားတို့သည် ထူးခြားဆန်းပြားလှသဖြင့် နှစ်သက်ဖွယ်လည်းဖြစ်သည်။ ရယ်စရာလည်းဖြစ်သည်။ ရယ်စရာဖြစ်သဖြင့်လည်း ကြားရသူ၊ ဖတ်ရသူတို့ ရယ်မောကြရသည်။

**(၂၀ ရာစုနှောင်းပိုင်း)** **အောင်နိုင်(တက္ကသိုလ်)**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကျပ်ခိုး | = မီးဖိုချောင်အမိုးတွင် ကပ်ငြိနေသော မီးခိုးမှိုင်း။ |
| ၂။ စပ်မိစပ်ရာ | = ဆက်စပ်၍ ရသမျှ။ |
| ၃။ ဒေဝဒတ် | = ဂေါတမမြတ်စွာဘုရားကို ဖက်ပြိုင်အန်တုသောရဟန်း။ |
| ၄။ နမူနာပြ | = တူသည်တို့အထဲမှ တစ်ခုကို ထုတ်ပြသည်။ |
| ၅။ ပပ်ကြားအက် | = (မြေတွင်) အက်ကွဲကြောင်းပေါ်သည်။ ယင်းသို့ပေါ်သည့် အက်ကြောင်း။ |
| ၆။ ဟာသဉာဏ် | = ရယ်ရွှင်စရာ ပြောတတ် ရေးတတ်သောဉာဏ်။ |
| ၇။ အဝီစိ | = ငရဲကြီးရှစ်ထပ်တွင် အောက်ဆုံးထပ်ငရဲ။ |

**အဓိကအချက်များ**

- လှတောသားတို့သည် စကားပြောဆိုရာတွင် စကားကြွယ်လှသည်။
- စကားပြောရာတွင် အလွန်အကြူးခိုင်းနှိုင်းပြောတတ်ကြသည်။
- ကျမ်းဂန်ဗဟုသုတများဖြင့် ဥပမာပေးကောင်းလှသည်။
- လှတောသားတို့၏ အခိုင်းအနှိုင်းများသည် ဟာသရသကို ဖြစ်စေသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။
ဟာသဉာဏ်၊ စပ်မိစပ်ရာ၊ ကျပ်ခိုး၊ မယောင်မလည်၊ ခိုးကြောင်ခိုးဝှက်။

၂။ အောက်ပါဝါကျများရှိ မျဉ်းသားထားသောစကားလုံးများသည် မည်သည့်အချက်ကို ခိုင်းနှိုင်းပြောဆိုထားခြင်းဖြစ်သနည်း။

(၁) စပါးပင်သန်တာကိုလဲ မပြောကြနဲ့လေ။ မြေဆီထည့်တာက ဗွက်ထဲသဲခင်းသလို အိတ်လိုက် ပစ်ထည့်နေကြတာကိုးဗျ။

(၂) မိုးဦးရွာတယ်ဆိုတာက ဖားရဲ့သေးကို ဆန်ခါနဲ့ချယူရသလောက်တောင် မရှိပါဘူး။

(၃) ထမင်းပွဲပြင်ပြီးရင် တို့စရာအသီးအရွက်ကိုသာလိုက်ရှာပါ။ ငါးပိရည်ကတော့ အသင့်ပါပဲ ခင်ဗျာ။

၃။ အောက်ပါဝါကျများမှ အလွန်အကြူးပြောထားသောဝါကျများကိုရွေးပါ။

(၁) ကျုပ်တို့ရွာက ဦးဘိုးလန်းရဲ့ စပါးပုံကြီး ကြီးလိုက်ပုံကတော့ ခေါင်းပေါင်းကျွတ်ကျအောင် မော့ကြည့်ရတယ်။

(၂) ဟလိုလေးလေး မီးကတော့ သိပ်ကြီးတာပေါ့ဗျာ။ မီးလောင်တဲ့ ပေါက်ကွဲသံတွေကြောင့် ကျုပ်တို့ လှတောရွာကလူတွေ လန့်နိုးကုန်ပါလေရောလား။

(၃) စစ်ကိုင်းလောင်တဲ့မီးတောက်ကြီးတွေ မြင့်လိုက်ပုံကတော့ လကို ကျပ်ခိုးမှိုင်းစွဲသွားတော့တာပဲ။

(၄) ရယ်စရာဖြစ်သဖြင့်လည်း ကြားရသူဖတ်ရသူတို့ ရယ်မောကြရသည်။

(၅) ပပ်ကြားအက်ထဲ ငုံ့ကြည့်လိုက်မယ်ဆိုရင် အဝီစိကျနေတဲ့ ဒေဝဒတ်ကို ငုတ်တုတ်လေးမြင်နေရတော့တာပါပဲဗျာ။

Option ၄။ လှတောသားတို့သည် စကားကြွယ်လှသည်။ မည်သည့်အချက်များကြောင့် ထိုသို့ စကားကြွယ်သည်ဟု ထင်ပါသနည်း။ သင်၏အမြင်ကိုတင်ပြပါ။

၅။ သင်တို့၏ စာသင်ကျောင်းသည် ဘာနှင့်တူသနည်း။ ဘယ်လောက်လှသနည်း။ လှတောသားစကားမျိုးနှင့် ဖြေကြည့်ပါ။

# ၁၄။ ပျို့ (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။

မိမိကိုယ်တိုင်အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



**မြတ်ပညာ**

တစ်သင်းမှတ်ကြ၊ လူထိုမျှတို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်။ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့်။ မှတ်ရန်တစ်ခု၊ နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ငြားနှင့်။ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကြောင်း၊ ဖြစ်တုံရှောင်း၏။ အပေါင်းမှတ်ရာ၊ တောင်တိုင်းမှာကား၊ ပတ္တမြားမရှိ၊ ကြီးဘိစွမ်းအင်၊ ဆင်ဟူသမျှ၊ မရမြဲတေ၊ တောတိုင်းဖွေလည်း၊ ညှာရွှေစန္ဒကူး၊ မရှိဘူးတည့်။ ဝေးကျူးနှံ့စပ်၊ အရပ်တို့မှာ၊ ပညာရှိကား၊ အလွန်ရှား၏၊ မှတ်သားသိဖွယ် အလင်းတည်း။

လောကနီတိပျို့ ကောက်နုတ်ချက်။ ပိုဒ်ရေ (၅၊ ၆၊ ၇)

**(၁၉ ရာစု)**

**အမှာတော်ရေးဦးရှင်ကလေး**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ငယ်နု | = အရေးမပါသော၊ အနည်းငယ်မျှသော။ |
| ၂။ စန္ဒကူး | = အနှစ် နံ့သာပင်တစ်မျိုး။ |
| ၃။ တစ်သင်း | = တစ်နည်းတစ်ဖုံ။ |
| ၄။ ပတ္တမြား | = များသောအားဖြင့် အနီရောင်ရှိသော ကျောက်မျက်တစ်မျိုး။ |
| ၅။ မြုတေ | = အမြုတေ၊ အနှစ်၊ အနှစ်သာရ။ |
| ၆။ ရင်းဖျား | = အစအဆုံး။ အလုံးစုံ။ |
| ၇။ သိပ္ပ | = အတတ်ပညာ။ |
| ၈။ အောက်မေ့ | = ထင်မှတ်သည်။ မှတ်ယူသည်။ |
| ၉။ အင်း | = အလိုအလျောက်ဖြစ်ပေါ်နေသည့် ကျယ်ပြန့်သောရေအိုင်ကြီး။ |

**အဓိကအချက်များ**

- လောက၌ မသိအပ်၊ မတတ်အပ်သည့်ပညာမရှိ။
- ပညာကို တဖြည်းဖြည်း လေ့လာသင်ယူဆည်းပူးခြင်းဖြင့် ပညာပြည့်ဝလာမည်။
- အတတ်ပညာတစ်ခုကို ဆုံးခန်းတိုင်တတ်မြောက်ထားလျှင် မိမိအတွက် အသက်မွေးဝမ်းကျောင်း ဖြစ်လာနိုင်သည်။
- ပညာရှိသည် နေရာတိုင်းတွင် မရှိနိုင်ပါ။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကဗျာစာသားများတွင် မျဉ်းသားထားသည့်စကားလုံးများနှင့် အနက်တူသည့် စကားလုံးများကို မျဉ်းသားပေးပါ။

**သာဓက** - သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့် (အနည်းငယ်၊ နည်းစနစ်)

(၁) တွေ့ရာမှတ်သား၊ မိုးပေါက်များသော် (များပြား၊ ပေါများ)

(၂) အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့် (ပြည့်ဝ၊ ပြည့်ဖြိုး)

(၃) ငယ်နုသောအား၊ မမေ့ငြားနှင့် (အနည်းငယ်၊ ငယ်ရွယ်)

(၄) ကြီးဘိစွမ်းအင်၊ ဆင်ဟူသမျှ (ကြီးမား၊ အားကြီး)

(၅) ဝေးကျူးနှံ့စပ်၊ အရပ်တို့မှာ ( ကွာဝေး၊ ဝေးလံ)

၂။ အောက်ပါ စကားလုံးတို့ကို ဝါကျဖွဲ့ပါ။

အင်း၊ နှုတ်မှုလက်မှု၊ ပညာရှိ၊ ပတ္တမြား၊ စန္ဒကူး။

၃။ အောက်ပါ ကဗျာစာပိုဒ်များမှ မျဉ်းသားထားသော ကာရန်များသည် မည်သည့်ကာရန် ယူနည်းများဖြစ်သနည်း။

(က) တွေ့ရာမှတ်သား၊ မိုးပေါက်များသော်
အင်းနှားချောင်းကန်၊ ပြည့်သောဟန်တည့်။

(ခ) နှုတ်မှုလက်မှု၊အတတ်စုကို
ငယ်နှုသောအား၊ မမေ့ငြားနှင့်။

၄။ ပညာကို လေ့လာဆည်းပူးရာတွင် မည်သို့ လေ့လာဆည်းပူးသင့်သည်ဟု စာဆိုကဆိုထား သနည်း။ သူငယ်ချင်းများနှင့် ဆွေးနွေးအဖြေရှာကြည့်ပါ။

၅။ ကဗျာကိုဖတ်ပြီးနောက် သင့်မှာ အားတက်ဖွယ်ရာ စိတ်ကူးတစ်ခုခုကိုရပါသလား။ ရှင်းပြပါ။

## ၁၅။ တစ်ခန်းရပ်ပြဇာတ် (ပြဇာတ်)

အောက်ပါပြဇာတ်ကို ဆရာညွှန်ကြားသည့်အတိုင်း ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။



**မဟော်သဓာ နွားတရားစီရင်ခန်း**

**__ဇာတ်ဆောင်များ__**

မဟော်သဓာ (ခုနစ်နှစ်သားသုခမိန်)
နန္ဒနှင့်သီဟ (မဟော်သဓာ၏ ဖွားဖက်တော်များ)
တရားလို - (နွားရှင်)၊ တရားခံ - (နွားခိုး)
အခြားဖွားဖက်တော်များနှင့် ရွာသူရွာသားများ

**နောက်ခံဝန်းကျင်**

(တရားရုံးအဖြစ် အသုံးပြုသောဇရပ်ကြီး)

**(ကားလိပ်ဖွင့်)**

**ဇာတ်ညွှန်း**- (နန္ဒသည် တံမြက်စည်းကို ကိုင်လျက်၊ သီဟသည် ရေအိုးကိုထမ်းလျက်၊ မဟော်သဓာကို အလယ်၌ထားကာ ဇရပ်ကြီး၏ တရားသဘင်ဝတွင် ရပ်နေကြစေ။)

**မဟော်သဓာ** - အချင်း နန္ဒ . . အမှိုက်များကို ရှင်းပြီးပြီလား။

**နန္ဒ** - ရှင်းပြီးပါပြီ. . အရှင့်သား။

**မဟော်သဓာ** - အချင်းသီဟ. . ရေအိုးများကို ဖြည့်ပြီးပြီလား။

**သီဟ** - ဖြည့်ပြီးပါပြီ အရှင့်သား။

**မဟော်သဓာ** - (နားစွင့်လျက်) အပြင်ဘက်က အုတ်အုတ်ကျက်ကျက် အသံကို ကြားရသည်။ နားထောင်ကြစမ်းပါ။

(လူနှစ်ယောက် နွားလု၍ ဇရပ်ရှေ့သို့ရောက်လာကြစေ။)

**တရားလို** - ငါ့ နွားကို အဘယ်ကြောင့်ခိုးရသနည်း။ ပြန်ပေးပါ။

**တရားခံ** - ဟယ် ယောကျ်ား။ နင် ဘယ်ကလူနည်း။ ငါ့နွားကို ငါလိုရာသို့ဆောင်သည်။ အဘယ့်ကြောင့် သူခိုးဟု ယိုးစွပ်သနည်း။

**မဟောသဓာ** - အချင်း နန္ဒနှင့်သီဟ။ အငြင်းအခုံဖြစ်နေသူနှစ်ဦးကို ဤတရားသဘင်သို့ ခေါ်ဆောင်ယူခဲ့လော့။

(တရားလိုနှင့် တရားခံတို့ မဟောသဓာရှေ့သို့ ရောက်ကြစေ။)

**မဟောသဓာ** - သင်တို့နှစ်ယောက် အဘယ်ကြောင့် အငြင်းအခုံဖြစ်ကြသနည်း။

**တရားလို** - အရှင့်သား။ ကျွန်ုပ်သည် ဤနွားတစ်ရှဉ်းကို မြောက်ဘက်ရွာ လယ်သူကြီး သူ့ရထံမှ ဝယ်ခဲ့၍ အိမ်၌တစ်ညဉ့်မျှသာ သိပ်ရပါသေးသည်။ ယနေ့နံနက်ထကပင် မြက်ကောင်းရာ၌ လွှတ်ကျောင်း၍ အရိပ်ကောင်းရာမှာ ကျွန်ုပ်အိပ်ပျော်နေစဉ် ဤသူ ခိုးယူသွားပါသည်။ နိုး၍ ကြည့်မျှော်လျှင် ခိုးယူသွားသည်ကိုမြင်၍ လျင်စွာ လိုက်နိုင်သောကြောင့်သာ ဤခိုးသူကို ခိုးရာပါပစ္စည်းနှင့်အတူ လက်ပူးလက်ကြပ်မိပါသည်။ ကျွန်ုပ်စကားကို အရှင့်သား မယုံပါလျှင် နွားရောင်းလိုက်သူ သူရနှင့် အခြားရွာသား သက်သေများကိုစစ်မေးတော်မူပါ။

**မဟောသဓာ** - (တရားခံသို့) အချင်းယောကျ်ား။ တစ်ဦးက စကားကုန်အောင် သက်သေနှင့်တကွဆိုပြီ။ သင်ကလည်း ဟုတ်မှန်တိုင်းကို ဆိုလော့။

**တရားခံ** - အရှင့်သား။ အကျွန်ုပ်ခြံပေါက် ဤနွားတစ်ရှဉ်းကို ကျွန်ုပ်လိုရာအရပ်သို့ ဆောင်ယူသွားပါစဉ် ဤသူသည် အနိုင်အထက် မင်းမျက်သင့်အောင် ကျွန်ုပ်ကို နွားခိုးဟု ယိုးစွပ်၍ အပြစ်ရှာခြင်းသာဖြစ်ပါသည်။ ဤသူ၏နွားများ မဟုတ်ပါ။

**မဟောသဓာ** - ကောင်းပြီ။ သင်တို့နှစ်ယောက် ငါကောက်ယူဆုံးဖြတ်သည်ကို နှစ်သက်စွာ လက်ခံကြမည်လော။

**တရားလိုနှင့် တရားခံ** - (ပြိုင်တူ) လက်ခံပါမည် . . . အရှင့်သား။

**မဟောသဓာ** - အသင်တို့အား စစ်မေးရန်ကျန်ရှိသေးသည်။ ဟုတ်မှန်တိုင်းပြောကြလော့။ (တရားခံသို့) အချင်းယောကျ်ား ဤနွားတစ်ရှဉ်းကို သင့်ခြံပေါက်ဖြစ်သည်ဟု သင်ဆိုပြီ။ အဘယ်အစာကို သင်ကျွေးသနည်း။

**တရားခံ** - အရှင့်သား။ နှမ်းဖတ်နှင့် ပဲမှော်ကိုသာကျွေး၍ ယာဂုကိုတိုက်ပါသည်။

**မဟောသဓာ** - (တရားလိုသို့) အချင်းယောကျ်ား။ သင်ကကော အဘယ်အစာကို ကျွေးသနည်း။

**တရားလို** - အကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ အလွန်ဆင်းရဲပါသည်။ အဘယ်မှာ နှမ်းဖတ်နှင့် ပဲမှော်ကို ကျွေးနိုင်ပါမည်နည်း။ မြက်ကိုသာကျွေးရပါသည်။

**မဟော်သဓာ** - (လာရောက်နားထောင်သူတို့သို့) အသင်တို့။ ဤလူနှစ်ယောက် စကားနှစ်ရပ်ကို မှတ်ကြပါလော့။ (နန္ဒသို့) အချင်းနန္ဒ။ ဥယျာဉ်ထဲမှ သျှိသျှားရွက်တို့ကို ခူးယူ ထောင်းထု၍ ရေနှင့်ဖျော်ကာ ဤနွားတို့ကိုတိုက်လော့။

**နန္ဒ** - ကောင်းပါပြီ။ အရှင့်သား။

(သျှိသျှားရွက်ရေကိုသောက်၍ နွားတို့ဝမ်းသက်ကုန်လတ်သော် မြက်ဖတ်ပါသည်ကိုသာလျှင် တွေ့ကြစေ။)

**မဟော်သဓာ** - (လာရောက်နားထောင်သူတို့သို့) အသင်တို့။ ဤနွားချေးကို ရှုကြကုန်လော့။ နှမ်းဖတ် ပဲမှော်တို့မပါ။ မြက်ဖတ်သာလျှင် ပါသည်ကို တွေ့ကြရကုန်အံ့။ (တရားခံသို့) အချင်း ယောကျ်ား။ သင့် နှုတ်ကကား နွားခိုးမဟုတ်ဟု ဆိုသည်။ သင့်နွားကကား နွားခိုးဖြစ်သည်ဟု လူပုံအလယ်တွင် အထင်အရှား ပြရှိချေပြီ။ သင် နွားခိုးဟုတ်၏လော။ မဟုတ်လော။

**တရားခံ** - အရှင့်သား။ ကျွန်ုပ် နွားခိုးဟုတ်ပါ၏။

**မဟော်သဓာ** - အချင်းယောကျ်ား။ အရှေ့မုယောခင်းရွာကြီး၌ သူဌေးသားမဟော်သဓာသည် သူတစ်ပါးတို့၏ လျှို့ဝှက်အပ်သောအမှုကို ဉာဏ်အစွမ်းဖြင့် သိမြင်တတ်သည်ဟု သင် မကြားဖူးသလော။ မဟုတ်မှန်သောစကားကို အဘယ်ကြောင့်ပြောသနည်း။ ယနေ့မှစ၍ ဤသို့သောအမှုကို ပြုကျင့်မည်မကြံလေနှင့်။

**တရားခံ** - ကောင်းပါပြီ အရှင့်သား။ မကြံတော့ပါ။

(နန္ဒ၊ သီဟာစသော ဖွားဖက်တော်တို့ သံချပ်ထိုးကြစေ။)

"မစင်ဖတ်က သက်သေခံ

နွားခိုးအမှန် သူပဲ သူပဲ . . ။"

**(ကားလိပ်ချ)**

**(၂၀ ရာစု နှောင်းပိုင်း)** **မင်းသုဝဏ်**

**မှတ်ချက်။ ။ ဤပြဇာတ်ပါစကားအသုံးအနှုန်းများသည် ရှေးခေတ်စကားအသုံးအနှုန်းများ ဖြစ်ကြပါသည်။**

**ခက်ဆစ်အဖွင့်**

၁။ တရားခံ = တရားစွဲခံရသူ။ လွဲမှားသောကိစ္စတစ်ခုခုအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူ။

၂။ တရားလို = အမှန်တရားကို လိုလားသူ။

၃။ တရားသဘင် = အမှုအခင်းကို မှန်ကန်မျှတအောင် ဆုံးဖြတ်ပေးသည့်နေရာ။

၄။ တစ်ရှဉ်း = ခိုင်းနွား၊ ကျွဲနွားအစုံကို ရေတွက်ရာတွင် သုံးသောစကားလုံး။

| | |
|---|---|
| ၅။ နှမ်းဖတ် | = နှမ်းကိုဆီကြိတ်ရာမှ ကျန်ရစ်သောအဖတ်။ |
| ၆။ ပဲမှော် | = ပဲစေ့အခွံနှင့် ပဲရွက်ကြွေအမှုန့်များ (ကျွဲ၊ နွား စသည် ကျွေးရသည်)။ |
| ၇။ ဖွားဖက်တော် | = တစ်စုံတစ်ဦးနှင့် တစ်ချိန်တည်းဖွားမြင်သူ။ |
| ၈။ ယာဂု | = ဆန်ပြုတ်။ ဆန်တစ်ဆ၌ ရေခြောက်ဆထည့်ကာ ဆန်လုံးကွဲရုံ ကျိုထားသော သောက်ဖွယ်။ |
| ၉။ ယိုးစွပ် | = စွပ်စွဲသည်။ |
| ၁၀။ သုခမိန် | = သိမ်မွေ့ထက်မြက်သော အသိအမြင်ရှိသူ။ ပညာရှိ။ |
| ၁၁။ သျှိသျှား | = အသီးသေးငယ်သော ဆီးဖြူပင်။ |
| ၁၂။ အုတ်အုတ်ကျက်ကျက် | = ဆူဆူညံညံ၊ ကျယ်ကျယ်လောင်လောင်။ |

**အဓိကအချက်များ**

- နွားများကို မြက်ရိတ်၍ ကျွေးသကဲ့သို့ တတ်နိုင်သူများက နှမ်းဖတ်နှင့် ပဲမှော်ကို ကျွေးကြသည်။
- သျှိသျှားရွက်ကို ထောင်းထုရေဖျော်၍ နွားကိုတိုက်လျှင်ဝမ်းသွားသည်။
- မဟော်သဓာသည် အသက်ငယ်သော်လည်း ဉာဏ်ပညာကြီးမားသဖြင့် ခိုးသူနှင့်ပိုင်ရှင်ကို ခွဲခြားဆုံးဖြတ်နိုင်ခဲ့သည်။
- ထိုအချက်များကို ပြဇာတ်က၍ ဖော်ပြနိုင်သည်။ ပြဇာတ်ကြည့်၍သိနိုင်သည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကိုစဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် “စီး” နှင့် “စည်း” ဟူသည့်စကားလုံးများကို မှန်အောင် ဖြည့်ပါ။

ဦးမြင့်မောင်နှင့် ဒေါ်သီတာမြင့်တို့သည် ------ပွားရေးကောင်းမွန်ပြီး ------စိမ်ဥစ္စာ ကြွယ်ဝချမ်းသာကြသူများဖြစ်သော်လည်း မိမိတို့၏သားသမီးများအား ငွေကြေးကို------- ကမ်း တကျသုံးစွဲတတ်ရန် သွန်သင်ဆုံးမထားကြသည်။

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

ရေအိုး၊ တံမြက်စည်း၊ တရားလို ၊ ယာဂု၊ ယိုးစွပ်။

၃။ မဟော်သဓာ နွားတရားစီရင်ပုံပြဇာတ်ကိုကြည့်ပြီး မည်သို့ခံစားရသနည်း။

၄။ မဟော်သဓာ၏ ဆုံးဖြတ်ချက်သည် တရားခံ၏စကား သို့မဟုတ် ပစ္စည်းသက်သေဟူသည့် အချက် နှစ်ချက်အနက် မည်သည့်အချက်ပေါ်တွင်မူတည်၍ ဆုံးဖြတ်သွားသနည်း။

၅။ မဟော်သဓာ၏ နွားတရားစီရင်ပုံကို သင့်စကားဖြင့်ပြန်လည်တင်ပြပါ။

## ၁၆။ ရခိုင်တေး (ကဗျာ)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။

မိမိကိုယ်တိုင်အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



**ဆန်မောင်းနင်းရေ**

ခဝဲဝင်းဝါ၊ ပွင့်ပြန်လာကေ
သီကာလည်းကုံး၊ တန်ဆောင်မုန်းမှာ
ရှင်ဖုန်းသင်္ကာ၊ ကျောင်းဝိဟာ၌
ကထိန်လည်းကပ်၊ မယ်ရို့မှာလေ
ပျော်ပါးကတ်မေ၊ လုံပျိုမေ
အရွယ်ချင်းချင်း၊ ရွဲ့သာခြင်းနှင့်
လမင်းစန္ဒာ၊ လောင်းရိပ်သာတွင်
ပျော်ရာတကြောင်း၊ မေရို့မှာလေ
အဖော်ပေါင်းနှင့်၊ ဆန်မောင်းနင်းရေ
သာစွလေ၊ သာယာဧလေ၊ သာစွလေ။

(၁၉ ရာစု) **အမည်မသိ**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကေ | = သောအခါ။ လျှင်။ |
| ၂။ ကတ် | = ကြ( ပျော်ပါးကြမယ်)။ |
| ၃။ ဆန်မောင်းနင်းရေ | = ဆန်ဖွပ်မောင်းထောင်းသည်။ |
| ၄။ ဖုန်း | = ဘုန်းတော်ကြီး။ |
| ၅။ မောင်းကျောက် | = မောင်းတုံးတွင် တပ်ထားသော ကျည်ပွေ့။ |
| ၆။ ရို့ | = တို့။ |
| ၇။ ရွဲ့ | = သီချင်း။ |
| ၈။ လောင်းရိပ်သာ | = လရောင်အောက်တွင်။ |
| ၉။ သာခြင်း | = သီချင်း။ |

**အဓိကအချက်များ**

- ရခိုင်လုံမပျိုတို့သည် မောင်းထောင်းရင်း ရခိုင်တေးသီချင်းမျိုးစုံကို သီဆိုလေ့ရှိသည်။
- ခဝဲပွဲသည့် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်လှူလေ့ရှိကြောင်းရေးဖွဲ့ထားသည့် သီချင်းလည်းပါရှိသည်။
- ရခိုင်တိုင်းရင်းသားတို့၏ ဘာသာတရားကိုင်းရှိုင်းသောယဉ်ကျေးမှုကို သိရသည်။
- ရခိုင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံ၊ စကားအသုံးအနှုန်းများမှာ ချစ်ခင်နှစ်သက်ဖွယ် ဖြစ်သည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။
ခဝဲ၊ တန်ဆောင်မုန်း၊ လမင်း၊ သဃ်၊ ကထိန်။

၂။ အောက်ပါကဗျာစာသားများမှ မျဉ်းသားထားသည့် စကားလုံးများနှင့် အနက်တူသည့် စကားလုံးများ ကို ရေးပေးပါ။

(၁) ခဝဲဝင်းဝါ၊ ပွင့်ပြန်လာ<u>ကေ</u>
(၂) ပျော်ပါး<u>ကတ်</u>မေ၊ လုံပျိုမေ
(၃) လမင်းစန္ဒာ၊ <u>လောင်းရိပ်သာ</u>တွင်
(၄) ပျော်ရာတကြောင်း၊ <u>မေရို့</u>မှာလေ
(၅) အဖော်ပေါင်းနှင့်၊ <u>ဆန်မောင်းနင်း</u>ရေ

၃။ အောက်ပါကဗျာစာသားကို စကားပြေဖြင့်ပြန်ရေးပေးပါ။

(၁) ခဝဲဝင်းဝါ၊ ပွင့်ပြန်လာကေ
(၂) တန်ဆောင်မုန်းမှာ၊ရှင်ဖုန်းသဃ်၊ ကျောင်းဝိဟာ၌၊ကထိန်လည်းကပ်
(၃) လမင်းစန္ဒာ၊ လောင်းရိပ်သာတွင်
(၄) မေရို့မှာလေ၊ အဖော်ပေါင်းနှင့်၊ ဆန်မောင်းနင်းရေ
(၅) သာစွလေ၊ သာယာဇလေ၊ သာစွလေ။

၄။ ဆန်မောင်းနင်းရေကဗျာမှ တွေ့ရသည့် ရခိုင်သူတို့၏ ချစ်စရာဟန်ပန်များကို သင့်စကားနှင့် ပြန်ရေးပေးပါ။

၅။ အောက်ပါကဗျာစာပိုဒ်မှ ၄-၃-၂ ကာရန်များကို မျဉ်းသားပြပါ။

ခဝဲဝင်းဝါ၊ ပွင့်ပြန်လာကေ
သီကာလည်းကုံး၊ တန်ဆောင်မုန်းမှာ
ရှင်ဖုန်းသဃ်၊ ကျောင်းဝိဟာ၌
ကထိန်လည်းကပ်၊ မယ်ရို့မှာလေ
ပျော်ပါးကတ်မေ၊

## ၁၇။ ရသစာတမ်း (ရသစကားပြေ)

အောက်ပါစာပိုဒ်များကို ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

ဆရာဖတ်ပြသည့်အခါ သေချာစွာနားထောင်ပါ။



**လျှာနှင့်ဆေး**

ဆေးဆိုလျှင် အရသာဆိုးသည်သာများ၏။ ပို၍အစွမ်းထက်လေ၊ ပို၍ခါးသီးလေပင်။ ဤသဘော တရားကား သဘာဝကျလေသည်။

ဆေး၏ရည်ရွယ်ချက်မှာ ရောဂါပိုးတို့ကို တိုက်ဖျက်ချေမှုန်းရန်ဖြစ်သည်။ ရောဂါပိုးမွှားဆိုသည် မှာလည်း သွေးနှင့်ကိုယ် သားနှင့်ကိုယ်။ ချိုမြိန်သောအရသာကိုကြိုက်နှစ်သက်ပြီး ခါးသီးမှုကိုကြောက်လန့် ပေလိမ့်မည်။ ခါးသီးခြင်းသည် ပိုး၏ရန်သူ၊ လူ၏မိတ်ဆွေဟုပင် ဆိုကြပါစို့။

ငယ်ငယ်က နေမကောင်းဖြစ်လျှင် ငန်းဆေးခါးခါးကြီးနှင့် ကွမ်းရွက်ပြုတ်ရည် ပူစပ်စပ်ကြီးကို ကြိတ်မှိတ်၍ မျိုချခဲ့ရသည်။

တစ်ခါတစ်ရံ ကပြားဆရာဝန်ကြီး ဒေါက်တာဘာတာချာချီဆီ သွားရ၏။ သူကိုယ်တိုင် ဖော်စပ် ထားသော ဆေးရည်များကို ပေးတတ်သည်။ ဆေးငါးခွက်ပေးလျှင် သုံးခွက်လောက်သာ ဝမ်းထဲရောက် သည်။ နှစ်ခွက်က အန်ထွက်ကုန်သောကြောင့်ဖြစ်၏။ လူကြီးတွေက ဆေးပတ်မပြည့်မည် စိုးသော ကြောင့် ဆရာဝန်ကြီးဆီသွားပြီး ဆေးထပ်တောင်းသည်။ သူကရယ်၍ "ဆေးထပ်ပေးစရာမလို။ အစကတည်းက အန်ထွက်မည့်ဆေးတွေအတွက်ပါ ကျွန်ုပ် ပိုပိုသာသာ ထည့်ပေးလိုက်ပါသည်"တဲ့။

ဆေးတစ်ခါသောက်ဖို့အတွက် လက်တွေခြေတွေ ချုပ်သည့်လူကချုပ်၊ နှာခေါင်းပိတ် သူက ပိတ်။ ဆေးဇွန်းကိုင်သူကကိုင်။ အရပ်ကူပါ လူဝိုင်းပါ။

ငယ်ငယ်က သောက်ခဲ့ရသည့် ဆေးခါးကြီးများ၏ အရသာဆိုးကိုတော့ ဘယ်တော့မှ မမေ့။ လျှာပေါ်မှာ တစ်သက်လုံးစွဲနေသည်ဟုထင်သည်။

တိုင်းရင်းဆေးများသည် အသီး၊ အရွက်၊ အပွင့်၊ အခေါက်၊ အမြစ် ပဉ္စငါးပါးကို အမှုန့်ပြု၍ လည်းကောင်း၊ သုံးခွက်တစ်ခွက်တင်ကျို၍ လည်းကောင်း အသုံးပြုနေကြတုန်းပင်ဖြစ်၏။

အနောက်တိုင်းဆေးဝါးထုတ်လုပ်မှုနည်းပညာကား များစွာတိုးတက်လာသည်။ ဆာလဖာ၊ ကွီနိုင် စသည်တို့ကို ဆရာဝန်ကိုယ်တိုင် အချိုးအစားအတိုင်း ရောနှောဖော်စပ် နေစရာမလိုတော့ပြီ။ အဆင်သင့် အသုံးပြုနိုင်အောင် ထုတ်လုပ်လာကြသည်။

မျိုချရလွယ်အောင် အခဲလုပ်လာကြသည်။ အချို့ဆေးများကို သကြားအုပ်ထားသည်။ ကက်ပစူးခေါ် ပလတ်စတစ်ကြုတ်ကလေးတွေထဲ သွတ်သွင်းလာကြသည်။ ဆေးကိုဝန်ကျဉ်းနိုင်သမျှ ကျဉ်းအောင် အနှစ်ထုတ်၍ ချုံ့နိုင်လာကြသည်။

အမြင်လှအောင် ဆေးရောင်အမျိုးမျိုး ခြယ်သထားသေးသည်။ သောက်ချင့်စဖွယ်။ မည်သို့ ဖြစ်စေ ဆေး၏ မူလအာနိသင်ကတော့ ခါးသီးခြင်းပင် ဖြစ်နေတုန်း။

ကလေးများအတွက် အားဆေးရည်များ၊ ချောင်းဆိုးပျောက်ဆေးရည်များကို အဝင်မဆိုးအောင် စီမံနိုင်လာကြ၏။ သို့ရာတွင် ကလေးများ ဖျားနာလျှင်မူ လူကြီးများအတွက် ပြုလုပ်ထားသော ဆေးများကိုပင် လေးပုံတစ်ပုံ၊ သုံးပုံတစ်ပုံခွဲ၍ တိုက်နေကြရ၏။

လသားအရွယ်၊ အခါလည်သားအရွယ်ကလေးများသည် ဆေးခဲဆေးတောင့်များကို မျိုချနိုင်ကြသေးသည်မဟုတ်။ ထို့ကြောင့် ဆေးခဲကိုကြိတ်၊ ဆေးတောင့်ထဲမှ ဆေးမှုန့်ကို ထုတ်၍ ရေနှင့်ဖျော်ပြီး တိုက်ရသည်။

ဆေးတွေက အကြီးအကျယ်အစွမ်းထက်လာသည်နှင့်အမျှ ခါးသီးမှုကလည်း ကမ်းကုန်အောင်ပင်။ ကိုယ်တိုင်မျိုချရရှာသော ကလေးများ၏ လျှာမပြောနှင့်၊ ဆေးဖျော်သော လူကြီး၏လက်မှာပင် အခါးဓာတ်က နာရီပေါင်းများစွာကြာအောင် စွဲနေတတ်သည်။

ထိုအခါ ကလေးကို ဆေးတစ်ခါတိုက်လျှင် ခြေချုပ်၊ လက်ချုပ်၊ နှာခေါင်းပိတ်၊ ဒုံရင်းအတိုင်း ဖြစ်ရပြန်လေ၏။

ကလေး နေမကောင်းဖြစ်မည်ကို အလွန်ကြောက်သည်။ ကလေး၏ ကျန်းမာရေးအတွက် စိုးရိမ်မှုပါသလို ဆေးတိုက်ရမည်ကို ဝန်လေးသောကြောင့်လည်း ဖြစ်သည်။

ပထမဆုံးအကြိမ်ဖျားစဉ်က အဦးဆုံးသော ဆေးတစ်ခွက်ကို လွယ်လွယ်ကူကူ တိုက်လို့ရခဲ့သည်။ ကလေးက ဆေးဆိုသည်ကို မကြုံဖူးသေး။ ဆေးဇွန်းကို ပါးစပ်နားတေ့ပေးသောအခါ ပါးစပ်ကို ဟပေး၏။ ပထမဆုံးအတွေ့အကြုံကို ဘုမသိဘမသိနှင့် ကြိတ်မှိတ်မျိုချရှာ၏။

နောက်တစ်ခါကျတော့ မရချေ။ ဆေးဇွန်းကိုမြင်သည်နှင့် နှုတ်ခမ်းကို တင်းတင်းစေ့ ထားသည်။ မျက်နှာကို တစ်ဖက်သို့လွှဲထားသည်။ ရုန်းကန်အော်ဟစ်သည်။ မတတ်နိုင်။ ရှေးရိုးနည်းအတိုင်း ချုပ်ကိုင် နှာခေါင်းပိတ်ပြီး တိုက်ရတော့သည်။

ဆေးဝင်သွားပြီးနောက် ကလေးမျက်နှာသည် ရှုံ့မဲ့နေ၏။ တော်တော်နှင့် မငိုနိုင်ရှာ။ ငယ်စဉ်က သောက်ခဲ့ရသော ဆေးခါးကြီးများ၏ အရသာကို မှတ်မိနေသောကြောင့် ကလေးကိုယ်စား ရင်ထဲကမျို့လာလေ၏။ ဖြစ်လိုရာဖြစ်စေ နောက်တစ်ခါ ဒီဆေးတွေမတိုက်တော့ဟူ၍ပင် ဆုံးဖြတ်ချင်လာသည်။

ကလေးသည် နေကောင်းသွားသည့်တိုင်အောင် ဆေးတွေက လျှာပေါ်မှာ စွဲနေတုန်းဖြစ်၍ နို့တောင်ကောင်းကောင်းမစို့နိုင်ရှာ။ ဇွန်းကိုမြင်တိုင်း မျက်စိမျက်နှာပျက်ပြီး ကြောက်လန့်နေရှာသည်။ ခံတွင်းကောင်းသွားသည့်တိုင် အစားအသောက်ကို ဇွန်းနှင့်ကျွေးလျှင် မစားတော့။ ကလေးသည် ဇွန်းကို မုန်းသွားလေပြီ။ ရောဂါကြောင့်ခံစားရသည့် ဝေဒနာထက် ဆေးသောက်ရသည့် ဒုက္ခက ပို၍ကြီးမားလား မသိ။

ကလေးသည် မနက်ကတည်းက ကိုယ်ပူငွေ့ငွေ့ရှိသည်။ အုပ်ဆေးကလေးအုပ်ပြီး နွေးနွေးထွေးထွေးထားသော်လည်းမရ။ ညနေစောင်းတွင် နှာစေးချောင်းဆိုးဖြစ်လာ၏။ ရင်လည်းကျပ်ချင်လာ၏။

ဆေးခန်းသွားပြရ၏၊ ဆရာဝန်က စမ်းသပ်ပြီး ပါရာစီတမောနှင့် အမ်ပီစလင်တိုက်ရမည်ဟုဆို၏။ စိတ်မကြည်မသာ ဖြစ်ရသည်။

ပါရာစီတမောလည်း ခါးသက်သက်အရသာရှိ၏။ ထို့ထက်ဆိုးသည်ကား အမ်ပီစလင်။ ဆေးတောင့်ထဲမှာပါသော ဆေးမှုန့်များသည် ခါးလန်နေရုံမျှမက အနံ့ကလည်းကြောင်သေးစော်နံသည်။ ထိုဆေးတွေကို ကြိတ်ပြီး အရည်ဖျော်တိုက်ဖို့ဆိုသည်မှာ စိတ်ကူးရုံနှင့်ပင် အော်ဂလီဆန်လာ၏။

ထိုအကြောင်းကို ညည်းမိသဖြင့် ဆရာဝန်က အကြံဉာဏ်တစ်ခုပေးသည်။ ကလေးများအတွက် အထူးစပယ်ရှယ် ထုတ်လုပ်ထားသော အလားတူဆေးများရှိပါသတဲ့။

ဈေးတော့နည်းနည်းကြီးသည်။ ဆေးနှစ်မျိုးအတွက် ကျသင့်ငွေမှာ ဝတ္ထုတိုတစ်ပုဒ် စာမူခလောက်ရှိသည်။ မတတ်နိုင်။ ကလေးအတွက်မို့ ဇွတ်မှိတ်ပြီးဝယ်လိုက်ရသည်။

ဆာဗီဂျက်ဆစ်က သကြားရည်ရောထားပြီးသား။ အမ်ပီစလင်ဆေးဆိုသော ဆေးတောင့်ကတော့ အမှုန့်။ ရေကျက်အေးနှင့် ဖျော်ရသည်။

ဆေးနှစ်မျိုးကို ရောစပ်လိုက်သောအခါ ခပ်ပျစ်ပျစ် ဆေးရည်ကိုရသည်။ အနံ့သင်းသင်းလေး။ နှင်းရည်လိုအနံ့မျိုး။ အရသာက ချိုမြမြ။ အရည်ပျော်နေသောရေခဲမုန့်နှင့် ခွဲမရအောင်တူသည်။ နည်းနည်းမြည်းကြည့်ပြီး ကလေးတောင်မှ ပြန်ဖြစ်ချင်စိတ်ပေါက်သွား၏။

ကလေးကို ဆေးတိုက်ဖို့ပြင်သည်။ ဆေးဇွန်းကိုမြင်သောအခါ ကလေးငြင်းဆန်ရန် ဟန်ပြင်နေသည်။ ဇွန်းကို မျက်လုံးရွှဲကြီးများဖြင့် သနားစဖွယ် ကြည့်နေသည်။ သူ့အမေက "မခါးပါဘူး သမီးရဲ့ ချိုချိုလေး"ဟု ပြောပြီး လျှာပေါ်တစ်တို့တင်ပြီး လျက်ပြသည်။

ကလေးဇဝေဇဝါ ဖြစ်သွား၏။ ငြင်းလည်းမထူးဘူး။ ဇွတ်အတင်းချုပ်ပြီး တိုက်ကြမှာပဲဟု အားလျှော့လိုက်ဟန်တူသည်။ ပါးစပ်ဟပေး၏။ ပါးစပ်ထဲ ဆေးဝင်သွားသောအခါ မျက်နှာကို ရှုံ့မဲ့မည်ပြုပြီးမှ တန့်သွား၏။ ကြည်လင်ဝင်းပလာသည်။ ထို့နောက် ရွှေ့သွားကလေးများပေါ်အောင် ပြုံးရယ်ပြလေ၏။ ဈေးကြီးပေးဝယ်ရကျိုးနပ်ပါပေသည်။ တန်သည်။ ဆေးတိုက်ရသည့်ဒုက္ခကကင်းလွတ်ပြီ။ သို့ရာတွင် . . .

ဆေးပုလင်းကို သိမ်းမည်ပြုသောအခါ ကလေးငိုလေတော့သည်။ ပုလင်းကို လက်ညှိုးထိုးပြပြီး ပါးစပ်က "တပြတ်ပြတ်"လုပ်ပြသည်။

ကလေးကဆေးကို ထပ်တောင်းနေပါပြီကော။ မတည့်သော အစားအစာတစ်ခုကို ကလေးက စားလိုလျှင် "အဲဒါ မုန့်မဟုတ်ဘူးကွဲ့။ ဆေးတွေ" ဟု လူကြီးတွေက ညာပြောလေ့ရှိသည်။ ခုတော့ . . . "အဲဒါ မုန့်မဟုတ်ဘူးသမီး ဆေး၊ ဆေး"ဟု အမှန်အတိုင်းပြောသော်လည်း ကလေးကမယုံတော့ချေ။

**(၂၀ ရာစု နှောင်းပိုင်း)** **မင်းလူ**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကပြား | = လူမျိုးချင်းမတူသောမိဘနှစ်ပါးမှ ပေါက်ဖွားသူ။ |
| ၂။ ကမ်းကုန် | = အဆုံးစွန်။ |
| ၃။ ကိုယ်စား | = တစ်ဦးတစ်ယောက်နေရာမှ။ |
| ၄။ ကြိတ်မှိတ် | = အောင့်အည်းသည်းခံလျက်။ |
| ၅။ စပယ်ရှယ် | = သာမန်ထက်သာလွန် ကောင်းမွန်အောင်။ |
| ၆။ စာမူခ | = ရေးသားပြုစုသော ဝတ္ထု၊ ကဗျာစသည့်စာအတွက် ရသည့်အဖိုးအခ။ |
| ၇။ ဆေးခါးကြီး | = အရွက်သေးငယ်သွယ်ချွန်း၍ အလွန်ခါးသောအပင်နှင့်ဖော်စပ်ထားသောဆေး။ |
| ၈။ ဇဝေဇဝါ | = မကွဲမပြား၊ မသေမချာ။ |
| ၉။ ဇွတ်မှိတ် | = ဆန္ဒမရှိဘဲ၊ စိတ်မပါဘဲလျက်။ |
| ၁၀။ တစ်သက်လုံး | = တစ်ဘဝတာကာလပတ်လုံး။ အသက်ရှင်နေသမျှ ကာလပတ်လုံး။ |
| ၁၁။ ပျို့ | = (ဝမ်းမှ) လေဆန်တက်သည်။ |
| ၁၂။ ဘုမသိဘမသိ | = ဘာမျှရေရာစွာမသိ နားမလည်ဘဲလျက်။ |
| ၁၃။ မကြည်မသာ | = စိတ်မရွှင်လန်းမချမ်းသာ။ |
| ၁၄။ မျို | = မဝါးမကြိတ်ဘဲ ခံတွင်းထဲသို့ မျောဝင်စေသည်။ |
| ၁၅။ မျက်စိမျက်နှာပျက် | = မျက်နှာအမူအရာပျက်သည်။ |
| ၁၆။ ဝန်လေး | = ထမ်းဆောင်ရသည့်တာဝန်ကြီးမားခက်ခဲသည်။ |
| ၁၇။ အခါလည်သား | = တစ်နှစ်ပြည့်မြောက်သည့်ကလေးငယ်။ |
| ၁၈။ အာနိသင် | = အကျိုးသက်ရောက်မှု၊ ဂုဏ်သတ္တိ။ |
| ၁၉။ အားလျော့ | = အားစိုက်ထုတ်မှု ရပ်ဆိုင်းသည်။ |
| ၂၀။ အော်ဂလီဆန် | = ပျို့ချင်အန်ချင်ဖြစ်သည်။ |

**အဓိကအချက်များ**

- ဆေးသည်ခါးလေ အစွမ်းထက်လေဖြစ်သည်။
- ဆေး၏အခါးသည် လျှာတွင်သာမက စိတ်တွင်ပါစွဲနေရာ ကလေးများသည် ဆေးကိုကြောက်ကြသည်။
- ကလေးများအတွက် သီးသန့်ဖော်စပ်ထားသော ဆေးချိုချိုမွှေးမွှေးလေးများ ပေါ်လာပြီးနောက်ပိုင်းတွင် ကလေးများသည် ဆေးကိုမကြောက်တော့။ ဆေးကိုမုန့်ဟု ထင်မှတ်လာကြသည်။
- လူတို့၏တီထွင်မှုသည် အကျိုးပြုမှုရှိသကဲ့သို့ မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများလည်း ရှိလာပါသည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့ကို ကွက်လပ်များတွင် ဆီလျော်အောင်ဖြည့်ပါ။

ခပ်ပျစ်ပျစ်၊ ခါးခါးကြီး၊ တင်းတင်းစေ့၊ ချိုချိုမွှေးမွှေး၊ ပူစပ်စပ်။

ကျွန်မငယ်ငယ်ကသောက်ခဲ့ဖူးတဲ့ ကွမ်းရွက်ပြုတ်ရည်------ကြီးနဲ့ ငန်းဆေး-------- ကို အခုအချိန်ထိ မှတ်မိနေပါတယ်။ ကျွန်မက မသောက်ချင်လို့ နှုတ်ခမ်းကို --------ထားပေမဲ့ ဖေဖေနဲ့ မေမေက အတင်းချုပ်ပြီးတိုက်ကြတော့ ဒီ-------ဆေးခါးကြီးကို မျိုချလိုက်ရတာ ချည်းပါပဲ။ ခုကျတော့ -------------ဆေးရည်တွေပေါ်ပေမဲ့ ကျွန်မက လူကြီးဖြစ်သွားပြီဆိုတော့ နေမကောင်းတိုင်း ဆေးခါးခါးကြီးတွေကို သောက်နေရတုန်းပါပဲလေ။

၂။ (က)ဘက်တွင်ပါသောစကားလုံးတို့နှင့်အနက်တူသောစကားလုံးတို့ကို (ခ)ဘက်တွင်ရှာ၍ အဖြေမှန်ကို မျဉ်းသားပေးပါ။

| (က) | (ခ) |
|---|---|
| (၁) ခါးတူး | (၁) ချိုရဲ၊ ခါးလန်၊ ခါးသက်သက်၊ ချိုဆိမ့် |
| (၂) ဝမ်း | (၂) ရင်ခေါင်း၊ ခေါင်း၊ ဗိုက်၊ ကိုယ် |
| (၃) ပါးစပ် | (၃) နှာခေါင်း၊ ခံတွင်း၊ လျှာ၊ သွား |
| (၄) မျက်ရည်ကျ | (၄) ရယ်၊ ငို၊ ရှိုက်၊ မော |
| (၅) ကိုယ်ပူ | (၅) ဝမ်းပျက်၊ ဖျားနာ၊ ကြို့ထိုး၊ ချောင်းဆိုး |

၃။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

မကြည်မသာ၊ အော်ဂလီဆန်၊ မျက်စိမျက်နှာပျက်၊ ဇဝေဇဝါ၊ စပယ်ရှယ်။


Option ၄။ လျှာနှင့်ဆေးရသစာတမ်းကို ဖတ်ပြီးနောက် သင်မည်သို့ ခံစားရသနည်း။

၅။ သင်သောက်ခဲ့ဖူးသည့် ဆေးခါးကြီးတစ်ခွက်နှင့် ပတ်သက်သည့် ခံစားချက်ကို စာ ၅ ကြောင်းခန့် ရေးသားစီကုံးပါ။

## ၁၈။ ဆိုရိုးစကား (အသုံးချဘာသာစကား)

အောက်ပါကဗျာကို ဆရာကရွတ်ဆိုပြသည့်အခါ သေချာစွာနားထောင်ပါ။

မိမိကိုယ်တိုင်အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### တစ်ဆယ့်နှစ်လရာသီမိုး

၁။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး။

၂။ ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့။

၃။ နယုန်မိုးသေး၊ မြက်သားမွေး။

၄။ ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး။

၅။ ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ။
ရွာပါသော်လည်း မိုးမသည်း။

၆။ တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ။

၇။ သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။

၈။ တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်။

၉။ နတ်တော်ရောက်ငြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။

၁၀။ ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်။

၁၁။ တပို့တွဲ၊ နွှဲ၍ရွာခြင်း၊ သန်မိုးကြွင်း။

၁၂။ တပေါင်းလည်းကူး၊ မိုးသားကျူး။

**(၁၉ ရာစု)**		**မုံရွေးမှတ်စု**

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကြောင်ကျစ် | = အပွင့်ဝါ၍ အစေ့တောင်ပံရှိ ဆူးချုံပင်ကြီးတစ်မျိုး။ |
| ၂။ စားဖိုသည် | = ထမင်း၊ ဟင်း စသည်တို့ကို ချက်ပြုတ်သူအိမ်ရှင်မ။ |
| ၃။ ဆီးနှင်း | = ဆောင်းရာသီတွင်ဝေတတ်၊ ကျတတ်သော ရေခိုး၊ ရေငွေ့၊ ရေမှုန်။ |
| ၄။ ဆူးရစ် | = ဆူးပုပ်ရွက်နှင့်တူသော အရွက်ရှိသည့် ဆူးရှိနွယ်ယောင်ချုံပင်ကြီး။ |
| ၅။ ဆင်ရာတိမ် | = နတ်တော်လတွင် ဆင်ခြေရာပျောက်ရုံမျှ ရွာသောမိုး။ |
| ၆။ တစ်ပြိုက် | = တစ်ကြိမ်တစ်ခါ။ |
| ၇။ ထနောင်း | = အပူပိုင်းဒေသတွင်ပေါက်သော အခက်အလက်၌ ဆူးပါသည့်အရိပ်ရ အပင်တစ်မျိုး။ |
| ၈။ နံ့နံ့ | = အနည်းငယ်။ |
| ၉။ ပလ္လင်ဆေးမိုး | = သီတင်းကျွတ်လတွင် ဘုရားကျောင်းကန်များရှိ သင်ပုတ်ပလ္လင်များစင်ကြယ်သွားအောင်သည်းထန်စွာရွာသောမိုး။ |
| ၁၀။ ဖက်ဆွတ်ရေ | = နွေအခါ ရွက်ဟောင်းများကို ကြွေကျစေသည့်မိုးရေ။ |
| ၁၁။ မိကျောင်း | = တောစပ်၊ ရေစပ်တွင် ပေါက်လေ့ရှိ၍ ဝါဆိုလတွင် အပွင့်ဖြူများ အဆုပ်လိုက်မြိုင်ဆိုင်စွာ ပွင့်တတ်သောနွယ်ပင်တစ်မျိုး။ |
| ၁၂။ မြေသင်းပျံ့ပျံ့ | = မိုးရေကြောင့်ထွက်ပေါ်လာသော မြေ၏ရနံ့ သင်းပျံ့လျက်။ |
| ၁၃။ မြက်သားမွေး | = မြက်နုကလေးများ ပေါက်လာသည်။ |
| ၁၄။ သန်မိုးကြွင်း (ဝသန်မိုးကြွင်း) | = နွေဦးရာသီတွင် ရွာသည့်မိုး။ တပို့တွဲလတွင်ရွာသည့် ဝသန်မိုးအကြွင်းအကျန်။ |

**အဓိကအချက်များ**

- မြန်မာနိုင်ငံတွင် လအလိုက်ရွာသွန်းသည့် ရာသီမိုးများရှိသည်။
- လအလိုက် ရွာသွန်းသောမိုးများကို ကဆုန်မိုး၊ နယုန်မိုး၊ ဝါဆိုမိုး၊ ဝါခေါင်မိုး စသည်ဖြင့် လအမည်များနှင့်သာ တွဲ၍ခေါ်ဆိုထားသော်လည်း တန်ခူးလမိုးကို သင်္ကြန်မိုးဟုခေါ်ဆိုထားသည်။
- ရွာသွန်းသည့် မိုးများသည် လအလိုက် ရွာသွန်းပုံကွာခြားကြသည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် စကားလုံးများကို မှန်အောင်ဖြည့်ပါ။

(၁) မိုးသည် သစ်ရွက်ခြောက်များကို(စွတ်၊ ဆွတ်)ခြွေသွားသည်။

(၂) မိုး(သည်း၊ သဲ)နေပြီ။

(၃) မိုး(စဲ၊ ဆဲ)မှ အပြင်ထွက်ပါ။

(၄) ကိုယ်က(ကျူး၊ ကြူး) ကိုယ့်ဒူးတောင် မယုံနှင့်ဟူသော စကားပုံရှိသည်။

(၅) ပန်းကန် (ဆေး၊ စေး)ပြီးလျှင် အဝတ်နှင့် ခြောက်အောင်သုတ်ပါ။

၂။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

သကြ်န်မိုး၊ မိုးသား၊ မိုး၊ ဆီးနှင်း၊ နှမ်းပုံ။

၃။ အောက်ပါဆိုရိုးစကားများကို အမျိုးအစားတူရာစုပေးပါ။

တော်သလင်းနေ ပုစွန်သေ။ တော်သလင်းမိုး ကန်သင်းကျိုး။ တောင်လေသုတ်ဖြူး လတန်ခူး။ တန်ဆောင်မုန်းမိုး ကန်ကျိုးအောင်ရွာ။ ဝါ ကဆုန် နှမ်းနယုန်။ တပေါင်းတန်ခူး လေရူးဆော်။ ဝါခေါင် မိုးစိပ် ထွန်တုံးပိတ်။ ခဝဲပွင့်တုန်း တန်ဆောင်မုန်း။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်။

| မိုးအကြောင်း | လေအကြောင်း | နေအကြောင်း | ရာသီပန်း၊ အပင် |
|---|---|---|---|
| | | | |

၄။ အောက်ပါ ပုဒ်များကို ဆိုရိုးစကားဖြစ်အောင် ယှဉ်တွဲပေးပါ။

(က) တပေါင်းသာခေါင် (၁) ကတောက်ကတက်
(ခ) နွေထနောင်း (၂) သင်ဖြူးခင်း
(ဂ) မီးပန်းပွင့်တုန်း (၃) လများနောင်
(ဃ) တော်သလင်းမြစ်တွင်း (၄) ဆောင်းမန်ကျည်း
(င) ဆောင်းတွင်းအိပ်မက် (၅) တန်ဆောင်မုန်း

၅။ အောက်ပါဆိုရိုးစကားများ၌ လိုနေသည့်ကာရန်စကားလုံးများကို ဖြည့်ပေးပါ။

(က) သဇင်ပွင့်ပေါ် လနတ်------။

(ခ) တပေါင်းတန်-------- မိုးသားကျူး။


(ဂ) ငှက်ပျောကဆုန် ဝါးန-------။

(ဃ) တန်ခူးရေကုန် က------ရေခန်း။

(င) နေ့ကိုလို ဝါ------- ညကိုလို ပြာသို။

## အပိုင်း–၂
## မြန်မာသဒ္ဒါ
## ၁၉။ နာမ်အစု

### ၁၉၊ ၁။ နာမ်




ဒါ ကျွန်မတို့ရဲ့ **စာသင်ခန်း**ပါ။ **စာသင်ခန်း**ထဲမှာ **ထိုင်ခုံ၊ စားပွဲ၊ ကျောက်သင်ပုန်း၊ မြေဖြူ၊ ဘောဖျက်၊ မြေပုံ၊ မီးချောင်း** စတဲ့အသုံးအဆောင်တွေ ရှိပါတယ်။ **စာသင်ခန်း**က ကျယ်ပါတယ်။ **မှန်ပြတင်းပေါက်** တွေနဲ့မို့ **အလင်းရောင်** ကောင်းကောင်းရပါတယ်။ **နေ့ခင်း**ဘက်ဆိုရင် မီးဖွင့်စရာ မလိုပါဘူး။ **ဆရာ၊ ဆရာမ**တွေသုံးဖို့ **ဗီရို** တစ်လုံးလဲရှိပါတယ်။ **စာသင်ခန်း**မှာ **ကျောင်းသား၊ ကျောင်းသူ**တွေ ပျော်ပျော်ပါးပါး စာသင်ကြပါတယ်။

အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် နာမ်ဖြစ်သည်။

**အမည်ဟူသမျှကို နာမ်ဟုခေါ်သည်။**

**နာမ်များ**

| | |
|---|---|
| စာသင်ခန်း | မှန်ပြတင်းပေါက် |
| ထိုင်ခုံ | အလင်းရောင် |
| စားပွဲ | နေ့ခင်း |
| ကျောက်သင်ပုန်း | ဆရာ |
| မြေဖြူ | ဆရာမ |
| ဘောဖျက် | ဗီရို |
| မြေပုံ | ကျောင်းသား |
| မီးချောင်း | ကျောင်းသူ |

## လေ့ကျင့်ခန်း

၁။ အောက်ပါရုပ်ပုံများကိုကြည့်၍နာမ် ၅ ခုကို ရေးပါ။



သာဓက- လှေ

(က) ---------------

(ခ) ---------------

(ဂ) ---------------

(ဃ) ---------------

(င) ---------------

၂။ ပေးထားသော နာမ်စကားလုံးများကို သင့်လျော်သည့်ကွက်လပ်တွင်ဖြည့်ပါ။

စာသင်ခန်း၊ မြေဖြူ၊ မြေပုံ၊ ဆရာ၊ ပြတင်းပေါက်

(က) မြန်မာပြည် ---------- ဆွဲပါ။
(ခ) ----------ဖွင့်လိုက်ပါ။
(ဂ) ----------ထဲတွင်အမှိုက်မပစ်ရ။
(ဃ) အတန်းထဲတွင် -------- စာသင်နေသည်။
(င) ကျောက်သင်ပုန်းပေါ်တွင် ------- ဖြင့်စာရေးပါ။




၃။ အောက်ပါစာပိုဒ်မှ နှစ်သက်ရာ နာမ် ၅ ခုကို ရွေးချယ်ပါ။

ကျောက်မျက်ရတနာတို့ကို အလှအပ၊ အသုံးအဆောင်အဖြစ် ဝတ်ဆင်ကြသည့်အပြင် အနုပညာလက်ရာများတွင် အမွမ်းအမံပစ္စည်းအဖြစ်အသုံးပြုကြသည်။ ကျောက်မျက်အမျိုးမျိုးတွင် ပတ္တမြား၊ နီလာ၊ မြ စသည်တို့သည် တွင်းထွက်ကျောက်များဖြစ်သည်။ ပုလဲ၊ ပယင်းနှင့် သန္တာ တို့မှာမူ တွင်းထွက်ကျောက်များ မဟုတ်ကြပေ။ အဖိုးတန်ကျောက်ပေါင်း ၁၂၀ ခန့်ရှိ၍ ယင်းတို့အနက် ၂၅ မျိုးခန့်သာ အသုံးများသည်။ ကျောက်မျက်ရတနာများတွင် စိန်၊ ပတ္တမြား၊ မြနှင့် နီလာတို့မှာ အဖိုးအတန်ဆုံးဖြစ်သည်။

(က) ---------------
(ခ) ---------------
(ဂ) ---------------
(ဃ) ---------------
(င) ---------------

## ၁၉၊ ၂။ နာမ်စား



**ကျွန်တော်**က အောင်အောင်ပါ။ မမနာမည်ကတော့ ခင်ခင်လို့ခေါ်တယ်။ **သူ**က **ကျွန်တော့်**ကို ချစ်ပါတယ်။ မမနဲ့ **ကျွန်တော်**တို့ မောင်နှမမှာ **ကျွန်တော်**က အအိပ်မက်တယ်။ ဒီနေ့မနက်စောစော **သူ**က **ကျွန်တော့်**ကို "အောင်အောင်ထတော့"လို့ လာနှိုးတယ်။ **ကျွန်တော်**က မထဘူး။ **သူ**က " ဘော်ဘီလေးတောင် ခြံထဲမှာ ဆော့နေပြီ။ **နင်** မထသေးဘူးလား" လို့ ထပ်နှိုးတယ်။ **ကျွန်တော်**က "အိပ်ချင်သေးတယ်" လို့ ပြန်ပြောလိုက်တယ်။ "**နင်** သိပ်ဆိုးတယ်။ **ငါ** မေမေနဲ့ တိုင်ပြောမယ်" လို့ အော်တယ်။ **ဒါ**ကို မေမေကကြားသွားပြီးတော့ "**မင်း ဘယ်**တော့ထမှာလဲ။ ကျောင်းချိန်နီးနေပြီ။ ကျောင်းနောက်ကျတော့မယ် အခု **ဘာ**လုပ်ကြမှာလဲ။ **နှစ်ယောက်**စလုံး ကျောင်းသွားဖို့ မြန်မြန်လုပ်ကြတော့"လို့ပြောမှ **ကျွန်တော်** အိပ်ရာက ထလိုက်တယ်။

အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသော စကားလုံးများသည် နာမ်စားဖြစ်သည်။

**နာမ်၏ အစားသုံးသော စကားလုံးကို နာမ်စားဟုခေါ်သည်။**

**နာမ်စားများ**

| | | | |
|---|---|---|---|
| ကျွန်တော် | နင် | ဒါ | ဘယ် |
| သူ | ငါ | မင်း | ဘာ |
| | | | နှစ်ယောက် |

### လေ့ကျင့်ခန်း

၁။ ပေးထားသည့် နာမ်စားနှစ်ခုအနက် ဆီလျော်သည့် နာမ်စားကိုရွေးပါ။

(က) မမဈေးသွားတော့ ဘုရားပန်းဝယ်ခဲ့လို့ အမေက (ညည်း၊ သူ့)ကိုမှာတယ်။


(ခ) ကျောင်းပိတ်ရက်မှာ ကစားကွင်းသွားဖို့ (သင်တို့၊ သူတို့) တိုင်ပင်ထားကြတယ်။

(ဂ) မမတို့ (ဘယ်၊ ဘာ) သွားကြမလို့လဲ။

(ဃ) လူကြီးတွေနဲ့ စကားပြောရင် (ငါ၊ ကျွန်တော် )လို့ ပြောရမယ်။

(င) မောင်လေးက (ဒါ၊ ဒီ) ကို ယူမှာလား။

၂။ အောက်ပါစာပိုဒ်မှ နာမ်စားများကို မျဉ်းသားပေးပါ။



ကျွန်မက ကန်သာယာရွာမှာ နေပါတယ်။ ကျွန်မတို့ရွာထိပ်မှာ ရေကန်ကြီးတစ်ကန်ရှိလို့ ကန်သာယာရွာလို့ခေါ်တာပါ။ ရေကန်ကို ဘယ်သူတွေတူးခဲ့တာလဲ။ အနက် ဘယ်လောက်လဲလို့ မမကို မေးကြည့်မိတယ်။ မမက "နင်မေးတာတွေငါမသိဘူး။ ဒါတွေသိချင်ရင် နင် ဘိုးလေးကို သွားမေးကြည့်လေ" လို့ပြောတယ်။ မမပြောတာကို ဘိုးလေးကြားသွားတော့ "မင်းတို့သိချင်ရင် ဘိုးလေးပြောပြမှာပေါ့ကွယ်။ ဒီရေကန်ကြီးက ဘိုးလေးတို့ ငယ်ငယ်ကတည်းက ရှိနေတာကလား။ အနက်ကတော့ ဝါးတစ်ရိုက်ကျော်တယ်ကွဲ့"လို့ ပြောပြပါတယ်။ ကျွန်မသိချင်တာတွေကို ဘိုးလေးဆီက သိလိုက်ရတယ်။

၃။ အောက်ပါ ဝါကျအသီးသီး၌ပါဝင်သော နာမ်စားများကို ရေးပါ။

(က) ကျွန်မတို့အိမ်မှာ ကြောင်ကလေးသုံးကောင်ရှိတယ်။

(ခ) ကျွန်တော်တို့မြန်မာနိုင်ငံသည် အာရှတိုက်တွင် တည်ရှိသည်။

(ဂ) ငါတို့ ပွဲသွားကြည့်မယ်။ လိုက်ခဲ့ပါလား။

(ဃ) ပုဂံကို နင်တို့အဖွဲ့သွားကြမှာလား။

(င) စာမေးပွဲနီးပြီ။ မင်းတို့အားလုံး စာကျက်ကြတော့နော်။

(က) ---------------


(ခ) ---------------

(ဂ) ---------------

(ဃ) ---------------

(င) ---------------

## ၁၉၊ ၃။ ကြိယာနာမ်



လှောင်ချိုင့်ထဲက ချိုးကလေးကို မြင်နေရတာ **သနားစရာ**ပဲ။ ရင်က ဖွေးဖွေး၊ လည်ရစ်က ညိုညို၊ လည်ပင်းမှာ အပြောက်လေးတွေနဲ့ဆိုတော့ **ချစ်ဖို့**လဲ ကောင်းတယ်။ ကုကူး ကုကူး ဆိုတဲ့ ကူသံလေးကလဲ **လွမ်းဖွယ်**ကောင်းတယ်။ သူ့မှာ **ကြေကွဲစရာ** ဘာအကြောင်းတွေ ရှိနေပါလိမ့်။ သူ့ကို ကျွေးထားတဲ့ လှောင်ချိုင့်ထဲက **စားစရာ**တွေကို သူမကြိုက်လို့များလား။ ဒါမှမဟုတ် တခြားငှက်ကလေးတွေလိုပဲ သူလဲ လွတ်လွတ်လပ်လပ် ပျံသန်းချင်လို့များလား။ သူ့ရဲ့ **ပျော်ရွှင်မှု**အတွက် သူ တွေးနေမယ်ထင်ပါရဲ့။ သူ့**အတွေး**တွေကို သိချင်လိုက်တာ။

အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည်ကြိယာနာမ်ဖြစ်သည်။

**ကြိယာ၏ရှေ့တွင်“အ”ထည့်၍ဖြစ်စေ၊ ကြိယာ၏နောက်တွင် “ခြင်း၊ မှု၊ ချက်၊ ဖွယ်၊ စရာ၊ ဖို့၊ ရန်၊ ရေး” စသည်တို့ကိုထည့်၍ဖြစ်စေ ကြိယာနာမ် ပြုလုပ်နိုင်သည်။**

### ကြိယာနာမ်များ

| | |
|---|---|
| သနားစရာ | စားစရာ |
| ချစ်ဖို့ | ပျော်ရွှင်မှု |
| လွမ်းဖွယ် | အတွေး |
| ကြေကွဲစရာ | |

### လေ့ကျင့်ခန်း

၁။ အောက်ပါကွက်လပ်တွင် သင့်လျော်သော ကြိယာနာမ်များကို ဖြည့်ပါ။

လုပ်ဆောင်ချက်၊ ဆောင်းခိုရန်၊ အအိပ်၊ စားဝတ်နေရေး၊ သန့်ရှင်းမှု

(က) တစ်ကိုယ်ရေ -----ကို ဂရုပြုရမည်။

(ခ) အေးအေးသည် -------မက်သူဖြစ်သည်။

(ဂ) လူတို့တွင် ------သည် အရေးကြီးသည်။

(ဃ) ဆရာကကျွန်တော့်ရဲ့ ------ကိုအသိအမှတ်ပြုတယ်။

(င) ငှက်များသည်----- အတွက် နွေးထွေးသော အရပ်များသို့ ပျံသန်းကြသည်။

၂။ ကွင်းအတွင်းပေးထားသော ကြိယာများကို ကြိယာနာမ်အဖြစ်ပြောင်းပါ။

(က) သူက (ချစ်)ကောင်းတယ်။

-------------------------------------------------------

(ခ) အမှိုက်များကို စည်းကမ်းမဲ့(စွန့်ပစ်)သည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည်။

-------------------------------------------------------

(ဂ) နေ့စဉ်(စားသောက်)များတွင် အစာအုပ်စု ၃ စု မျှတစွာ ပါဝင်နေရန်လိုသည်။

-------------------------------------------------------

(ဃ) ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ(လွတ်လပ်)ကို ပြန်လည်ရရှိခဲ့သည်။

-------------------------------------------------------

(င) (ကျန်းမာ)သည် လာဘ်တစ်ပါးဟု ဆိုရိုးစကားရှိပါသည်။

-------------------------------------------------------

၃။ အောက်ပါစာပိုဒ်မှ ကြိယာနာမ် ၅ ခုကို ရွေးထုတ်ပေးပါ။




ကျွန်မမှာ ချစ်စရာကောင်းတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ကျွန်မတို့သုံးယောက်က တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပေမဲ့ ဝါသနာတော့မတူကြပါဘူး။ ကျွန်မက စာဖတ်ဖို့ ဝါသနာပါတယ်။ မမြကြ စက်ဘီးစီးဖို့ဝါသနာပါပြီး မောင်နှင်းကတော့ ပန်းချီဆွဲတာကို ဝါသနာပါတယ်။ မောင်နှင်းက အစားလဲပုပ်တော့ စားကောင်းသောက်ဖွယ်တွေကို အမြဲယူလာတတ်တယ်။ မမြက ကျန်းမာရေးအတွက် စက်ဘီးစီးသင့်တယ်ပြောလို့ ကျွန်မနဲ့မောင်နှင်းက သူနဲ့အတူတူ စက်ဘီးလိုက်စီးလေ့ရှိကြတယ်။ မောင်နှင်းကတော့ ကျွန်မတို့နှစ်ယောက်အတွက် ပုံလှလှလေးတွေဆွဲပေးတာ အလုပ်တစ်ခုလို ဖြစ်နေပါပြီ။ ကျွန်မကလဲ ဖတ်စရာ၊ မှတ်စရာစာအုပ်တွေကို သူတို့နှစ်ယောက်အတွက် ယူလာပေးပါတယ်။ ကျွန်မတို့သုံးယောက်က ဝါသနာမတူကြပေမဲ့ ချစ်ခင်မှုကိုအခြေခံပြီး ဖေးမကူညီကြတာကြောင့် ကျွန်မတို့အဖွဲ့ကို အားလုံးက အားကျနေကြရတာပါ။

| က | ခ | ဂ | ဃ | င |
|---|---|---|---|---|
| | | | | |

## နာမ်အစုဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်မှ ထုတ်နုတ်ပေးထားသော စကားလုံးများသည် မည်သည့်နာမ်အစုဝင် စကားလုံးများ ဖြစ်သနည်း။



ကျွန်ုပ်တို့၏ ရှေးမြန်မာမင်းများသည် ရေကြောင်းထွက် စံပယ်တော်မူရာ၌ လှေတော်ဖောင်တော် အမျိုးမျိုးကို စီးစရာအဖြစ် အသုံးပြုလေ့ရှိကြသည်။ တိုးဖောင်တော်၊ စာမရီဖောင်တော်၊ ကရဝိက်ဖောင်တော်ဟူ၍ ဖောင်တော်အမျိုးမျိုးရှိရာ ကရဝိက်ဖောင်တော်သည် ထင်ရှား၍လူသိများလေသည်။ ထိုသို့အမည်တွင်ခြင်းမှာ ကရဝိက်ငှက်၏ ပုံသဏ္ဌာန်အတိုင်း ထုလုပ်မွမ်းမံထားသောကြောင့်ဖြစ်သည်။ ၎င်းကို ဘုရင်ဧကရာဇ်နှင့် မိဖုရားခေါင်ကြီးများစီးရန် ယာဉ်အဖြစ် အသုံးပြုကြသည်။ မင်းပွဲသဘင် ဆင်ယင်ကျင်းပရာ၌သာ ကရဝိက်ဖောင်တော်ကို စီးနင်းလေ့ရှိသည်။ ဤသည်တို့ကြောင့် ကရဝိက်ဖောင်တော်သည် မြန်မာ့ယဉ်ကျေးမှုအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

(က) ကျွန်ုပ် ---------------------------- (စ) ၎င်း ----------------------------

(ခ) စီးစရာ --------------------- (ဆ) မင်းပွဲသဘင် ---------------------

(ဂ) ကရဝိက်ဖောင်တော် ------------- (ဇ) ဤ -----------------------------

(ဃ) ထို ---------------------------- (ဈ) ယဉ်ကျေးမှု ---------------------

(င) ပုံသဏ္ဌာန် --------------------- (ည) ဂုဏ်ယူဖွယ် ---------------------

၂။ အောက်ပါစာပိုဒ်ရှိ ကွက်လပ်များတွင် ပေးထားသည့် နာမ်၊ နာမ်စားနှင့် ကြိယာနာမ်များကို ဆီလျော်အောင်ဖြည့်ပါ။



သနပ်ခါး၊ သူ၊ ကရမက်၊ ကျောက်ပျဉ်၊ လိမ်းဖို့

ဖြူဖြူက---(က)--ကိုကြိုက်ပေမဲ့ သနပ်ခါးသွေးရမှာကို ပျင်းတယ်။ ဒီတော့ မမကြီးသွေးထားတဲ့ သနပ်ခါးတွေကို--(ခ)---မသိအောင် ယူလိမ်းပြီးတော့သနပ်ခါးအစက်တွေ ကျနေတတ်တယ်။ မမကြီးက "ဖြူဖြူ----(ဂ)---မှာသနပ်ခါး တစ်မျိုးတည်းသွေးတာမဟုတ်ဘူး၊ ဖွားဖွားအတွက် နံ့သာဖြူ ---(ဃ)----၊ တောင်နံ့ကြီးတို့လို ဆေးတုံးတွေကိုလဲ သွေးရတယ်။ ဒါကြောင့် မညစ်ပတ်စေနဲ့"လို့ နေ့တိုင်းနေ့တိုင်း ဆုံးမတယ်။ မမကြီးက ခြေထောက်တွေလက်တွေ---(င)---နံ့သာဖြူတွေကို သွေးပြီးရင် ရေခံတည် မြောင်းထဲမှာထည့်ထားပြီး ရှင်မတောင်သနပ်ခါးကိုတော့ အလယ်က မြင်းမိုရ်နေရာမှာ ပုံထားတတ်တယ်။

(က) -----------------

(ခ) -----------------

(ဂ) -----------------

(ဃ) -----------------

(င) -----------------

# ၂၀။ ကြိယာအစု

## ၂၀၊ ၁။ ကြိယာ



ဦးဘမောင်သည် သူ့အိမ်၏ ဧည့်ခန်း**ရှိ** စင်မြင့်ပေါ်တွင် **တင်**ထားသော စောင်းကောက်ကို **ကြည့်**ရင်း **ပြုံး**လိုက်သည်။ ထိုစောင်းကောက်သည် သူ့ဘဝအတွက် အမှတ်ရစရာ တစ်ခု**ဖြစ်**သည်။ အနုပညာဗီဇရှိသော ဦးဘမောင်တို့ ညီအစ်ကိုတစ်စုသည် စောင်းတီးသူက**တီး**၊ စည်းဝါးလိုက်သူက **လိုက်**၊ သီချင်းဆိုသည့်သူက**ဆို**နှင့် ဤဧည့်ခန်းတွင် ဂီတသံများ**စည်ပင်**ခဲ့သည်။ "မြေမ**သက်** ငှက်လဲ **မဟုတ်**ပါ၊ ရင်မှာ**ထား** သားလဲ**မဟုတ်**ပါ" ဟူသော မေတ္တာရွှေစောင်းသီချင်းကို**ဆို**ရင်း စောင်းကို ညင်ညင်သာသာ **တီးခတ်**နေသော အစ်ကိုကြီးကို **မြင်ယောင်**မိသည်။ စည်းဝါးကို **ကိုင်**ထားရင်း **ငိုင်**နေတတ်သော ဦးဘမောင်ကို "ဟေ့ ဘမောင် ဝါး**ချ**လေကွာ၊ ငါက ဘယ်လို**စ**ရမလဲ" ဟု မယ်ဒလင်ကြိုးကို**ညှိ**ရင်း **ပြော**တတ်သော အစ်ကိုလတ်ကို **တမ်းတ**မိသည်။ ယခုတော့ ထိုသူများအားလုံး အနယ်နယ် အရပ်ရပ်တွင် တာဝန်**ထမ်း**နေကြလေပြီ။ ဤဧည့်ခန်းထဲတွင် ဦးဘမောင်နှင့် သူတို့ညီအစ်ကိုတစ်သိုက် နာမည်**ပေး**ခဲ့သော မေတ္တာရွှေစောင်းသာ **ကျန်**တော့သည်။ ဦးဘမောင်သည် စောင်းကြိုးများကို လက်ဖြင့်**ထိတို့**လိုက်ရင်း အဝေးသို့ **ငေး**နေလေသည်။

အထက်ပါစာပိုဒ်မှ အနက်ရောင်တင်ထားသောစကားလုံးများသည် ကြိယာများဖြစ်သည်။

**ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကိုဖော်ပြသော စကားလုံးကို ကြိယာဟုခေါ်သည်။**

## ကြိယာများ

| | | | | |
|---|---|---|---|---|
| ရှိ | တီး | မဟုတ် | ငိုင် | တမ်းတ |
| တင် | လိုက် | ထား | ချ | ထမ်း |
| ကြည့် | ဆို | တီးခတ် | စ | ပေး |
| ပြုံး | စည်ပင် | မြင်ယောင် | ညှိ | ကျန် |
| ဖြစ် | သက် | ကိုင် | ပြော | ထိတို့ |
| | | | | ငေး |

### လေ့ကျင့်ခန်း

၁။ ပေးထားသောကြိယာစကားလုံးများကိုသင့်လျော်သည့်ကွက်လပ်တွင်ဖြည့်ပါ။

တီး၊ မြင်ယောင်၊ ဆွဲ၊ လိုက်၊ ဖြည့်

(က) မြန်မာပြည်မြေပုံ --------- ပါ။

(ခ) စာရင်းဇယားများကို မှန်မှန်ကန်ကန်---------ပါ။

(ဂ) မေမေနဲ့ ဈေးကို---------သွားပါ။

(ဃ) စန္ဒရားကို သွက်သွက်လက်လက်-------နေသော ညီမလေးသည် ချစ်စရာကောင်းလှသည်။

(င) ငပလီကမ်းခြေအလှကိုအမြဲ ------- နေမိပါတယ်။


၂။ အောက်ပါစာပိုဒ်မှ နှစ်သက်ရာကြိယာ ၅ ခုရွေးထုတ်ပြပါ။



ရန်ကုန်မြို့တွင် အမှိုက်များကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်းသည် ကြီးမားသော ပြဿနာဖြစ်သည်။ မြို့နေလူထု ထူထပ်လာသည်နှင့် အမျှ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေးသည် အရေးပါလှသည်။ စွန့်ပစ်ထားသောအမှိုက်များ တောင်ပုံရာပုံ ဖြစ်လာသောအခါ မီးလောင်ကျွမ်းမှုမဖြစ်အောင် ထိန်းသိမ်းကာကွယ်ရမည့် တာဝန်များပါ ဆက်နွယ်လာပြန်သည်။ ထို့ကြောင့် အမှိုက်များကို လျှော့ချ၊ ပြန်သုံး၊ အသွင်ပြောင်းဟူသော နည်းစနစ်ကိုတီထွင်ကာ ပြန်လည်အသုံးပြုနိုင်မည့် နည်းလမ်းကောင်းများကို တွေးတောလာကြသည်။ ကျွန်ုပ်တို့သည် ပုလင်းဟောင်း၊ အိတ်ဟောင်း၊ အိုးခွက်ဟောင်းများကို လွှင့်မပစ်ဘဲ အသုံးပြုခဲ့ကြပါသည်။ သို့သော် စွန့်ပစ်အမှိုက်များကို ပြန်လည်တီထွင်အသုံးချနိုင်မည့် နည်းလမ်းများကိုလေ့လာမှု အားနည်းနေပါသေးသည်။ ထို့ကြောင့် သန့်ရှင်းကြော့မော့ အမှိုက်လျှော့ဟု မြို့တော်စည်ပင်က နှိုးဆော်ထားပါသည်။

| က | ခ | ဂ | ဃ | င |
|---|---|---|---|---|
| | | | | |

၃။ အောက်ပါစာပိုဒ်တွင်ပေးထားသည့် ကြိယာနှစ်ခုအနက် ဝါကျနှင့်ဆီလျော်သည့် ကြိယာကို ရွေးပါ။



ဒီတံတားကို ချောင်းလှတံတားလို့ (ခေါ်၊ ဖြစ်)ပါတယ်။ ခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ တောင်တန်းတွေကတော့ ပဲခူးရိုးမတောင်ကြောက ခွဲထွက်လာတဲ့ လှပတဲ့တောင်တန်းတွေပေါ့။ ချောင်းလှချောင်းဟာ တောင်တန်းတွေကို ရစ်ပတ်ပြီး (စီးဆင်း၊ စိမ့်ထွက်)လာခဲ့ပါတယ်။ ကျောက်သားကျောက်မှုန်တွေကို ဖြတ်သန်းလာတဲ့အတွက် ချောင်းရေဟာ (သာယာ၊ ကြည်လင်) ပါတယ်။

ချောင်းနံဘေးမှာနေတဲ့ ရွာသားတွေက ချောင်းရေကို အမှီပြုပြီး (စိုက်ပျိုး၊ ခုတ်ထွင်) ကြတယ်။ နွေအခါမှာ ရေသွင်းပြီး ပဲတွေ၊ ပြောင်းတွေ စိုက်နိုင်ပါတယ်။ သောက်ရေ သုံးရေအဖြစ်လဲ ပေါပေါများများ သုံးကြတယ်။ ချောင်းလှချောင်းဟာ ရွာအတွက် အသက်သွေးကြောလို့ (ပြောဆို၊ ဆိုမိန့်) ကြပါတယ်။

## ၂၀၊ ၂။ နာမ်ပေါင်းကြိယာ



ကျွန်တော်တို့မိသားစုက ရပ်ကွက်ထဲမှာ **လူသိများ**ပါတယ်။ ဖေဖေက ရုံးအုပ်ကြီးပါ။ **တာဝန်ကျေ**ပါတယ်။ မေမေက အလယ်တန်းပြ ဆရာမပါ။ **စာသင်ကောင်း**ပါတယ်။ ကျွန်တော်ကတော့ အဆော့သန်တယ်။ မမကတော့ **အိမ်မှုကိစ္စနိုင်**တယ်။ ကျွန်တော်က **ဘောလုံးကန်**လေ့ရှိပြီး မမကတော့ **စာဖတ်**လေ့ရှိတယ်။ သူက **စာဖတ်**တာကိုပဲ **ဝါသနာပါ**တယ်။ ဖေဖေက အိမ်ပြန်ရောက်ပြီဆိုတာနဲ့ **အပင်စိုက်၊ ရေလောင်း၊ ပေါင်းသင်**တယ်။ မေမေကတော့ မိသားစုအတွက် **ထမင်းဟင်းချက်**တယ်။ ပြီးတော့ အိမ်နီးနားချင်းတွေကိုလဲ **ဟင်းခွက်ကမ်း**တယ်။ ကျွန်တော်တို့မိသားစုကို သဘောကောင်းတယ်၊ စိတ်ထားကောင်းတယ်လို့ သူတို့က ပြောကြပါတယ်။

အထက်ပါစာပိုဒ်မှ အနက်ရောင်တင်ထားသောစကားလုံးများသည် နာမ်ပေါင်းကြိယာဖြစ်သည်။

> **နာမ်နှင့်ကြိယာ ပူးကပ်ထားသည့် စကားလုံးကို နာမ်ပေါင်းကြိယာဟု ခေါ်သည်။**

### နာမ်ပေါင်းကြိယာများ

| | | | |
|---|---|---|---|
| လူသိများ | အိမ်မှုကိစ္စနိုင် | ဝါသနာပါ | ပေါင်းသင် |
| တာဝန်ကျေ | ဘောလုံးကန် | အပင်စိုက် | ထမင်းဟင်းချက် |
| စာသင်ကောင်း | စာဖတ် | ရေလောင်း | ဟင်းခွက်ကမ်း |


### လေ့ကျင့်ခန်း

၁။ ပေးထားသော နာမ်ပေါင်းကြိယာများကို ဝါကျတွင် ဆီလျော်အောင် ဖြည့်ပါ။

လူသိများ၊ ရေလောင်း၊ တာဝန်ကျေ၊ စာဖတ်၊ ဘောလုံးကန်

(က) ဦးမျိုးသန့်သည်ရပ်ချော၍ ------ သူဖြစ်ပါသည်။
(ခ) ဥယျာဉ်မှူးသည် အပင်များကို နေ့စဉ်မှန်မှန် ----- ပါသည်။
(ဂ) ညနေကျောင်းဆင်းရင် ----- ကြမလား။
(ဃ) လူငယ်များသည် ဗဟုသုတတိုးရန် ------- သင့်သည်။
(င) လုံခြုံရေးဝန်ထမ်းတို့သည် ------ ရန်လိုအပ်ပါသည်။

၂။ အောက်ပါစာပိုဒ်မှ နာမ်ပေါင်းကြီးယာ ၅ ခုရွေးထုတ်ပြပါ။



ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းသည် ကိုယ့်စာပေကို စိတ်ဝင်စားကြသည်။ မြန်မာတို့သည်လည်း ကိုယ့်စာပေကို ချစ်ကြသည်။ စာသင်ခန်းများတွင် ကျောင်းသားများကို စာပေချစ်စိတ် ဖြစ်ပေါ်စေရန် ပုံပြင်သင်၍ပညာပေးကြသည်။ ဝတ္ထုသင်၍ အသိပေးကြသည်။ ကဗျာသင်၍ သတိပေးကြသည်။ စာသင်ခန်းတွင်းမှာပင် ကျောင်းသားများသည် မိမိတို့ စာပေနှင့် ယဉ်ကျေးမှုကို သိခွင့်ရကြသည်။ ဤသို့ဖြင့် မြန်မာတို့သည် စိတ်ကောင်းထားတတ်သည်။ စိတ်ဆိုးလှေမရှိ။ သဘောကောင်းကြသည်။ ထို့ကြောင့် စာပေချစ်စိတ်သည် နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာစေနိုင်သဖြင့် စာပေချစ်စိတ်ကို မွေးမြူသင့်ပါသည်။

(က) ------------------

(ခ) ------------------

(ဂ) ------------------

(ဃ) ------------------

(င) ------------------

၃။ အောက်ပါစာပိုဒ်မှ နာမ်ပေါင်းကြီးယာ ၅ ခုကို ထုတ်နုတ်၍ ဝါကျဖွဲ့ပါ။



ကျွန်တော်တို့၏ ကျောင်းတွင် ကျောင်းသားများ လေ့လာနိုင်ရန် ကျောင်းစာကြည့်တိုက် တစ်ခုကို ဖွင့်လှစ်ထားပါသည်။ စာကြည့်တိုက်တွင် ကျောင်းသားများ နေ့စဉ်အလှည့်ကျ တာဝန်ထမ်းဆောင်ရပါသည်။ တာဝန်ကျသူများသည် စာကြည့်တိုက်အတွင်း တံမြက်စည်းလှည်းရသည်။ ဖုန်သုတ်ရသည်။ စာအုပ်များကို အက္ခရာစဉ်ရသည်။ စာအုပ်များကို ဗီရိုများတွင် စနစ်တကျထားရသည်။ စာကြည့်တိုက်သို့ ကျောင်းသားများဝင်ရောက်၍ စာဖတ်နိုင်သည်။ စာအုပ်ငှားရမ်းလိုသူများသည် စာကြည့်တိုက်က ထုတ်ပေးသည့် ငှားရမ်းခွင့်ကတ်ပြားဖြင့် စာအုပ်ငှားနိုင်သည်။ အလိုရှိသည့်ဆောင်းပါးများကို မိတ္တူကူးနိုင်သည်။ စာအုပ်များကို အလွယ်တကူရှာဖွေနိုင်ရန် စာရေးဆရာအမည်၊ စာအုပ်အမည်နှင့် အကြောင်းအရာတို့ကို ကက်တလောက်များပေါ်တွင် ရေးသားထားသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသားများအတွက် ဗဟုသုတ ဖြန့်ဝေပေးရာနေရာပင် ဖြစ်ပါသည်။

(က) ----------------------------------------------------------------


(ခ) ----------------------------------------------------------------

(ဂ) ----------------------------------------------------------------

(ဃ) ----------------------------------------------------------------

(င) ----------------------------------------------------------------

## ၂၀၊ ၃။ ကြိယာထောက်




ဒီနေ့ ကျွန်တော်တို့ကျောင်းမှာ ပညာရေးစုံညီပွဲတော် ကျင်းပဖို့စီစဉ်ကြ**ပါ**တယ်။ ဆရာမကြီးက မင်းတို့တွေထဲမှာ"အော်ဂင်တီး**နိုင်**တဲ့လူ ရှိလား"လို့ မေးတယ်။ ကျွန်တော်က "စန္ဒရားတော့တီး**ဖူး**ပါတယ်၊ အော်ဂင်ကို လေ့ကျင့်လိုက်မယ်ဆိုရင် တီး**နိုင်**မယ်ထင်ပါတယ်"လို့ ပြန်ဖြေလိုက်တယ်။ ဆရာမကြီးက "ဦးရွှေရိုးအကကို က**ဝံ့**တဲ့သူရောရှိလား"လို့မေး**တော့** ကျော်ကျော်က သူ က**ဝံ့**ပါတယ်လို့ဖြေတယ်။ "ဒါဆို မင်းတို့အဖွဲ့က တာဝန်ယူ**လိုက်တော့**"လို့ ဆရာမကြီးကပြောတဲ့အခါ ကျွန်တော်က ကျော်ကျော်ကို "မင်း တကယ် က**တတ်**ရဲ့လား" လို့သေချာအောင်ထပ်မေးတယ်။ အဲဒီတော့ ကျော်ကျော်က "ဟ ငါ ပြော**မိ**လို့လား" လို့ပြန်ပြောတယ်။ "မင်းကွာ ပြော**ရက်**တယ်၊ ခုနကပဲ ဆရာမကြီးကိုပြော**ခဲ့**တယ်မဟုတ်လား" လို့ဆို**တော့**မှ "ငါနောက်တာပါ၊ ရပ်ကွက်ဘုံကထိန်ပွဲမှာ ငါ က**ခဲ့ဖူး**ပါတယ်" လို့ပြန်ဖြေလိုက်ပြီး စုံညီပွဲတော်မှာ ပါဝင်ဆင်နွှဲဖို့ ပြင်ဆင်ကြပါ**တော့**တယ်။

အထက်ပါစာပိုဒ်မှ အနက်ရောင်တင်ထားသောစကားလုံးများသည် ကြိယာထောက်များဖြစ်သည်။

**ကြိယာ၏နောက်ကနေ၍ ကြိယာ၏အဓိပ္ပာယ်ကို ကူညီထောက်ပံ့ပေးသော စကားလုံးကို ကြိယာထောက်ဟုခေါ်သည်။**

**ကြိယာထောက်များ**

| | | |
|---|---|---|
| ပါ | ဝံ့ | တတ် |
| နိုင် | လိုက် | မိ |
| ဖူး | တော့ | ရက် |
| | | ခဲ့ |

## လေ့ကျင့်ခန်း

၁။ ပေးထားသည့် ကြိယာထောက်များကို ကွက်လပ်တွင် မှန်အောင်ဖြည့်ပါ။

ဖူး၊ နိုင်၊ မိ၊ တတ်၊ ရက်

(က) ပြင်ဦးလွင်ကို ကျွန်တော်ရောက် ----- သည်။

(ခ) မောင်ဘသည် ဆန်တစ်လုံးချက်ကို ကုန်အောင်စား -----သည်။


(ဂ) လူကလေး လမ်းလျှောက် ----- ပြီ။

(ဃ) စိမ်းစိမ်းကားကား ပြောဆို -----သည်။

(င) စာမေးပွဲတွင် ပုစ္ဆာတစ်ပုဒ်ကို မှားဖြေ ----သည်။

၂။ အောက်ပါစာပိုဒ်မှ ကြိယာထောက် ၅ ခုကိုရွေးထုတ်ပါ။





ခြံဝင်းကျယ်သည့် အိမ်များတွင် ခြံထဲ၌ပန်းပင်များ စိုက်နိုင်ကြသည်။ ပွင့်လာသည့်ပန်းများကို ကလေးများ မခူးမိအောင် တားမြစ်ထားသည်။ မည်သူကိုမျှလည်း မပေးရက်ပါ။ အလှသာကြည့်နေတတ်ကြသည်။ တိုက်ခန်းများတွင်မူ အိမ်ရှေ့ဝရန်တာ၌ ပန်းအိုးများနှင့် စိုက်လေ့ရှိသည်။ ပန်းအိုးများအောက်တွင် သစ်ခွပန်းပင်များကို ကြိုးနှင့်ချိတ်ဆွဲထားတတ်သည်။ သို့သော် များများလည်း မစိုက်ဝံ့ပါ။ ပန်းအိုးများ၏ အလေးချိန်ကို မခံနိုင်၍ ဝရန်တာ ပြိုကျခဲ့ဖူးသည်။ ရုံးများရှိ အလုပ်စားပွဲပေါ်တွင် ပန်းအိုးများ တင်ထားသည်ကို တွေ့ဖူးကြပါလိမ့်မည်။ အလုပ်ပင်ပန်းလာသည့်အခါ ဝန်ထမ်းများမှာ ပန်းများကိုကြည့်ကာ အပန်းဖြေကြရလေသည်။

| ကြိယာထောက်များ | | | | |
|---|---|---|---|---|
| | | | | |

၃။ အောက်ပါစာပိုဒ်မှ မျဉ်းသားထားသော စကားလုံးများအနက် ၅ ခုကို ကြိယာနှင့် ကြိယာထောက် ခွဲခြားပေးပါ။




ကျွန်မအိမ်ရှေ့ခန်းမှာ ဖုန်သုတ်နေတုန်း "သမီးရေ၊ ဟင်းအိုးဆူလာရင် မြည်းကြည့်လိုက်အုံး၊ မေမေ ရေချိုးခန်းဝင်လိုက်အုံးမယ်၊ ဟင်းအိုးက ပစ်ထားလို့မရဘူးနော်"လို့ မေမေကပြောတယ်။ "သမီးက အမှိုက်သွားပစ်ရအုံးမှာလေ" လို့ကျွန်မပြန်ပြောတဲ့အခါ "ဆင်ခြေတက်နေပြန်ပြီကွယ်" လို့ မေမေကပြောတယ်။ သိပ်မကြာခင်မှာပဲမေမေက လျှော်ပြီးသားအဝတ်တွေ သယ်လာပြီး "ရော့ ဒါတွေ လှန်းလိုက်တော့" လို့ ခိုင်းနေပြန်ရော။ "ဒီနေ့ အလုပ်တွေများလိုက်တာနော်" လို့ ညည်းချင်ပေမဲ့ မေမေ့ကို ကူလုပ်ပေးနေရတာ ကျွန်မက ပျော်ပါတယ်။

**သာဓက–**

| | |
|---|---|
| ဖုန်သုတ်နေ | = ဖုန်သုတ်(နာမ်ပေါင်းကြိယာ)+နေ(ကြိယာထောက်) |
| ဆူလာ | = ဆူ(ကြိယာ)+လာ(ကြိယာထောက်) |
| မြည်းကြည့်လိုက် | = မြည်း(ကြိယာ)+ကြည့်(ကြိယာထောက်)+လိုက်(ကြိယာထောက်) |

## ကြိယာအစုဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်မှ ထုတ်နုတ်ပေးထားသော စကားလုံးများသည် မည်သည့်ကြိယာအစုဝင် စကားလုံးများ ဖြစ်သနည်း။



ကျွန်မတို့ရွာတွင် ဆရာမြတို့ခြင်းအဖွဲ့ကို လူတိုင်းအားပေးကြသည်။ ညနေစောင်းသည်နှင့် ရွာလယ်ရှိ ကွက်လပ်တွင် ခြင်းပွဲကြည့်မည့် ပရိသတ်တို့ စုဝေးလာကြသည်။ ခြင်းလုံးအဖွဲ့၏ခေါင်းဆောင်မှာ ဆရာမြဖြစ်သည်။ ခြင်းပွဲစသည်နှင့် ဆရာမြက ခြင်းလုံးကိုမြှောက်၍ ဒူးတိုက်ပေးလိုက်သည်ကို မောင်သောင်းထွန်းက ခြေဖျားဖြင့်တော့ကာ ထိန်းထားသည်။ ပြီးလျှင် မျက်နှာချင်းဆိုင်ရှိ ကိုအေးထံ ပို့လိုက်သည်။ ကိုအေးက ခေါင်းတိုက်ထုတ်လိုက်ပြန်သည်။ ကိုအေးပို့လိုက်သောခြင်းလုံးသည် ကိုလူမောင်၏ ပခုံးစွန်းတွင်တင်နေသည်။ ကိုလူမောင်က ပခုံးကိုတွန့်ကာ မောင်လှတင်ထံ တွန်း၍ပို့ပြန်သည်။ ဤသို့ဖြင့် ခြင်းလုံးသည် ဆရာမြတို့အဖွဲ့၏ ခြေဖျား၊ ခေါင်း၊ ဒူး၊ ခြေဖနောင့်တို့အကြား လူးလာခေါက်ပြန် ကူးသန်းနေသည်မှာ အလွန်ကြည့်ကောင်းပါသည်။

(က) အားပေး ----------------------- (စ) လိုက် -----------------------


(ခ) ကြ --------------------- (ဆ) ခေါင်းတိုက် ---------------------

(ဂ) မြှောက် ------------- (ဇ) တင် -----------------------------

(ဃ) ဒူးတိုက်-------------------------- (ဈ) တွန့် ---------------------

(င) တော့ --------------------- (ည) ကူးသန်း ---------------------

၂။ အောက်ပါစာပိုဒ်ရှိ ကွက်လပ်များတွင် ပေးထားသည့် ကြိယာ၊ နာမ်ပေါင်းကြိယာ၊ ကြိယာထောက်များကို ဆီလျော်အောင်ဖြည့်ပါ။



ရ၊ ကျိန်း၊ မြောင်းဖောက်၊ မီးရှို့၊ ပိတ်

ရေတွင်းပေါင်နားမှာ ရေမချိုးရ၊ အဝတ်မဖွပ်ရ။ မိမိအိမ်ရှေ့မှာ မိမိကိုယ်တိုင် အမှိုက်လှည်း၍ ---(က)--ပစ်ရမည်။ လမ်းပေါ်မှာ ကျည်းသားမရိုက်ရ၊ ဘုန်းကြီး---(ခ)--နေလျှင် မဆူကြနှင့်၊ ကလေးသူငယ်တို့က ဘိုးဘွားများကို စောင့်ရှောက်ရင်း အိမ်စောင့်ကြ---(ဂ)--မည်။ ရွာထဲဧည့်သည်ဝင်လာလျှင် လူကြီးများကို အကြောင်းကြားကြ။ မိဘဘိုးဘွား သက်ကြီးရွယ်အိုများ ပြောစကားကို နားထောင်ကြရမည်။ အိမ်ထရံမှာ ထဘီမလှန်းရ။ ရေအိုင်နေလျှင် ---(ဃ)--ရမည်။ အိမ်ကိုခြံခတ်လျှင် လှည်းလမ်းပေးရမည်။ ရေဆိပ်ဆင်းသောလမ်းတွင် ခြံမခတ်ရ။ ညနေ နွားသွင်းပြီးလျှင် ရွာဝင်းတံခါးကို ---(င)--ကြ။ တောရဲတိရစ္ဆာန်နှင့် ခိုးသားဓားပြ ထကြွလျှင် အလှည့်နှင့် ကင်းစောင့်ကြရမည်။ ဤသည်ကား ရွာဓလေ့ထုံးစံချည်း ဖြစ်သည်။

(က) ------------------

(ခ) ------------------

(ဂ) ------------------

(ဃ) ------------------

(င) ------------------

## နာမ်အစုနှင့်ကြိယာအစု ကျွမ်းကျင်မှုဆိုင်ရာပြန်လှန်လေ့ကျင့်ခန်း

၁။ အောက်ပါဇယားတွင် စာပိုဒ်ထဲမှ သက်ဆိုင်ရာသဒ္ဒါအသုံးများကို ထုတ်ပြပါ။



**တစ်နှစ်တစ်ခါ**

ကျွန်တော်တို့ ရပ်ကွက်သားများသည် ဆွမ်းကြီးလောင်းရန် ကိုယ်စီကိုယ်င ပြင်ဆင်ကြသည်။ ဆွမ်းဆန်သာမက အခြားလှူဖွယ်ပစ္စည်းတို့ကိုပါ လှူဒါန်းရန် စီစဉ်ကြသည်။ အချို့ကိစ္စများ၌ ကျွန်တော်တို့သည် မညီမညွတ်သောကိစ္စများ ရှိကောင်းရှိမည် ဖြစ်သော်လည်း သည်ကိစ္စတွင် တညီတညွတ်တည်း ရှိလှပေသည်။


ရပ်ကွက်ကိုသာမက ကျွန်တော်တို့အိမ်ကိုလည်း ကြည့်ပါဦး။ အမေက "သန်ဘက်ခါ ဆွမ်းတော်ကြီးလောင်းပွဲရှိတယ်ဟေ့" ဟု ဆိုလိုက်သောအခါ တစ်အိမ်သားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ လှူဖွယ်ပစ္စည်းဝယ်ရန် မိမိတို့ကိုယ်ပိုင်ငွေကလေးထဲမှ သဒ္ဓါတတ်အားရှိသရွေ့ အလှူငွေထည့်ဝင်ကြသည်။

အမေသည် ငွေများဖြင့် ဆွမ်းဆန်ကိုလည်း ဝယ်သည်။ ငရုတ်၊ ကြက်သွန်များကိုလည်း ဝယ်သည်။ သည်ပစ္စည်းတို့ကို တစ်အိမ်သားလုံးပင် ဝိုင်းဝန်း၍ သံဃာတစ်ပါးစီအတွက် အထုပ်ငယ်များ ထုပ်ကြသည်။ ပြင်ဆင်ကြသည်။ ပျော်စရာပင်။

**မင်းယုဝေ**

| စဉ် | က | ခ | ဂ | ဃ | င |
|---|---|---|---|---|---|
| နာမ် | | | | | |
| နာမ်စား | | | | | |
| ကြိယာနာမ် | | | | | |
| ကြိယာ | | | | | |
| ကြိယာထောက် | | | | | |
| နာမ်ပေါင်းကြိယာ | | | | | |

၂။ အောက်ပါစာပိုဒ်မှ ထုတ်နုတ်ပေးထားသော စကားလုံးများသည် မည်သည့်နာမ်အစုဝင်နှင့် ကြိယာအစုဝင် စကားလုံးများ ဖြစ်သနည်း။



**ရွှေယုန်နှင့်ရွှေကျား**

ရွှေယုန်နှင့်ရွှေကျား သက်ငယ်ရိတ်သွားသော ပုံပြင်သည် ကျွန်တော်တို့ မြန်မာလူမျိုးများ အဖို့ မရိုးနိုင်သော ပုံပြင်ဖြစ်ပါသည်။ ကျွန်တော်တို့ငယ်စဉ်ဘဝ မိခင်၏ရင်ခွင်တွင် ခေါင်းမှေး၍ ဤပုံပြင်ကို နားထောင်စဉ်က ကျွန်တော်တို့သည် လှည့်ဖြား၍နှိပ်စက်တတ်သော ရွှေယုန်ကိုလည်း မြင်ယောင်ပါသည်။ အကောင်အထည်ကြီးသော်လည်း ယုန်သူငယ်၏ လှည့်ဖြားနှိပ်စက်ခြင်းကို ခံရရှာသော ရွှေကျားကြီးကိုလည်း မြင်ယောင်ပါသည်။

ရွှေကျားခမျာ မီးလောင်ဒဏ်ရာနှင့် သဲဆပ်ပြာကျင်းတွင် လူးရသောအခါ တဖျဉ်းဖျဉ်း စပ်ရှာ မည်ကိုလည်း တွေး၍သနားမိပါသည်။ ရွှေယုန်သည် အကောင်ငယ်လေးဖြစ်သောကြောင့် သူ့ကို ချစ်စနိုး ရှိပါသော်လည်း လှည့်ဖြားတတ်သောကြောင့် စိတ်ပျက်ရမလိုလို၊ စက်ဆုပ်ရမလိုလို ဖြစ်လာပါသည်။ လူလည်လုပ်လွန်းသောကြောင့် မုန်းရမလိုလိုလည်း ဖြစ်မိပါသည်။ ကျွန်တော်တို့သည် ရွှေယုန်ကို နှာခေါင်းရှုံ့၍ ရွှေကျားအတွက် စုတ်သပ်မိပါသည်။ အကယ်စင်စစ်သော်ကား နှာခေါင်းရှုံ့ခြင်းသည် အပြစ်ပေးခြင်းဖြစ်၍ စုတ်သပ်ခြင်းသည် စောင်မခြင်းပင်ဖြစ်သည်။

**အောင်သင်း**

| | |
|---|---|
| (က) ရွှေယုန်--------------------------- | (စ) လှည့်ဖြားနှိပ်စက်ခြင်း--------------- |
| (ခ) ကျွန်တော် -------------------- | (ဆ) သနား --------------------- |
| (ဂ) ခေါင်းမှေး ------------ | (ဇ) တတ် ---------------------------- |
| (ဃ) နားထောင် --------------------- | (ဈ) ရွှေကျား --------------------- |
| (င) ပါ -------------------- | (ည) နှာခေါင်းရှုံ့ --------------------- |

# ၂၁။ ဝါကျရိုး

အဓိပ္ပာယ်ပြည့်စုံသော စကားစုကိုဝါကျဟုခေါ်သည်။ ဝါကျတွင်အခြေခံအားဖြင့် ကတ္တားနှင့် ကြိယာပါဝင်သည်။ ကတ္တားဆိုသည်မှာ ပြုသူ၊ ဖြစ်သူ၊ ရှိသူကို ဖော်ပြသည်။ ကြိယာ ဆိုသည်မှာ ပြုသည်၊ ဖြစ်သည်၊ ရှိသည်ကို ဖော်ပြသည်။

## ၂၁၊ ၁။ ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါသော ဝါကျရိုးဖွဲ့နည်း

ကတ္တားပုဒ်ဆိုသည်မှာ နာမ်၊ နာမ်စား၏နောက်တွင် သည်၊ က၊ မှာ ဟူသော စကားလုံး ဆက်ထားသည့်စကားစုဖြစ်သည်။

**သာဓက–**

ဦးဘသည်၊ ဦးဘက၊ ဦးဘမှာ

ကျွန်မသည်၊ ကျွန်မက၊ ကျွန်မမှာ

ကြိယာပုဒ်ဆိုသည်မှာ ကြိယာ၏နောက်၌ သည်၊ ၏၊ ပြီ၊ မည်၊ လိမ့်မည်၊ တယ်၊ မယ် စသည့် စကားလုံးများနှင့် ဆက်ထားသည့် စကားစုဖြစ်သည်။

**သာဓက–**

သွားသည်၊ သွား၏၊ သွားပြီ၊ သွားမည်၊ သွားလိမ့်မည်၊ သွားတယ်၊ သွားမယ်။

ကတ္တားပုဒ်နှင့် ကြိယာပုဒ်တစ်ခုစီပါသော ဝါကျရိုးများကို အောက်ပါအတိုင်းဖွဲ့နိုင်သည်။

| ကတ္တားပုဒ် | + | ကြိယာပုဒ် |
|---|---|---|
| ဆရာတော်သည် | | ဆွမ်းဘုဉ်းပေးနေသည်။ |
| ကြောင်ကလေးက | | ကစားနေတယ်။ |
| ရိုးသားမှုသည် | | တန်ဖိုးကြီး၏။ |
| လူနာသည် | | မေ့မြောနေဆဲဖြစ်သည်။ |
| ကျွန်တော်က | | စာတော်တယ်။ |

**လေ့ကျင့်ခန်း**

၁။ အောက်ပါ ကတ္တားပုဒ်နှင့် ကြိယာပုဒ်များကိုတွဲ၍ ဝါကျဖွဲ့ပါ။

| | |
|---|---|
| (က) ရှမ်းတောင်တန်းကြီးသည် | (၁) လက်ခုပ်တီးကြသည်။ |
| (ခ) ကျန်းမာခြင်းသည် | (၂) မှိုင်းပြာနေသည်။ |
| (ဂ) ပွဲကြည့်ပရိသတ်က | (၃) လာဘ်တစ်ပါးဖြစ်သည်။ |
| (ဃ) အအေးမိခြင်းမှာ | (၄) စခန်းချနေပြီ။ |
| (င) ကင်းထောက်လူငယ်တို့သည် | (၅) မိုးရာသီနာဖြစ်တတ်သည်။ |

၂။ အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သော ကတ္တားပုဒ်၊ ကြိယာပုဒ်များ ဖြည့်ပါ။

(က) လူကလေးသည် -----------။

(ခ) ---------- ခါးသည်။

(ဂ) တောင်တက်အဖွဲ့မှာ---------။

(ဃ) သူသည် --------။

(င) ----------ဆူးရှိသည်။

၃။ အောက်ပါ စကားလုံးများကို ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါသော ဝါကျရိုးဖွဲ့ပါ။

(က) ကြသည်။ မမတို့သည်၊ ဈေးဝယ်ထွက်၊

(ခ) ကျောင်းသားတို့သည်၊ ရမည်။ စာကြိုးစား၊

(ဂ) တိုင်းရင်းသားများသည်၊ ကြသည်။ စည်းလုံးညီညွတ်၊

(ဃ) ကိုကိုက၊ တယ်။ သဘောကောင်း၊

(င) ၏။ မေတ္တာတရားသည်၊ အေးမြ၊

**ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း**

၁။ အောက်ပါစာပိုဒ်တွင် ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ဖြင့်ဖွဲ့ထားသော ဝါကျရိုး ၅ ခုကို ထုတ်ပြပါ။

နွေဥတုအကြောင်းကို ယောမင်းကြီးဦးဖိုးလှိုင်က "တပေါင်း၊ တန်ခူးလတို့သည် နွေဥတုဖြစ်သည်။ လောကသည် အနည်းငယ်ပူ၏။ ကောင်းကင်မှာ ကြည်လင်၏။ သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချရား၊ သော်က၊ သရဖီပန်းတို့သည် ပွင့်ကုန်၏။ ဥသြနှင့် ပျားပိတုန်းတို့သည် ပျော်မြူးကြသည်။ တောင်လေမှာ တိုက်ခတ်လေသည်။ အမြစ်၊ အရွက်၊ အသီးတို့သည် ချိုဆိမ့်ကုန်၏။" ဟူ၍ ဥတုဘောဇန သင်္ဂဟကျမ်းတွင် ဖော်ပြထားသည်။

(က) ------------------------------------------------------------------------

(ခ) ------------------------------------------------------------------------

(ဂ) ------------------------------------------------------------------------

(ဃ) ------------------------------------------------------------------------

(င) ------------------------------------------------------------------------

နာမ်၊ နာမ်စား၏နောက်တွင် သည်၊ က၊ မှာ ဟူသော စကားလုံးများမဆက်ဘဲ ကတ္တားပုဒ် အဖြစ် ဝါကျရိုးဖွဲ့နိုင်သည်။

**ကတ္တားပုဒ် + ကြိယာပုဒ်**

သူ + လာလိမ့်မယ်။

ကြောင် + အော်သည်။

အပြော + ချိုသည်။

သရက်သီး + မှည့်ပြီ။

ဆရာ + လာသည်။

**လေ့ကျင့်ခန်း**

၁။ အောက်ပါ ကတ္တားပုဒ်နှင့် ကြိယာပုဒ်များကိုတွဲ၍ ဝါကျဖွဲ့ပါ။

| | |
|---|---|
| (က) သူ | (၁) ထွက်ပြီ။ |
| (ခ) ဆရာဝန် | (၂) ခေါင်းကိုက်သည်။ |
| (ဂ) ဆရာမ | (၃) ပျံသည်။ |
| (ဃ) ငှက် | (၄) စာသင်သည်။ |
| (င) အောင်စာရင်း | (၅) ဆေးကုသည်။ |

၂။ အောက်ပါ ကွက်လပ်အသီးသီး၌ ဆီလျော်သော ကတ္တားပုဒ်၊ ကြိယာပုဒ်တို့ကို ဖြည့်ပါ။

(က) -----------သာယာ၏။

(ခ) သဘာပတိကြီး----------။

(ဂ) ---------တွန်၏။

(ဃ) လျှပ်စီး--------။

(င) ---------- ရွာလိမ့်မည်။

၃။ အောက်ပါ စကားလုံးများကို ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါသော ဝါကျရိုးဖွဲ့ပါ။

(က) ဆိုက်၊ လေယာဉ်ပျံ၊ ပြီ။

(ခ) သည်။ စာကြိုးစား၊ သူတို့၊

(ဂ) စမ်းရေ၊ သည်။ အေးမြ၊

(ဃ) စပ်၊ ငရုတ်သီး၊ သည်။

(င) သည်။ မှည့်၊ သရက်သီး၊

**ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း**

၁။ အောက်ပါစာပိုဒ်တွင် ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ဖြင့်ဖွဲ့ထားသော ဝါကျရိုး ၅ ခုကို ထုတ်ပြပါ။

လူကလေးက အခုမှ စကားပြောတတ်စပဲ ရှိပါသေးတယ်။ ဧည့်ခန်းထဲမှာ ခုံပုကလေးနဲ့ ထိုင်နေတဲ့ လူကလေးကို ဒေါ်ဒေါ်က "လူကလေး ဘာတွေလုပ်နေသလဲ" လို့ မေးတဲ့အခါ သူသိသမျှ တတ်သမျှ တွေကို ဒီလိုဖြေပါတော့တယ်။

"သားသား နိုးပြီ။ သားသား မျက်နှာသစ်မယ်။ ဖေဖေ သွားတိုက်တယ်။ မေမေ ရေချိုးတယ်။ သားသား မုန့်စားမယ်။ ရေသောက်မယ်။ သားသားပျော်တယ်။ ဖေဖေသွားပြီ။ သားသားငိုတယ်။" လို့ ပြောတတ်ပါတယ်။ လူကလေးက သူမြင်သမျှအားလုံးကို ပြောပြတတ်နေပါပြီ။

(က) ---------------------------------------------------------------------------

(ခ) ---------------------------------------------------------------------------


(ဂ) ---------------------------------------------------------------------------

(ဃ) ---------------------------------------------------------------------------

(င) ---------------------------------------------------------------------------

# ဝါကျရိုးကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း

၁။ အောက်ပါစာပိုဒ်တွင် မျဉ်းသားထားသောဝါကျရိုးများထဲမှ ၅ ခု၏ ဖွဲ့စည်းပုံကို ဖော်ပြပါ။



ရွာဦးကျောင်းသည် ကသစ်ပင်ရွာအဝင်တွင်ရှိသည်။ ကသစ်ပင်၊ ခရေပင်၊ သရက်ပင်၊ ပိန္နဲပင်တို့လည်းရှိသည်။ ကျောင်းဝင်းတစ်ခုလုံး စိမ်းစိုအေးချမ်းလှသည်။ ကျောင်းဝင်းအတွင်းတွင် ရေတွင်းကြီးတစ်တွင်းလည်းရှိသည်။ ရွာသားတို့က သောက်ရေခပ်ကြသည်။ တွင်းရေသည် အေးမြကြည်လင်သည်။ တစ်နှစ်ပတ်လုံး သောက်ရေအတွက် မပူပင်ရပါ။ ထိုသို့ဖြစ်ရခြင်းမှာ ရွာဦးကျောင်း ဆရာတော်ကြောင့်ပင်။ ဆရာတော်က စည်းကမ်းကြီးသည်။ ရေတွင်းကို နှစ်နှစ်တစ်ကြိမ် အမှိုက်ဆယ်ရမည်။ ရေတွင်းအနီး သစ်ရွက်ခြောက်များမရှိအောင် လှည်းကျင်းပေးရမည်ဟု အမိန့်ရှိသည်။ ရွာသားတို့က ဆရာတော်၏အမိန့်ကို လိုက်နာကြသည်။ ကလေးများ အမှိုက်ကောက်ကြသည်။ လူငယ်တို့ တံမြက်စည်းလှည်းကြသည်။ တွင်းဆယ်ကြသည်။ လူကြီးတို့က ကြပ်မတ်ပေးကြသည်။ ဆရာတော်၏ ဦးဆောင်မှု၊ ရွာသားတို့၏ လုံ့လ၊ ဝီရိယစိုက်ထုတ်မှုတို့ကြောင့် သန့်ရှင်းသောသောက်ရေကို ရွာသားတို့သောက်သုံးနိုင်ကြလေပြီ။

**သာဓက–၁**

ဖွဲ့စည်းပုံ- ကတ္တားပုဒ် (ကတ္တားမြုပ်) + ကြိယာပုဒ်
ကလေးတို့ + ကစားနေသည်။

**သာဓက–၂**

ဖွဲ့စည်းပုံ- ကတ္တားပုဒ် + ကြိယာပုဒ်
ချောင်းရေသည် + အေးမြသည်။

(က)


(ခ)

(ဂ)

(ဃ)

(င)

၂။ အောက်ပါစာပိုဒ်တွင် မျဉ်းသားထားသောဝါကျရိုးများထဲမှ ၅ ခု၏ ဖွဲ့စည်းပုံကို ဖော်ပြပါ။



မိုးလင်းပါပြီ။ ငှက်ကလေးများအော်သံကြောင့် မီးငယ်အိပ်ရာမှနိုးလာသည်။ ဧည့်ခန်း ဘက်ဆီမှ ဖေဖေနှင့် မေမေ စကားပြောနေသံကို ခပ်သဲ့သဲ့ကြားရသည်။ ဖုန်းသံမြည်လာသည်။ "ဖုန်း လာနေတယ်"၊ မေမေအော်လိုက်သည့် အသံကိုကြားရပြန်သည်။

"သတင်းစာ ရောက်နေပြီ" "သား ရေချိုးလိုက်ပါလား" "ကျွန်တော် မျက်နှာသစ်အုံးမယ်" "မေမေ ထမင်းချက်နေပြီ" "မီးငယ်က မထသေးဘူးလား" "အကြီးမက ကော်ဖီဖျော်နေတယ်" " ဘွားဘွားဈေးသွားရအုံးမယ်" " သား တံခါးပိတ်သွားနော်" စကားသံတို့သည် ဝေးသွားသည်။ မီးငယ်ကပြုံးလိုက်သည်။ သည်နေ့က တနင်္ဂနွေနေ့ဖြစ်၍ အိမ်တွင်လူစုံနေသည်။ မေမေက ဖွယ်ဖွယ်ရာရာချက်ကျွေးလိမ့်မည်။ တွေးရင်းတွေးရင်း မီးငယ်ပြန်အိပ်ပျော်သွားလေသည်။

(က) ----------------------------------------------------------------------

(ခ) ----------------------------------------------------------------------

(ဂ) ----------------------------------------------------------------------

(ဃ) ----------------------------------------------------------------------

(င) ----------------------------------------------------------------------

## စကားပြေ၊ ကဗျာမှ ဝေါဟာရများ

(က)
ကနုတ်ပန်း
ကပြား
ကူးတို့
ကေ
ကိုရင်
ကိစ္စ
ကတ်
ကန်ပေါင်
ကမ္ဗဋ္ဌာန်းကျောင်း
ကမ်းကုန်
ကိုယ်စား
ကိုယ်နေကိုယ်ထား
ကျောခိုင်း
ကျက်သရေ
ကျပ်ခိုး
ကျုံ့
ကြောင်ကျစ်
ကြိတ်မှိတ်
ကြွားဝါ

(ခ)
ခရိုင်ပန်း
ခလောက်
ခိုကိုးရာမဲ့
ချောက်ချား
ချူ
ချိန်ခွင်ရိုး
ခြေစုံပစ်ဝင်
ချွန်း

(ဂ)
ဂရုစိုက်
ဂီတ
ဂုဏ်မြောက်

(င)
ငယ်နု
ငြီးငွေ့

(စ)
စကားပုံ
စပယ်ရှယ်
စလွယ်သိုင်း
စာမူခ
စားဖိုသည်
စည်အောင်
စည်း
စန္ဒကူး
စပ်မိစပ်ရာ

(ဆ)
ဆီးနှင်း
ဆူဝေ
ဆူးရစ်
ဆေးခါးကြီး
ဆဲရေး
ဆင်ရာတိမ်
ဆည်းပူး
ဆန်မောင်းနင်းရေ
ဆန်းစစ်

(ဇ)
ဇဝေဇဝါ
ဇွတ်မှိတ်

(ည)
ညည်းညူ

(တ)
တရားခံ
တရားလို
တရားသဘင်
တူရိယာ
တိုးပွား
တစ်ကိုယ်တော်
တစ်ပြုံက်
တစ်ရှူး
တစ်သင်း
တစ်သက်လုံး

(ထ)
ထနောင်း
ထီးခရိုင်
ထီးရိုး
ထီးလက်တံ
ထောက်ခံ
ထွန်းသစ်စ

(ဒ)
ဒေဝဒတ်
ဒိုးပတ်

(န)
နမူနာပြ
နံ့နံ့
နောက်ထ
နည်းနာနိဿယ
နိဗ္ဗာန်ကူးတို့
နွားညီနောင်
နွဲ့နောင်း
နှဲ
နှမ်းဖတ်

(ပ)
ပဒုမ္မာကြာ
ပလ္လင်ဆေးမိုး
ပလွေ
ပူဆာ
ပဲမှော်
ပဲဝက်
ပတ္တမြား
ပတ်မကြီး
ပတ်လုံး
ပတ်ဝိုင်း
ပပ်ကြားအက်
ပျို့
ပျိုးထောင်

(ဖ)
ဖက်ဆွတ်ရေ
ဖွားဖက်တော်

(ဗ)
ဗောင်းစ
ဗုံ

(ဘ)
ဘုမသိဘမသိ

(မ)
မကြည်မသာ
မိကျောင်း
မောင်း
မောင်းကျောက်
မဏ္ဍိုင်
မိတ္တဗလ
မျို
မျက်စိမျက်နှာပျက်
မျက်နှာကြက်
မြုတေ
မြူး
မြေသင်းပျံ့ပျံ့
မြန်မာသက္ကရာဇ်
မြက်သားမွေး
မွေးချင်း

(ယ)
ယာ
ယာဂု
ယိုးစွပ်
ယဉ်ကျေးမှု

(ရ)
ရနံ့
ရေနန်းသူ
ရို့
ရင်းဖျား
ရန်ပုံငွေ
ရုန်းကန်
ရှာစား
ရွဲ
ရွှဲသာခြင်း
ရှေးဦးစွာ
ရွှေအိုးစည်

(လ)
လူအိုရုံ
လေပြည်
လေ့လာ
လက်မှုပညာ
လင်းဝက်
လောင်းရိပ်သာ
လှည်းယဉ်

(ဝ)
ဝါသနာ
ဝါး
ဝန်လေး

(သ)
သဘောယုတ်
သရက္ကူဝါး
သရုပ်ဖော်
သာမန်ကာလျှံကာ
သီကရီ
သုခမိန်
သတ္တဝါ
သန္နိဋ္ဌာန်ချ
သန်မိုးကြွင်း
သိပ္ပ
သျှိသျှား

(ဟ)
ဟာသဉာဏ်
ဟည်း

(အ)
အကဲခတ်
အခါလည်သား
အဆင်း

အနိစ္စ
အပြစ်တင်
အမှုမဲ့အမှတ်မဲ့
အရိုးထုတ်
အလင်္ကာကျော်စွာဘွဲ့
အဝိစိ
အသက်ရှူဖြောင့်သည်
အာနိသင်
အားလျှော့
အော်ဂလီဆန်
အောက်ဆီဂျင်
အောက်မေ့
အင်မတန်
အင်း
အုတ်အုတ်ကျက်ကျက်
အုတ်မြစ်ချ
အိမ်ကြီးရခိုင်

## မြန်မာသဒ္ဒါမှ ဝေါဟာရများ

(က)
ကိုင်
ကျောက်သင်ပုန်း
ကျောင်းသား
ကျောင်းသူ
ကျန်
ကြေကွဲစရာ
ကြည့်
ကျွန်တော်

(ခ)
ခဲ့
ချ
ချစ်ဖို့

(င)
ငါ
ငေး
ငိုင်

(စ)
စ
စာသင်ခန်း
စာဖတ်
စားစရာ
စားပွဲ
စည်ပင်

(ဆ)
ဆရာ
ဆရာမ
ဆေးကု
ဆို

(ည)
ညို

(တ)
တာဝန်ကျေ
တီး
တီးခတ်
တော့
တင်
တတ်
တမ်းတ

(ထ)
ထမင်းဟင်းချက်
ထား
ထိတို့
ထိုင်ခုံ
ထမ်း

(ဒ)
ဒါ

(န)
နေ
နေပြန်
နေ့ခင်း
နင်
နိုင်

(ပ)
ပါ
ပေး
ပေါင်းသင်
ပစ်
ပျော်ရွှင်မှု
ပြော
ပြုံး

(ဖ)
ဖူး
ဖြစ်

(ဗ)
ဗီရို

(ဘ)
ဘာ
ဘောဖျက်
ဘောလုံးကန်

(မ)
မိ
မီးချောင်း
မင်း
မင်းတို့
မြေပုံ
မြေဖြူ
မြင်ယောင်
မှန်ပြတင်းပေါက်

(ရ)
ရှိ
ရေလောင်း
ရက်

(လ)
လာ
လူသိ
လိုက်
လွမ်းဖွယ်

(ဝ)
ဝါသနာပါ
ဝံ့

(သ)
သနားစရာ
သူ
သက်

(ဟ)
ဟင်းခွက်ကမ်း
(မ)ဟုတ်

(အ)
အတွေး
အပင်စိုက်
အလင်းရောင်
အိမ်မှုကိစ္စနိုင်